# သစ်တောကြေးမုံ

၂၀၂၃ ခုနှစ်၊ ဇွန်လ



၂၀၂၃ ခုနှစ်၊ ဇွန်လ (၅) ရက်နေ့တွင် ကျရောက်သည့်
ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ( World Environment Day ) အား
ဂုဏ်ပြုအပ်ပါသည်။

# မာတိကာ

**မျက်နှာဖုံး**

✧ နတ်မတောင် (ဓါတ်ပုံ-စိုးလွင်သူ) — မျက်နှာဖုံး

**ဆောင်းကြီး**

✧ စိမ်းလန်းသာယာ ပြည်မြန်မာ — ၁

**သတင်းများကဏ္ဍ**

✧ သစ်တောသတင်းများ၊ တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများဖမ်းဆီးရမိခြင်းသတင်းများ — ၂-၆

**သစ်တောလုပ်ငန်းကဏ္ဍ**

✧ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ စိန်ရတုတိုင်တော့မှာလား - **ဦးစိန်သက်၊ ညွှန်ကြားရေးမှူး (ငြိမ်း)** — ၁၄-၁၆

✧ ဆင်းရဲနွမ်းပါးမှုလျော့ချရေးနှင့် သစ်တောထိန်းသိမ်းရေး **-မောင်ကြာလှ** — ၂၅-၂၇

✧ မြန်မာနိုင်ငံအမျိုးသားသစ်တောစာရင်းကောက်လုပ်ငန်း - **မြင့်ဆွေ (သစ်တောပညာ-၁၉၇၅)** — ၃၇-၄၁

**သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကဏ္ဍ**

✧ လေထုသန့်ရှင်းဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့ - **ဒေါက်တာ တင်အောင်ဝင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန** — ၇-၉၊၁၃

✧ သဘာဝဘေးအန္တရာယ်များ ဘာကြောင့်ပိုရှိများ လာရသလဲ - **ဝင်းချစ်(အမျိုးသားစာပေဆုရ)** — ၁၀-၁၃

✧ အဆင်သင့်ပဲလား - **မင်းဆွေ** — ၂၈-၂၉

**အခြားသောသိမှတ်ဖွယ်ရာဆက်စပ်ကဏ္ဍ**

✧ စာချုပ်ချုပ်ဆိုခြင်း အနုပညာ - **ဇော်မင်းထွင့် (၉၃)** — ၁၇-၂၀

✧ ယင်ဖြူ - **ဒေါက်တာသန့်ရှင်း၊ ဒေါ်အေးမီအောင်** — ၃၅-၃၆

✧ လေ့လာခဲ့ဖူးတဲ့ သင်ခန်းစာတစ်ခု- **မျိုးကြီး** — ၄၃-၄၇

**ရသကဏ္ဍ**

✧ ညှိသည် - **တင်စိုး** — ၃၀-၃၁၊၃၆

**ဘဝတစ်ကွေ့ကဏ္ဍ**

✧ အမှတ်တရ (၁၀) - **ကိုနွေဖြိုးဦး (မြောင်)** — ၂၁-၂၄

✧ အပူထဲက အပူ - **မောင်ချမ်းမြေ့ (သစ်တော)** — ၃၂

**ကဗျာ / ကာတွန်းကဏ္ဍ**

✧ လှမ်းလို့လာလေ ဟိုပန်မြေ - **စိုပြေ ကော့မှူး** — ၄၂

✧ ကာတွန်း - **အော်ပီကျယ်** — ၄၉

**အင်္ဂလိပ်ကဏ္ဍ**

✧ An Old Forester Looks Back. Fourteen- Introduction of Vetiver Grass Technology (VGT)in Myanmar - **U Sein Thet** — ၄၈-၄၉

**နောက်ကျောဖုံး**

✧ တမာပင်(တမာခါးပင်) - **ဦးဟုတ်လင်း** — နောက်ကျောဖုံး ၃၃-၃၄

**စာတည်းမှူးချုပ်နှင့် ထုတ်ဝေသူ**

ဦးလှဦး
ညွှန်ကြားရေးမှူး၊ တိုးချဲ့ပညာပေးရေးဌာန
ရုံးအမှတ်(၃၉)၊ သစ်တောဦးစီးဌာန၊
သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန
နေပြည်တော်
ထုတ်ဝေခွင့်အမှတ် - (မြ-၀၀၄၀၀)

**စာတည်း**

ဦးမောင်မောင်အေး -၃ -
လက်ထောက်ညွှန်ကြားရေးမှူး

**စာတည်းအဖွဲ့ဝင်များ**

ဦးအောင်ကျော်ဦး လက်ထောက်ညွှန်ကြားရေးမှူး
ဒေါ်မေစင်မြင့် ဦးစီးအရာရှိ (English Editor)
ဦးချမ်းမြေ့အောင်(၁) ဦးစီးအရာရှိ

**ပုံနှိပ်သူ**

ဦးရဲလွင်ဌေး(မြ-၀၁၁၅၅)
ပေါ်ပြူလာမိသားစုပုံနှိပ်တိုက်
(ပ-၁၈၃)၊ ပွဲရုံတန်း၊ မြို့မဈေး၊ ဇမ္ဗူသီရိမြို့နယ်၊
နေပြည်တော်

ဆက်သွယ်ရန် - ၀၆၇-၃၄၀၅၃၃၉၄
fdextension39@gmail.com

# စိမ်းလန်းသာယာ ပြည်မြန်မာ

ကမ္ဘာလောက ဖွံ့ဖြိုးလာမှုနှင့်အတူ လူသားအကျိုးပြု၊ လူတို့ အသုံးချဆောင်ရွက်မှုများသည် ကမ္ဘာကြီးအား ထိန်းညှိပေးထားသော ဂေဟာစနစ်ကို ပျက်စီးထိခိုက်မှုများရှိလာပါသည်။ သစ်ပင်သစ်တောများသည် စိမ်းလန်းစိုပြည်ရေး၊ ရာသီဥတုသာယာမျှတရေးအတွက်သာမက လူသားအပါအဝင် ဇီဝမျိုးစုံမျိုးကွဲများအတွက် အစားအစာ၊ အလုပ်အကိုင် အခွင့်အလမ်းနှင့် မှီခိုရာ နေရာဖြစ်ပါသည်။

သစ်တောသစ်ပင်များမရှိပါက မိမိတို့နေထိုင်ရာ ကမ္ဘာမြေကြီးမှာ စကြဝဠာကြီးအတွင်းရှိ အခြားဂြိုဟ်များကဲ့သို့ပင် သက်ရှိဇီဝတို့ ဆိတ်သုဉ်းလျက်ခြောက်ချားဖွယ်အတိဖြစ်နေမည်ဖြစ်ပါသည်။ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့်စိုက်ပျိုးရေးအဖွဲ့၏ ၂၀၂၀ ပြည့်နှစ် သစ်တောသယံဇာတ ဆန်းစစ်လေ့လာခြင်း အစီရင်ခံစာအရ မြန်မာနိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုသည် နိုင်ငံဧရိယာ၏ (၄၂.၁၉% )ရှိသည်ဟု ဖော်ပြထားပါသည်။

သစ်တောပြုန်းတီးမှုသည် မြန်မာတစ်နိုင်ငံတည်း ဖြစ်နေခြင်း မဟုတ်ပေ။ မြန်မာနိုင်ငံအပါအဝင် ဖွံ့ဖြိုးဆဲနိုင်ငံအများစုတွင် ကြုံတွေ့နေရသည်။ သစ်တောပြုန်းတီးမှုဖြစ်စဉ်များကိုလေ့လာကြည့်လျှင် သစ်တောများကို စည်းမဲ့ကမ်းမဲ့ အလွန်အကျွံ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရွှေ့ပြောင်းတောင်ယာများစိုက်ပျိုးခြင်း၊ ထင်းနှင့်မီးသွေးလောင်စာများ အလွန်အကျွံထုတ်လုပ်ခြင်း၊ တောမီးလောင်ကျွမ်းခြင်း၊ မြို့ပြနှင့် ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ စိုက်ပျိုးမြေများနှင့်စက်မှုဖွံ့ဖြိုးရေးလုပ်ငန်းများ ပိုမိုတိုးချဲ့ ဆောင်ရွက်လာခြင်းတို့ကြောင့် သစ်တောမြေများမှ အခြားမြေအသုံးချမှုကို ပြောင်းလဲခြင်းဖြစ်ပေါ်စေပြီး သဘာဝသစ်တောဂေဟာစနစ်များ တစ်နေ့ထက်တစ်နေ့ ပျက်စီးယိုယွင်းလာနေသည်ကို တွေ့ရမည်ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် သစ်တောများ ပြန်လည်ဖွံ့ဖြိုးလာရေးနှင့် ပတ်သက်၍ အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆောင်ရွက်နိုင်ရန်အတွက် 'နိုင်ငံတော်နှင့်အတူ မျိုးဆက်သစ် လူငယ်များအပါအဝင် တိုင်းရင်းသားပြည်သူများ ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများက ပူးပေါင်းပါဝင် ဆောင်ရွက်ကြခြင်းဖြင့် စိမ်းလန်းသာယာသည့် နိုင်ငံတော်အဖြစ် ကမ္ဘာ့အလယ်တွင် ထာဝရဂုဏ်ယူနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြဖို့ ထပ်မံတိုက်တွန်းပါကြောင်း' နိုင်ငံတော်အကြီးအကဲက ပြည်ထောင်စုနယ်မြေ နေပြည်တော် ၂၀၂၂ ခုနှစ် မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲတွင် ပြောကြားခဲ့ပါသည်။

မြန်မာနိုင်ငံ၌ နှစ်စဉ်မိုးရာသီတွင် သစ်ပင်စိုက်ပျိုးပွဲများကို တစ်နိုင်ငံလုံးကျင်းပဆောင်ရွက်လျက်ရှိပါသည်။ မိုးရာသီတွင် မိုးရေကြောင့် မြေသားစိုစွတ်ပျော့ပျောင်းကာ သစ်ပင်စိုက်ပျိုးရန် လွယ်ကူသင့်တော်သည့်အားလျော်စွာ သန်းနှင့်ချီသောသစ်ပင်များကို စိုက်ပျိုးခဲ့ကြပြီး ရှင်သန်နိုင်အောင် ပြုစုပျိုးထောင်မှုများပြုလုပ်ခဲ့ကြပါသည်။ အထူးသဖြင့် မိုးနည်းရပ်ဝန်းဒေသများတွင် သစ်ပင်တစ်ပင်ရှင်သန်နိုင်ရန် လွန်စွာခက်ခဲခြင်းကြောင့် စိုက်ပျိုးရေးလုပ်ငန်းများနှင့် ပြုစုပျိုးထောင်ခြင်းလုပ်ငန်းများကို ပိုမိုအလေးထား ဆောင်ရွက်ကြရပါသည်။

ရာသီဥတုကောင်းမွန်မျှတရေးနှင့် ဂေဟာစနစ်ကောင်းမွန်ရေးကို အထောက်အကူပြုနိုင်ရန်အတွက် နိုင်ငံတော်အနေဖြင့် ၂၀၂၂ ခုနှစ်အတွင်း မိုးရာသီသစ်ပင်စိုက်ပျိုးပွဲများကို မိုးကြိုကာလ၊ မိုးဦးကာလများမှ မိုးလယ်ကာလအထိ စိုက်ပျိုးဆောင်ရွက်ခဲ့ရှိပါသည်။ သစ်ပင်စိုက်ပျိုးနိုင်ရန်အတွက် သစ်တောဦးစီးဌာနမှ ပျိုးပင်များပျိုးထောင်ထားရှိပြီး ပြည်သူများသို့ အခမဲ့ဖြန့်ဝေပေးနိုင်ရန် စီစဉ်ပေးလျက် ရှိပါသည်။ သို့ဖြစ်ရာ ၂၀၂၃ ခုနှစ် မိုးရာသီတွင်လည်း သစ်တောသယံဇာတများ ရေရှည်တည်တံ့စေရေး၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေးတို့အတွက် စိမ်းလန်းသာယာ ပြည်မြန်မာဖြစ်လာစေရန် သစ်ပင်စိုက်ပျိုးရေးကို ပြည်သူတစ်ရပ်လုံး ပူးပေါင်းလျက် ဝိုင်းဝန်း ကြိုးပမ်းကြပါစို့ဟု တိုက်တွန်းရေးသားလိုက်ရပါသည်။

**သစ်တောမူဝါဒ (၆)ချက်**

**(၁) ကာကွယ်ခြင်း**

**ရေ၊ မြေ၊ တောရိုင်းတိရစ္ဆာန်၊ ဇီဝမျိုးစုံနှင့် သဘာဝပတ်ဝန်းကျင်ကို ကာကွယ်ရမည်။**

**(၂) ထာဝစဉ်တည်တံ့စေခြင်း**

**လက်ရှိပြည်သူလူထုနှင့် နောင်လာနောက်သားများပါ သစ်တောများမှရရှိနိုင်သည့် တိုက်ရိုက်နှင့်သွယ်ဝိုက်သော အကျိုးများကို စဉ်ဆက်မပြတ် ခံစားနိုင်ကြစေရန် သစ်တောသယံဇာတအရင်းအမြစ်များကို ထာဝစဉ် တည်တံ့နေစေရေးအတွက် ထိန်းသိမ်းရမည်။**

**(၃) အခြေခံစားဝတ်နေရေးလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်း**

**ပြည်သူလူထု၏ လောင်စာ၊ နေအိမ်အဆောက်အအုံ၊ အစားအစာနှင့် အပန်းဖြေနားနေမှုအစရှိသည့် အခြေခံစားဝတ်နေရေး လိုအပ်ချက်များကို ဖြည့်ဆည်းပေးရမည်။**

**(၄) စွမ်းဆောင်ရည်တိုးတက်မြင့်မားစေခြင်း**

**သစ်တောသယံဇာတများမှ ရရှိနိုင်သည့် စီးပွားရေး အကျိုးအမြတ်တို့အား လူမှုရေးနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာတို့ကို မထိခိုက်စေဘဲ အပြည့်အဝအသုံးချနိုင်ရန် စီမံရမည်။**

**(၅) ပြည်သူတို့က ပူးပေါင်းပါဝင်ဆောင်ရွက်လာစေခြင်း**

**သစ်တောများပြုစုထိန်းသိမ်းရေးနှင့် သစ်တောသယံဇာတများအသုံးချရေးဆိုင်ရာလုပ်ငန်းတို့တွင် ပြည်သူတို့က ပူးပေါင်းပါဝင်လာကြစေရန် ဆောင်ရွက်သွားရမည်။**

**(၆) ပြည်သူအတွင်း နိုးကြားထကြွသည့် အသိရှင်သန်နေစေခြင်း**

**နိုင်ငံတော်၏ လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရာတွင် သစ်တောများ၏ အဓိကအခန်းမှ ပါဝင်နေကြောင်းကို ပြည်သူတို့အတွင်း နိုးကြားသည့် အသိ ရှင်သန်နေစေရန် စည်းရုံးလှုံ့ဆော်သွားရမည်။**

သတင်းကဏ္ဍ

## နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်း သယံဇာတ စီမံအုပ်ချုပ်လုပ်ကိုင်မှု လုပ်ငန်းကော်မတီ (တတိယအကြိမ်) အစည်းအဝေး ကျင်းပခြင်း



နိုင်ငံအဆင့် ပင်လယ်ကမ်းရိုးတန်းသယံဇာတစီမံအုပ်ချုပ်လုပ်ကိုင်မှုလုပ်ငန်းကော်မတီ၏ တတိယအကြိမ်အစည်းအဝေးကို (၄-၅-၂၀၂၃)ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန၊ အင်ကြင်းခန်းမ၌ ကျင်းပရာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ၊ ဒုတိယဥက္ကဋ္ဌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်နှင့်လုပ်ငန်းကော်မတီဝင်များ တက်ရောက်ကြပြီး သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ် သယံဇာတရေးရာဝန်ကြီးများက Virtual စနစ်ဖြင့်တက်ရောက်ကြသည်။

ရှေးဦးစွာ လုပ်ငန်းကော်မတီဥက္ကဋ္ဌ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီးက မြန်မာနိုင်ငံကမ်းရိုးတန်းသည် ကီလိုမီတာ ၂၈၀၀ ကျော်ရှည်လျားပြီး ဘင်္ဂလားပင်လယ်အော်ဒေသဂေဟာစနစ်တစ်ခုလုံး၏ ၅ ပုံ ၁ ပုံကို ပိုင်ဆိုင်ထား၍ ကမ်းရိုးတန်းနှင့် အဏ္ဏဝါဂေဟာစနစ်များစုံလင်ကာ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ဆောင်မှုအမျိုးမျိုး ထောက်ပံ့ပေးနိုင်သည့်အပြင် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အလုပ်အကိုင်အခွင့်အလမ်းများစွာရှိကြောင်း၊ စိန်ခေါ်မှုတစ်ရပ်အနေဖြင့် အဏ္ဏဝါဇီဝမျိုးစုံမျိုးကွဲများနှင့် ဂေဟာစနစ်များ၊ ရေထွက်သယံဇာတများ ပျက်စီးဆုံးရှုံးမှုများ ကြုံတွေ့နေရသည့်အပေါ် ထိထိရောက်ရောက် ဖြေရှင်းဆောင်ရွက်သွားကြရမှာ ဖြစ်ကြောင်း၊

ပင်လယ်ကမ်းရိုးတန်းသယံဇာတနှင့် အဏ္ဏဝါဂေဟာစနစ်များအား စနစ်တကျထိန်းသိမ်းပြီး သားစဉ်မြေးဆက်ရေရှည်အသုံးပြုနိုင်ရေးအတွက် ပင်လယ်ကမ်းရိုးတန်းဒေသများတွင် ဒီရေတောပင်နှင့်အရိပ်ရပင်များတိုးမြှင့်စိုက်ပျိုးရေး၊ ဒီရေတောများထိန်းသိမ်းကာကွယ်ရေး၊ ပြည်သူများသို့ အသိပညာပေးရေး၊ ရေအောက်သဘာဝရှုခင်းများနှင့် ရေနေသတ္တဝါများထိန်းသိမ်းရန် အရေးကြီးသော Hot Spot နေရာများသတ်မှတ်ရေးတို့အား အရှိန်အဟုန်ဖြင့်ဆောင်ရွက်ကြရမှာဖြစ်ကြောင်း၊

အပြာရောင်စီးပွားရေး-Blue Economy သည် စီးပွားရေးဖွံ့ဖြိုးမှုအတွက်သာမက ပင်လယ်ကမ်းရိုးတန်းသယံဇာတများ ရေရှည်တည်တံ့ရေး၊ ပင်လယ်သမုဒ္ဒရာဂေဟာစနစ်တည်ငြိမ်ရေး၊ ပြည်သူများ၏ လူမှုစီးပွားဘဝတိုးတက်စေရေးအတွက် ဦးတည်ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ မြန်မာနိုင်ငံ၏ အပြာရောင်စီးပွားရေးဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများဖော်ထုတ်နိုင်ရေးအတွက် အခြေခံကျသော နိုင်ငံအဆင့်ပင်လယ်ကမ်းရိုးတန်းသယံဇာတဘက်စုံစီမံအုပ်ချုပ်ရေးအစီအစဉ်ကို ရေးဆွဲအကောင်ထည်ဖော်လျက်ရှိကြောင်းနှင့် ဟန်ချက်ညီသောဖွံ့ဖြိုးတိုးတက်မှုရရှိရေးအတွက် ဆက်စပ်ဌာနများက ညှိနှိုင်းပေါင်းစပ်ဆောင်ရွက်ကြရန် မှာကြားသည်။

ဆက်လက်၍ ကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက Blue Economy ဖွံ့ဖြိုးရေးဆိုင်ရာမူဝါဒများကို ကဏ္ဍအလိုက်ဖော်ထုတ်ချမှတ်နိုင်ရေး၊ ကမ်းရိုးတန်း သယံဇာတကို မထိခိုက်သော စီးပွားရေးလုပ်ငန်းများကို ဆောင်ရွက်ရေး၊ သတင်းအချက်အလက်စီမံခန့်ခွဲမှုစနစ်နှင့်သုတေသနစင်တာများ ထူထောင်ရေး၊ Marine Ecotourism ဖွံ့ဖြိုးရေးအတွက်ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊

ငါးမဖမ်းရ နယ်မြေများသတ်မှတ်ဆောင်ရွက်ရေး၊ တရားမဝင် ငါးဖမ်းဆီးမှုများ ကာကွယ်ရေး၊ သဘာဝမှရရှိသော သယံဇာတများကို မှီခိုထုတ်လုပ်မှု လျော့နည်းစေရန်အတွက် ငါးမွေးမြူရေးလုပ်ငန်းတိုးတက်လာစေရေး၊ ပင်လယ်လိပ်များ ထိန်းသိမ်းကာကွယ်ရေး၊ စီးပွားရေးဖွံ့ဖြိုးမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုကို ဟန်ချက်ညီညီဖြစ်စေရေးအတွက် သက်ဆိုင်ရာလုပ်ငန်းကော်မတီဝင်များနှင့် ဆက်စပ်အဖွဲ့အစည်းများ ပူးပေါင်းဆောင်ရွက်သွားရန် မှာ ကြားသည်။

ထို့နောက် လုပ်ငန်းကော်မတီအတွင်းရေးမှူးက ကော်မတီ၏လုပ်ငန်းတာဝန်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများအား ရှင်းလင်းတင်ပြပြီး ကော်မတီဝင်များက သက်ဆိုင်ရာကဏ္ဍအလိုက် ဆောင်ရွက်နေမှုများ၊ တွေ့ကြုံရသည့် အခက်အခဲများ၊ ရှေ့ဆက်ဆောင်ရွက်မည့် အစီအမံများကို ဆွေးနွေးပြီး ဆုံးဖြတ်ချက်များချမှတ်ခဲ့ကြောင်း သိရသည်။

## ပြည်ထောင်စုဝန်ကြီး ရှမ်းပြည်နယ်ခရီးစဉ်



သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် ၇-၅-၂၀၂၃ ရက်နေ့ နံနက်ပိုင်းတွင် မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာခရိုင်၊ သာစည်မြို့နယ် ကူပြင်ကြိုးဝိုင်း၊ အကွက်အမှတ်(၁၃)ရှိ ၁/၂၀၂၂ စီးပွားရေးကျွန်းစိုက်ခင်း ဧက ၁၁၀ ရှင်သန်အောင်မြင်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးပြီး ကျွန်းစိုက်ခင်းများတည်ထောင်ရန်အတွက် ကျွန်းမျိုးကောင်း မျိုးသန့်အစေ့များ ကြိုတင်စုဆောင်းရန်နှင့် စိုက်ခင်းတည်ထောင်ခြင်းကို SOP အတိုင်း တိတိကျကျ လိုက်နာဆောင်ရွက်သွားရန်မှာကြားသည်။

ဆက်လက်၍ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးခရိုင်၊ ကလောမြို့နယ်ရှိ အင်းပြင်ပျိုးဥယျာဉ်သို့ ရောက်ရှိရာ ရှင်းလင်းဆောင်တွင် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုအခြေအနေများအား ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက ကလောမြို့အား ထင်းရှူးမြို့တော်ဖြစ်စေရေးအမြင့် ၂ ပေ အထက် ထင်းရှူးပျိုးပင်များ စိုက်ပျိုးခြင်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရန်နှင့် ပျိုးဥယျာဉ်များတွင် ပျိုးပင်များ ကြိုတင်ပျိုးထောင်ထားရန်၊ တစ်ပင်စိုက် တစ်ပင်ရှင်စေရေး ကြိုးပမ်းဆောင်ရွက်ရန်၊ အင်းလေးကန်စိမ်းလန်းစိုပြည်ရေးအတွက် အင်းလေးကန် ရေဝေရေလဲဒေသရှိ သစ်တောများအား ထိန်းသိမ်းကာကွယ်ရန်နှင့် ရေဝေရေလဲသစ်တောစိုက်ခင်းများ တိုးချဲ့တည်ထောင်သွားရန်၊ ဇီဝမျိုးစုံမျိုးကွဲများအား ထိန်းသိမ်းစောင့်ရှောက်ရန်၊ တောင်ကြီးမြို့ ရေရရှိရေးအတွက် အရေးပါသော ထီသိမ်ကန်ရေထွက်နှင့် ရေဝေရေလဲဧရိယာများကို ထိန်းသိမ်းရန်၊ တရားမဝင်သစ်ဖမ်းဆီးရေးစီမံချက်များရေးဆွဲ၍ အထူးအလေးထား ဆောင်ရွက်ရန်၊ ပင်းတယ-ဘော်ဆိုင်းကားလမ်းဘေး ဝဲယာ တစ်အုပ်တစ်မစိုက်ပျိုးထားသော ထင်းရှူးပင်များအား ထိန်းသိမ်းစောင့်ရှောက်ရန် မှာကြားပြီး ပျိုးဥယျာဉ်အတွင်း ယခုနှစ်တွင် စိုက်ပျိုးမည့် ပျိုးပင် ၅၈၀၀၀ ပျိုးထောင်ထားရှိမှုနှင့် ၂၀၂၄ မိုးရာသီတွင် စိုက်ပျိုးရန်အတွက် ထင်းရှူးပျိုးပင် ၂၀၂၀၀ ကြိုတင်ပျိုးထောင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကလောမြို့နယ်၊ အောင်ပန်းကြိုးဝိုင်း၊ အကွက်အမှတ် (၁၃) ရှိ ၂၀၂၂ ခုနှစ် ကွက်လပ်ဖြည့်ထင်းရှူးစိုက်ခင်း ၂၂ ဧကစိုက်ပျိုးထားမှုနှင့် ပြည်ထောင်စုလမ်းမကြီး လမ်းဘေးဝဲယာ ၂၀၂၂ ခုနှစ် တစ်အုပ်တစ်မ ထင်းရှူးပင် ၁၃၀၀ စိုက်ပျိုးထားရှိမှု၊ သီခေါင်တောင်ကြိုးပြင်ကာကွယ်တောအတွင်း ၂၀၂၂ ခုနှစ် ကွက်လပ်ဖြည့် ထင်းရှူးစိုက်ခင်း ၁၃ ဧက စိုက်ပျိုးထားရှိမှုနှင့် ယခုနှစ်မိုးရာသီတွင် စိုက်ပျိုးမည့် ကွက်လပ်ဖြည့်ထင်းရှူး ၂၅ ဧက၊ တစ်အုပ်တစ်မထင်းရှူး ၅ ဧက စိုက်ပျိုးခြင်းတို့အတွက် လုပ်ငန်းဆောင်ရွက်နေမှု၊ ကလောမြို့နယ် ဟဲဟိုးပျိုးဥယျာဉ်အတွင်း ယခုနှစ် မိုးရာသီတွင် စိုက်ပျိုးမည့် ပျိုးပင် ၄၅၀၀၀ ပျိုးထောင်ထားရှိမှုနှင့် ၂၀၂၄ မိုးရာသီတွင် စိုက်ပျိုးရန် ပျိုးပင် ၁၃၆၀၀ ပင် ကြိုတင် ပျိုးထောင်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ဟဲဟို-ဘော်ဆိုင်းကားလမ်းတစ်လျှောက် လမ်းဘေးဝဲယာစိမ်းလန်းစိုပြည်စေရေးအတွက် ၃ ပင်တန်း၊ ၁ ပင်တန်း ထင်းရှူးပင် ၃၂၀၀၀ စိုက်ပျိုးထားမှုနှင့် လမ်းဘေးဝဲယာတောင်ကုန်းများ မြေဆီလွှာတိုက်စားမှု ကာကွယ်ရေးအတွက် တစ်အုပ်တစ်မ ထင်းရှူးပင် ၂၁၆၀၀ စိုက်ပျိုးထားမှုကို ကြည့်ရှုစစ်ဆေးပြီး အပင်များအား ထိန်းသိမ်းစောင့်ရှောက်ရေးမှာကြားသည်။

ထို့နောက် တောင်ကြီးမြို့နယ်၊ တောင်လေးလုံးပျိုးဥယျာဉ်အတွင်း အင်းလေးကန် ရေဝေရေလဲထိန်းသိမ်းရေးစိုက်ခင်းနှင့်လူထုဖြန့်ဝေခြင်းအတွက် ပျိုးပင် ၅၇၀၀၀ပျိုးထောင်ထားမှု၊ အေးသာယာပျိုးဥယျာဉ်အတွင်း တောင်ကြီး



မြို့ထီသိမ်ကန်ရေထွက် စိမ်းလန်းစိုပြည်ရေးနှင့်ထီသိမ်ကန် ရေဝေရေလဲထိန်းသိမ်းရေးအတွက် ထင်းရှူးပျိုးပင် ၁၀၀၀၀၀နှင့် အထူးပျိုးပင် ၄၀၀၀၀ ပျိုးထောင်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီးလိုအပ်သည်များ မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးသည် ၈-၅-၂၀၂၃ ရက် နေ့နံနက်ပိုင်းတွင် ရှမ်းပြည်နယ်တောင်ပိုင်း၊ ဖော်ကို ကြိုးဝိုင်းအတွင်းရှိ ၁/၂၀၂၁ စီးပွားရေးကျွန်းစိုက်ခင်းဧက ၅၀ အောင်မြင်ဖြစ်ထွန်းနေမှုနှင့် ထိန်းသိမ်းစောင့်ရှောက်ထားမှု၊ ၁/၂၀၂၂ စီးပွားရေးကျွန်းစိုက်ခင်း ဧက ၅၀ စိုက်ပျိုးထားမှုနှင့်ရှင်သန်မှု၊ ယခုနှစ် မိုးရာသီတွင် တည်ထောင်စိုက်ပျိုးမည့်စီးပွားရေးကျွန်းစိုက်ခင်း ၇၅ ဧက မြေပြင်ခြင်းနှင့် ပျိုးထောင်ဆောင်ရွက်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သစ်တောစိုက်ခင်းများတိုးမြှင့်တည်ထောင်ရေး၊ တည်ထောင်ပြီး စိုက်ခင်းများ ရေရှည်တည်တံ့အောင်ထိန်းသိမ်းရေး၊ သဘာဝတောများကာကွယ်ရေးနှင့် ကြိုးဝိုင်း/ကြိုးပြင် ကာကွယ်တောများ တိုးချဲ့ဖွဲ့စည်းရေးတို့ကို အရှိန်အဟုန်မြှင့် ဆောင်ရွက်သွားရန် မှာကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ဖော်ကို ကြိုးဝိုင်းအတွင်း ၂၀၂၂ မိုးရာသီတွင် ဆောင်ရွက်ခဲ့သော စီးပွားရေးကျွန်းစိုက်ခင်းဟောင်း ၈၂ ဧက ပြန်လည်ပြုစုထိန်းသိမ်းခြင်းလုပ်ငန်းကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရပ်စောက်မြို့နယ်၊ မြို့မပျိုးဥယျာဉ်အတွင်း လူထုဖြန့်ဝေစိုက်ပျိုးခြင်းအတွက် ပျိုးပင် ၇၈၀၀၀ ပင်ပျိုးထောင်ထားရှိမှုနှင့် ထီးခမ်းပျိုးဥယျာဉ်အတွင်း ရေဝေရေလဲစိုက်ခင်း၊ လမ်းဘေးဝဲယာတစ်အုပ်တစ်မနှင့် ကွက်လပ်ဖြည့်စိုက်ပျိုးခြင်းအတွက် ပျိုးပင် ၄၀၀၀၀ ပျိုးထောင်ထားရှိမှု၊ ရပ်စောက်မြို့နယ်၊ ပင်ဖြစ်ကြိုးဝိုင်းအတွင်းရှိ ၂/၂၀၂၂ ရေဝေရေလဲစိုက်ခင်း ဧက ၅၀ စိုက်ပျိုးထားရှိမှု၊ စိုက်ခင်းအတွင်း ရေတိုက်စားမှုကာကွယ်ခြင်းနှင့် မြေဆီလွှာထိန်းသိမ်းခြင်းဆောင်ရွက်ထားမှု၊ ယခုနှစ် မိုးရာသီတွင် စိုက်ပျိုးမည့် ၂/၂၀၂၃ ရေဝေရေလဲစိုက်ခင်း ဧက ၅၀ ပန္နက်ရိုက်၊ ကျင်းတူး၊ မြေဖို့မြေပြင်ခြင်း လုပ်ငန်းများကို ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့နယ်၊ တောင်ကြီးထင်းကြိုးဝိုင်း၊ အကွက်အမှတ် ၄၊ ၅ အတွင်း ယခုနှစ်မိုးကြိုကာလတွင် စိုက်ပျိုးမည့်၁/၂၀၂၃ ရေဝေရေလဲ ထင်းရှူးစိုက်ခင်း ဧက ၁၀၀ ၏ လုပ်ငန်းဆောင်ရွက်ပြီးစီးမှု၊ ရေတိုက်စားမှုနှင့်မြေဆီလွှာတိုက်စားမှုမရှိစေရေး ကွန်တိုအလိုက်မြေဆီလွှာထိန်းသိမ်းရေး ဆောင်ရွက်ထားရှိမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တောင်ကြီးမြို့နှင့် ပတ်ဝန်းကျင်စိမ်းလန်းသာယာစေရေး ထင်းရှူးစိုက်ခင်းများတိုးချဲ့တည်ထောင်ရေး၊ သဘာဝထင်းရှူးတောနှင့် ထင်းရှူးစိုက်ခင်းဟောင်းများအား ထိန်းသိမ်းကာကွယ်ရေး မှာကြားသည်။

ဆက်လက်၍ ထီသိမ်ကန် စိမ်းလန်းစိုပြည်ရေးနှင့် ရေဝေရေလဲထိန်းသိမ်းရန် ၂၀၂၂ မိုးရာသီ ကွက်လပ်ဖြည့် ထင်းရှူးစိုက်ပျိုးခြင်း အပင် ၁၀၀၀၀ စိုက်ပျိုးထားမှုနှင့် ရှင်သန်အောင်မြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ညောင်ရွှေမြို့နယ်၊ ခေါင်တိုင်ပျိုးဥယျာဉ်အတွင်း ယခုနှစ် မိုးရာသီတွင် စိုက်ပျိုးရန်နှင့် ၂၀၂၄ မိုးရာသီတွင် စိုက်ပျိုးရန် ကြိုတင်ပျိုးထားသော ပျိုးပင် ၁၃၀၀၀၀ ကျော် ပျိုးထောင်ထားရှိမှုအား ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရှိရသည်။

## မြန်မာနိုင်ငံ မဲခေါင်မြစ်ဝှမ်းဒေသအတွင်း အဆိပ်အတောက်ဖြစ်စေသော ညစ်ညမ်းဓာတုပစ္စည်းများ ပါဝင်မှုအား ဆန်းစစ်လေ့လာခြင်း စီမံကိန်းနှင့် ရေအသုံးချခြင်းဆိုင်ရာ လုံခြုံမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှု အသိပညာပေးခြင်းစီမံကိန်းတို့၏ စီမံကိန်းလုပ်ငန်းများ ကြီးကြပ်မှုကော်မတီ အစည်းအဝေး ကျင်းပခြင်း



တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ မဲခေါင်-လန်ချန်းပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၀) နှင့် (၂၀၂၁) အစီအစဉ်ဖြင့်ဆောင်ရွက်လျက်ရှိသည့် 'မြန်မာနိုင်ငံမဲခေါင်မြစ်ဝှမ်းဒေသအတွင်း အဆိပ်အတောက်ဖြစ်စေသော ညစ်ညမ်းဓာတုပစ္စည်းများပါဝင်မှုအား ဆန်းစစ်လေ့လာခြင်း(MLC Toxic Project) စီမံကိန်း' နှင့်

'ရေအသုံးချခြင်းဆိုင်ရာလုံခြုံမှုနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းမှုအသိပညာပေးခြင်း (MLC-Education Project) စီမံကိန်းတို့၏ စီမံကိန်းလုပ်ငန်းများ ကြီးကြပ်မှုကော်မတီ အစည်းအဝေး (Project Steering Comittee – PSC)' ကို (၁၀-၅-၂၀၂၃)ရက်နေ့ (၁၃း၃၀) နာရီတွင် သစ်တောဦးစီးဌာန၊ အင်ကြင်းခန်းမ၊ နေပြည်တော်၌ ကျင်းပသည်။

အစည်းအဝေးသို့ PSC ဥက္ကဋ္ဌ သစ်တောဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်နှင့်အဖွဲ့ဝင်များဖြစ်သော ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦး (မူဝါဒနှင့်စီမံကိန်း)၊ စီမံကိန်းနှင့် စာရင်းအင်းဌာန၊ ရေဝေရေလဲဒေသ စီမံအုပ်ချုပ်ရေးဌာန၊ ဘဏ္ဍာရေးဌာနတို့မှ ညွှန်ကြားရေးမှူးများ၊ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဒေသခွဲဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုဌာန၊ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှုညှိနှိုင်းကွပ်ကဲရေးအဖွဲ့(မြန်မာ) မှလက်ထောက်ညွှန်ကြားရေးမှူး ဒေါ်နော်ဥမ္မာခိုင်နှင့် စီမံကိန်းတာဝန်ခံတို့ တက်ရောက်ကြပြီး၊ ရှမ်းပြည်နယ် သစ်တောဦးစီးဌာနမှ ညွှန်ကြားရေးမှူးနှင့် တာချီလိတ်ခရိုင် သစ်တောဦးစီးဌာနမှ ဒုတိယ ညွှန်ကြားရေးမှူးတို့က Video Conferencing စနစ်ဖြင့် တက်ရောက်ဆွေးနွေးကြသည်။

ရှေးဦးစွာ ညွှန်ကြားရေးမှူးချုပ် ဦးဌေးအောင်က MLC-Toxic နဲ့ MLC-Education စီမံကိန်းတို့ဟာ သစ်တောဦးစီးဌာနအနေနဲ့ မြန်မာနိုင်ငံ မဲခေါင်မြစ်ဝှမ်းအတွင်းမှာရှိတဲ့ မဲခေါင်မြစ်နဲ့ မဲခေါင်မြစ်အတွင်း ဝင်ရောက်တဲ့ မြစ်လက်တက်ချောင်းများနဲ့ ဒေသခံများ သုံးစွဲနေတဲ့ ရေအရင်းအမြစ်များရဲ့ ရေအရည်အသွေးဆန်းစစ်ခြင်း၊ ရေလုံခြုံမှုဆိုင်ရာ အသိပညာပေးတဲ့လုပ်ငန်းများကို ဆောင်ရွက်တဲ့ ပထမဦးဆုံးသောစီမံကိန်းအမျိုးအစားဖြစ်ကြောင်း၊ MLC-Toxic စီမံကိန်းဟာ မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၀ ခုနှစ်) ဖြင့် ဝန်ကြီးဌာန (၁၀) ခုမှ အကောင်အထည်ဖော် ဆောင်ရွက်ခွင့်ရရှိသော စီမံကိန်း (၂၂)ခုအနက်မှ (၁) ခု ဖြစ်ပြီး ၂၀၂၁ ခုနှစ် ဧပြီလမှ ၂၀၂၃ ခုနှစ် စက်တင်ဘာလအထိ ရန်ပုံငွေ ၄၆၀,၈၀၀ USD ဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊ MLC-Education စီမံကိန်းသည် မဲခေါင်-လန်ချန်း ပူးပေါင်းဆောင်ရွက်မှု အထူးရန်ပုံငွေ (၂၀၂၂ ခုနှစ်) ဖြင့် ဝန်ကြီးဌာန (၉) ခုမှ အကောင်အထည်ဖော်ဆောင်ရွက်ခွင့်ရရှိသော စီမံကိန်း (၂၀) ခုအနက်မှ (၁) ခု ဖြစ်ပြီး၊ ၂၀၂၂ ခုနှစ် နိုဝင်ဘာလ မှ ၂၀၂၄ ခုနှစ် အောက်တိုဘာလအထိ ရန်ပုံငွေ ၃၁၁,၂၀၀ USD ဖြင့်အကောင်အထည်ဖော်ဆောင်ရွက်သွားမှာဖြစ်ကြောင်း၊

ယခု အစည်းအဝေးတွင် စီမံကိန်းတာဝန်ခံများအနေနဲ့ စီမံကိန်းလုပ်ငန်းဆောင်ရွက်မည့်အစီအစဉ်များကို တင်ပြကြသလို စီမံကိန်းမှာ တွေ့ကြုံရသည့်အခက်အခဲ၊ အတားအဆီး၊ စိန်ခေါ်မှုတွေကို ဆွေးနွေးတင်ပြကြဖို့လည်း အရေးကြီးကြောင်း၊ အဲဒီလို အခက်အခဲ၊ အတားအဆီး၊ စိန်ခေါ်မှုတွေကို ဆွေးနွေးတင်ပြမှသာ စီမံကိန်းကြီးကြပ်တဲ့ PSC အဖွဲ့ဝင်ရဲ့တာဝန်ရှိသူတွေက စီမံကိန်းတာဝန်ခံတွေအတွက် အကြံပြုချက်၊ ဖြေရှင်းချက်တွေကို ထိထိရောက်ရောက် လမ်းညွှန်မှာကြားပေးနိုင်မှာဖြစ်ကြောင်း၊ ဒါ့ကြောင့် ယနေ့ အစည်းအဝေးမှာ တက်ရောက်လာကြတဲ့ PSC အဖွဲ့ဝင်များကိုလည်း စီမံကိန်းမျှော်မှန်းချက်များ ပြည့်စုံအောင်မြင်နိုင်ရေးအတွက် ရင်းနှီးပွင့်လင်းစွာ အကြံပြုဆွေးနွေးပေးရန် လိုအပ်ကြောင်း အဖွင့်အမှာစကားပြောကြားသည်။

သစ်တောဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာသောင်းနိုင်ဦး(မူဝါဒနှင့် စီမံကိန်း) မှ စီမံကိန်း၏ ရည်မှန်းထားတဲ့လုပ်ငန်းတွေကို ဘဏ္ဍာနှစ်အတွင်း ပြီးစီးအောင် ဆောင်ရွက်ရန်၊ လျာထားတဲ့ ဘဏ္ဍာငွေကြေးကို ငွေစာရင်းခေါင်းစဉ်နှင့်အညီ စနစ်တကျသုံးစွဲရန်၊ သုံးစွဲထားတဲ့ ငွေစာရင်းတွေကို စာရင်းစစ်ဆေးခံနိုင်ရန် ပြုစုထားရန်၊ စီမံကိန်းရလဒ်များကို စီမံကိန်းဧရိယာမှ ဒေသခံပြည်သူများနဲ့ ပြည်နယ်အစိုးရများထိ ဖြန့်ဝေပေးရန်၊ မဲခေါင်-လန်ချန်း စီမံကိန်းဟာ ဝန်ကြီးဌာနပေါင်းစုံဆောင်ရွက်နေတဲ့စီမံကိန်းဖြစ်တဲ့အတွက် အခြားစီမံကိန်းများနဲ့ အကောင်ဆုံးယှဉ်ပြိုင်ဆောင်ရွက်ကြရန်၊ အရည်အသွေးပြည့်မီပြီး အကျိုးရှိတဲ့စီမံကိန်းတစ်ခုဖြစ်အောင် ဆောင်ရွက်ကြရန်၊ PSC အဖွဲ့ဝင်များ၏ အကြံပြုချက်၊ ဆုံးဖြတ်ချက်များကို စီမံကိန်းတာဝန်ခံများက အလေးနက်ထားလိုက်နာဆောင်ရွက်သွားရန်၊ စီမံကိန်းနဲ့ပတ်သက်ပြီး ဘဏ္ဍာငွေကြေးပိုင်းဆိုင်ရာ၊ နည်းပညာပိုင်းဆိုင်ရာ တိုးတက်ကောင်းမွန်အောင် အကြံပြုပေးကြတဲ့ပုဂ္ဂိုလ်များအားလုံးကို ကျေးဇူးတင်ရှိကြောင်း နိဂုံးချုပ်အမှာစကားပြောကြားခဲ့သည်။

ကမ္ဘာထဲတွင် အသက်ရှင်
သက်ရှိသက်မဲ့၊ ပတ်ဝန်းကျင်
မိသားစုသွင်၊ စိတ်မှာထား
ထိန်းသိမ်းကြစို့ တို့ကြီးစား

## နေပြည်တော်၊ တိုင်းဒေသကြီး / ပြည်နယ်များမှ ဖမ်းဆီးရမိခြင်း

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ သစ်တောဦးစီးဌာနသည် တရားမဝင်သစ်နှင့် သစ်တောထွက်ပစ္စည်းများ ရှာဖွေဖော်ထုတ်ဖမ်းဆီးရေးအား ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် (Community Monitoring and Reporting System- CMRS) အပါအဝင်နည်းလမ်းမျိုးစုံဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ (၈-၅-၂၀၂၃) ရက်မှ (၁၄-၅-၂၀၂၃) ရက်နေ့အထိ နေပြည်တော်၊ တိုင်းဒေသကြီးနှင့် ပြည်နယ် သစ်တောဦးစီးဌာနများမှ ပေးပို့လာသောစာရင်းများအရ တရားမဝင် **ကျွန်း (၃၆.၃၂၀၃) တန်၊ သစ်မာ (၂၅.၃၅၄၃)တန်၊ အခြား(၂၂.၄၁၆၀)တန်၊ စုစုပေါင်း (၈၄.၀၉၀၆)တန်၊ ယာဉ်/ယန္တရား (၁၈)စီး၊ တရားခံ(၂၂)ဦး** ဖမ်းဆီးရမိခဲ့ပါကြောင်း၊ ဖမ်းဆီးရမိမှုများအနက် အများဆုံးဖမ်းဆီးရမိမှုမှာ ၉-၅-၂၀၂၃ ရက်နေ့တွင် ပဲခူးတိုင်းဒေသကြီး၊ တောင်ငူခရိုင်၊ ဖြူးမြို့နယ်၊ မြို့မအနောက်ဘိနယ်အတွင်း၊ ဒေသအခေါ် မြောင်ကြီး ချောင်းဘေးမှ တရားမဝင်ကျွန်းသစ်လုံး (၃၀)လုံး (၉.၉၉၀၀)တန် ပိုင်ရှင်မဲ့ ဖမ်းဆီးရမိခဲ့ပါသည်။





### တိုင်းဒေသကြီးနှင့် ပြည်နယ် သစ်တောဦးစီးဌာနများ၏ ၂၀၂၃ - ၂၀၂၄ ဘဏ္ဍာရေးနှစ် ဧပြီလ အထိ တရားမဝင်သစ် ဖမ်းဆီးရမိမှု ပြည်ထောင်စုစာရင်းချုပ်

| စဉ် | အမျိုးအမည် | ရေတွက်ပုံ | အရေအတွက် | မှတ်ချက် |
|---|---|---|---|---|
| ၁ | ကျွန်း | တန် | ၂၈၁ | |
| ၂ | သစ်မာ | တန် | ၁၉၉ | |
| ၃ | အခြား | တန် | ၅၀၇ | |
| **စုစုပေါင်း** | | | ၉၈၇ | |

| | | | | |
|---|---|---|---|---|
| ၄ | မီးသွေး | တန် | ၃၁၆ | |

| | | | | |
|---|---|---|---|---|
| ၅ | ကား | စီး | ၄၄ | |
| ၆ | မြေတူးစက်/ မြေကော်စက်/ ကရိန်း | စီး | ၀ | |
| ၇ | ထော်လာဂျီ/ ဒိန်းဒေါင်း / ထွန်စက် | စီး | ၁ | |
| ၈ | ဆိုင်ကယ်/ ဆိုက်တွဲယာဉ် | စီး | ၄ | |
| ၉ | စက်လှေ / ပဲ့ထောင် / ရေယာဉ် | စီး | ၁ | |
| **စုစုပေါင်း** | | | ၅၀ | စဉ်(၅)မှ(၉) ယာဉ်/ ယန္တရား |

| | | | | |
|---|---|---|---|---|
| ၁၀ | သစ်စက် / အင်ဂျင် | လုံး | ၂ | |

၂၀၂၃ ခုနှစ်၊ ဇွန်လ (၅)ရက်နေ့တွင် ကျရောက်မည့်
ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့ ဂုဏ်ပြုဆောင်းပါး

# လေထုသန့်ရှင်းဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့



ဒေါက်တာတင်အောင်ဝင်း
ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန

## လေထုညစ်ညမ်းမှုအန္တရာယ်

ကုလသမဂ္ဂပတ်ဝန်းကျင်အစီအစဉ်၏ လေ့လာဆန်းစစ်တွေ့ရှိမှုများအရ လေထုညစ်ညမ်းမှုသည် ကမ္ဘာတစ်ဝန်းရှိ လူသားများ၏ ကျန်းမာရေးအပေါ် ထိခိုက်စေလျက်ရှိသော ပတ်ဝန်းကျင်ဆိုင်ရာအကြီးမားဆုံးခြိမ်းခြောက်မှုတစ်ခုဖြစ်လာနေပြီဖြစ်ပါကြောင်း၊ လေထုညစ်ညမ်းမှုကြောင့် နှစ်စဉ် လူဦးရေ (၇) သန်းခန့်သည် အရွယ်မတိုင်မီ သေဆုံးနေကြရပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် လေ့လာတွေ့ရှိချက်များအရ ကမ္ဘာ့လူဦးရေ၏ ၉၉ ရာခိုင်နှုန်းသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ သတ်မှတ်ထားသော လေထုအရည်အသွေးလမ်းညွှန်ချက်များနှင့်ကိုက်ညီမှုမရှိသော လေထုအရည်အသွေးရှိသည့်နေရာများတွင် နေထိုင်နေကြရပါကြောင်း၊ ပြင်ပလေထုညစ်ညမ်းမှုနှင့်ထိတွေ့မှုကြောင့် ၂၀၁၉ ခုနှစ်တွင် လူဦးရေ (၄) သန်းခန့်သည် သေဆုံးခဲ့ရပြီး အရှေ့အာရှဒေသနှင့် ဥရောပအလယ်ပိုင်းဒေသများတွင် သေဆုံးမှုအများဆုံးဖြစ်ခဲ့ပါကြောင်း၊ ၂၀၁၉ ခုနှစ်တွင် ကမ္ဘာတစ်ဝန်းသေဆုံးခဲ့မှုများ၏ ၁၅ ရာခိုင်နှုန်းသည် ပြင်ပလေထုညစ်ညမ်းမှုနှင့်ဆက်စပ်လျက်ရှိပါကြောင်း၊ လေထုညစ်ညမ်းမှုကို ဖြစ်ပေါ်စေသော အဓိကညစ်ညမ်းစေသည့်အရာများသည် ရာသီဥတုအပေါ် သက်ရောက်မှုများရှိပြီး မှန်လုံအိမ်ဓာတ်ငွေ့များ၏ အဓိကရင်းမြစ်များဖြစ်ခြင်းကြောင့် လေထုညစ်ညမ်းမှုနှင့် ရာသီဥတုပြောင်းလဲမှုတို့သည် ဆက်စပ်လျက်ရှိပါကြောင်း၊ လေထုအရည်အသွေးကောင်းမွန်စေရေးအတွက် နိုင်ငံများ၏ဆောင်ရွက်ချက်များသည် တဖြည်းဖြည်းတိုးတက်လာသော်လည်း သန့်ရှင်းသောလေထုဖြစ်စေရန် ဆောင်ရွက်တိုးတက်မှုများရရှိရေး အတွက် အကောင်အထည်ဖော်ဆောင်ရွက်မှုနှင့် လုပ်ဆောင်နိုင်မှုပိုင်းဆိုင်ရာကွာဟချက်များသည် နှောင့်နှေးမှုများ ဖြစ်စေကြောင်းကို လေ့လာသိရှိရပါသည်။

လက်ရှိအချိန်တွင် ကမ္ဘာ့နိုင်ငံများ၌ စက်မှုလုပ်ငန်းများဖွံ့ဖြိုးလာမှု၊ မော်တော်ယာဉ်အသုံးပြုမှု များပြားလာမှု၊ မြို့ပြဖွံ့ဖြိုးရေးလုပ်ငန်းများ တိုးမြင့်လာမှု၊ ရုပ်ကြွင်းလောင်စာများ အသုံးပြုမှုများပြားလာမှုတို့နှင့်အတူ ရာသီဥတုပြောင်းလဲလာပြီး အပူချိန်တိုးမြင့်လာမှုကြောင့် ဖြစ်ပေါ်လာသည့် တောမီးလောင်ကျွမ်းမှုများသည်လည်း လေထုညစ်ညမ်းမှုကို ပိုမိုဖြစ်ပေါ်စေကြောင်း လေ့လာတွေ့ရှိရပါသည်။

အဆိုပါလေ့လာဆန်းစစ်တွေ့ရှိမှုများအရ ပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုများနှင့်ပြဿနာများတွင် လေထုညစ်ညမ်းမှုပြဿနာသည် ဦးစားပေးအနေဖြင့် ကမ္ဘာပေါ်တွင် အစဉ်တစိုက်ရေရှည်ဖြေရှင်းဆောင်ရွက်သွားရမည့် အဓိကစိန်ခေါ်မှုတစ်ခုဖြစ်လာနေပြီဖြစ်ကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။ ထို့အတွက်ကြောင့် ၂၀၁၉ ခုနှစ် မတ်လတွင် ကျင်းပခဲ့သည့် စတုတ္ထအကြိမ်မြောက် ကမ္ဘာ့ကုလ

သမဂ္ဂပတ်ဝန်းကျင်ညီလာခံက လေထုညစ်ညမ်းမှုပြဿနာကို အလျင်အမြန်အရေးယူဖြေရှင်းဆောင်ရွက်ရန် ဆွေးနွေးဆုံးဖြတ်ခဲ့ကြပါသည်။

လေထုညစ်ညမ်းမှုနှင့်ပတ်သက်ပြီး လေ့လာကြည့်မည်ဆိုပါက အိမ်တွင်းလေထုညစ်ညမ်းမှုနှင့် ပြင်ပလေထုညစ်ညမ်းမှုဆိုပြီး နှစ်ပိုင်းခွဲခြားကာလေ့လာကြည့်နိုင်ပါသည်။ အိမ်တွင်း လေထုညစ်ညမ်းမှုဖြစ်ပေါ်ရခြင်းမှာ လူနေအိမ်များတွင် နေ့စဉ်ထမင်းဟင်းချက်ပြုတ်ခြင်းနှင့် အပူစွမ်းအင်နှင့်အလင်းစွမ်းအင်များရရှိရေးအတွက် ထင်း၊ မီးသွေးစသည့်လောင်စာများကို အသုံးပြုခြင်းတို့မှ ထွက်ရှိလာသောအခိုးအငွေ့များကြောင့် ဖြစ်ပါသည်။ ပြင်ပလေထုညစ်ညမ်းမှု ဖြစ်ပေါ်ရခြင်းမှာ စက်မှုကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် လယ်ယာစိုက်ပျိုးရေးကဏ္ဍစသည့် ကဏ္ဍအသီးသီးမှ ထွက်ရှိလာသော ထုတ်လွှတ်အခိုးအငွေ့များ၊ စွန့်ပစ်ပစ္စည်းများကို လေဟာပြင်တွင် မီးရှို့ဖျက်ဆီးခြင်းမှ ထွက်ရှိလာသောအခိုးအငွေ့များ၊ ဆောက်လုပ်ရေးလုပ်ငန်းများနှင့် သတ္တုတူးဖော်ရေးလုပ်ငန်းများမှ ထွက်ရှိလာသော အမှုန်အမွှားများ၊ မီးတောင်ပေါက်ကွဲခြင်း၊ တောမီးလောင်ခြင်း၊ ရွှေ့ပြောင်းတောင်ယာစိုက်ပျိုးခြင်းနှင့် အကြောင်းအမျိုးမျိုးကြောင့် ဖြစ်ပေါ်သည့် မီးလောင်ခြင်းတို့မှ ထွက်ရှိလာသော မီးခိုးမြူငွေ့များကြောင့်ဖြစ်ပါသည်။ အဆိုပါအကြောင်းအရင်းများအရ လေထုညစ်ညမ်းမှုသည် လူတစ်ဦးတစ်ယောက်တည်း၊ လုပ်ငန်းတစ်ခုတည်း၊ ဌာန/အဖွဲ့အစည်းတစ်ခုတည်း၊ ကဏ္ဍတစ်ခုတည်း၊ နိုင်ငံတစ်ခုတည်းနှင့်သက်ဆိုင်သည့် ကိစ္စရပ်တစ်ခုမဟုတ်ဘဲ ကျွန်ုပ်တို့လူသားအားလုံး၊ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအသီးသီးနှင့် ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းနှင့်သက်ဆိုင်နေကြောင်း လေ့လာတွေ့ရှိနိုင်ပါသည်။

**လေထုညစ်ညမ်းမှုအား ကြိုတင်ကာကွယ်နိုင်ရေးအတွက် လက်ရှိဆောင်ရွက်နေမှု**

မြန်မာနိုင်ငံအနေဖြင့်လည်း ကမ္ဘာ့နိုင်ငံများ နည်းတူ ရေရှည်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လေထုညစ်ညမ်းမှုအပါအဝင် ပတ်ဝန်းကျင်ယိုယွင်းပျက်စီးမှုများကို ကာကွယ်နိုင်ရေးနှင့်ပတ်ဝန်းကျင်ထိန်းသိမ်းရေးတို့ကို အလေးထားဆောင်ရွက်နိုင်ရန်ရည်ရွယ်ပြီး ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ်များကို ကဏ္ဍအသီးသီးတွင် ပေါင်းစပ်ဆောင်ရွက်နိုင်ရေး အတွက် ဦးတည်ကာ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဥပဒေကို ၂၀၁၂ ခုနှစ်တွင်လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနည်းဥပဒေများကို ၂၀၁၄ ခုနှစ်တွင်လည်းကောင်း၊ ပတ်ဝန်းကျင်ထိခိုက်မှုဆန်းစစ်ခြင်းဆိုင်ရာ လုပ်ထုံးလုပ်နည်းနှင့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များကို ၂၀၁၅ ခုနှစ်တွင်လည်းကောင်း အတည်ပြုပြဋ္ဌာန်းခဲ့ပါသည်။ ၂၀၁၉ ခုနှစ်တွင် အမျိုးသားပတ်ဝန်းကျင်ရေးရာမူဝါဒ၊ မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာ မူဝါဒ၊ မဟာဗျူဟာနှင့်ပင်မလုပ်ငန်းအစီအစဉ်တို့ကိုလည်းကောင်း၊ ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံအမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ် (၂၀၁၈–၂၀၃၀) ကိုလည်းကောင်း ထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် လေထုညစ်ညမ်းမှုထိန်းချုပ်ရေးအပါအဝင် ရာသီဥတုပြောင်းလဲလာမှုအပေါ် ကမ္ဘာ့နိုင်ငံများနှင့်အတူ ပူးပေါင်းဖြေရှင်းဆောင်ရွက်နိုင်ရေးအတွက် အိုဇုန်းလွှာကာကွယ်ရေးဆိုင်ရာ ဗီယင်နာကွန်ဗင်းရှင်း၊ ရာသီဥတုပြောင်းလဲခြင်းဆိုင်ရာ ကုလသမဂ္ဂကွန်ဗင်းရှင်း၊ ပဲရစ်သဘောတူညီချက်၊ ဘာဆယ်ကွန်ဗင်းရှင်း၊ စတော့ဟုမ်းကွန်ဗင်းရှင်းနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ဆိုင်ရာ အာဆီယံသဘောတူညီချက်များတွင် အဖွဲ့ဝင်နိုင်ငံအဖြစ် ပါဝင်ပြီး ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ အဆိုပါ မူဝါဒ၊ ဥပဒေ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်း၊ လမ်းညွှန်ချက်၊ မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်များ၊ နိုင်ငံတကာသဘောတူညီချက်များအပေါ် အခြေခံပြီး လေထုညစ်ညမ်းမှုထိန်းချုပ်ရေးအပါအဝင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းများကို သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက ဦးဆောင်ပြီးသက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီး၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုဖြင့် ကဏ္ဍအသီးသီးတွင် ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။

ထို့အပြင် လေထုညစ်ညမ်းမှုကိုကာကွယ်ထိန်းချုပ်နိုင်ရေးအတွက် သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနအနေဖြင့် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းအသီးသီးနှင့် ပူးပေါင်းပြီး သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအသီးသီးတွင် အောက်ဖော်ပြပါလုပ်ငန်းများကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်–

- စက်မှုလုပ်ငန်းများအပါအဝင် လုပ်ငန်းကဏ္ဍအသီးသီးမှထွက်ရှိလာသော ထုတ်လွှတ်အခိုးအငွေ့များကြောင့် လေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရေးအတွက် ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် ထုတ်ပြန်ခဲ့သည့် အမျိုးသားပတ်ဝန်းကျင်ဆိုင်ရာ အရည်အသွေး (ထုတ်လွှတ်မှု) လမ်းညွှန်ချက်များနှင့်အညီ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအသီးသီးက လိုက်နာဆောင်ရွက်စေရေး ကြပ်မတ်ဆောင်ရွက်ခြင်း၊
- စွန့်ပစ်ပစ္စည်းများကို ရေရှည်စနစ်တကျစီမံဆောင်

ရှက်နိုင်ရေးအတွက် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီလတွင် ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံ အမျိုးသားအဆင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု မဟာဗျူဟာနှင့် ပင်မလုပ်ငန်းအစီအစဉ်(၂၀၁၈–၂၀၃၀)ပါ ကာလတို၊ ကြားကာလ၊ ကာလရှည်များအတွက် ချမှတ်ထားသောရည်မှန်းချက်များပါ လုပ်ငန်းများကို အကောင်အထည်ဖော်ပြီး မျှော်မှန်းထားသော ပန်းတိုင်များ ရှိနိုင်ရေးအတွက် သက်ဆိုင်ရာ ဌာနများ၊ အဖွဲ့အစည်းများ၊ တိုင်းဒေသကြီး/ ပြည်နယ်စည်ပင်သာယာရေးအဖွဲ့များနှင့် ဆက်စပ်ပတ်သက်သူများ ပူးပေါင်းပြီး ပြည်ထောင်စု နယ်မြေ/တိုင်းဒေသကြီး/ ပြည်နယ်/ခရိုင်/ မြို့နယ်အဆင့်များအထိ လုပ်ငန်းစီမံချက်များ ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊

- ၂၀၀၃ ခုနှစ် မတ်လ ၅ ရက်နေ့တွင် မြန်မာနိုင်ငံက သဘောတူအတည်ပြု လက်မှတ်ရေးထိုးခဲ့သည့် နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှုဆိုင်ရာ အာဆီယံ သဘောတူညီချက် (ASEAN Agreement on Trans- boundary Haze Pollution - AATHP) အရ တောမီးနှင့် အခြားမီးများကြောင့် မီးလောင်မှု Hotspot အရေအတွက် လျှော့ချနိုင်ရေးနှင့် မီးခိုးမြူငွေ့ညစ်ညမ်းမှုကြောင့် လေထုညစ်ညမ်းမှုမဖြစ်ပေါ်စေရေးတို့အတွက် တိုင်းဒေသကြီး/ ပြည်နယ်များတွင် လုပ်ငန်းစီမံချက်များရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
- ရာသီဥတုပြောင်းလဲမှုလျှော့ချရေးနှင့် မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုလျှော့ချရေးအတွက်သစ်တောကဏ္ဍ၊ စွမ်းအင်ကဏ္ဍ၊ စက်မှုကဏ္ဍ၊ ပို့ဆောင်ရေးကဏ္ဍများတွင် မြန်မာနိုင်ငံ ရာသီဥတုပြောင်းလဲမှုဆိုင်ရာမူဝါဒ၊ မဟာဗျူဟာနှင့်ပင်မလုပ်ငန်းအစီအစဉ်များအရ ၂၀၃၀ ခုနှစ်အထိ ဆောင်ရွက်သွားမည့် ရည်မှန်းချက်များ ချမှတ်ပြီး သက်ဆိုင်ရာဌာနများ၊ အဖွဲ့အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်းများနှင့် ပေါင်းစပ်အကောင်အထည်ဖော်ဆောင်ရွက်ခြင်း၊
- ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး၊ ပြည်နယ်များတွင်ဝန်းကျင်လေထုအရည်အသွေးတိုင်းတာစစ်ဆေးမှုများကို လစဉ်ပုံမှန်ဆောင်ရွက်ပြီး မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ၂၀၂၂ ခုနှစ် မေလမှစတင်၍ လစဉ်ပုံမှန်သတင်းထုတ်ပြန်ခြင်း။

**လေထုညစ်ညမ်းမှုအား ကြိုတင်ကာကွယ်နိုင်ရေးအတွက် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်မှု**

ကျွန်ုပ်တို့လူသားတိုင်း နေ့စဉ်ကျန်းမာစွာ အသက်ရှင်သန်နိုင်ရေးအတွက် အဓိကကျလှသော အခြေခံလိုအပ်ချက်များတွင် သန့်ရှင်းသောလေကို ရှူရှိုက်ခွင့်ရရှိရေးသည် တစ်ခုအပါအဝင် ဖြစ်ပါသည်။ ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ရှိလေထုကို ညစ်ညမ်းစေမှုသည် လူသားတိုင်း၏ကျန်းမာပျော်ရွှင်စွာအသက်ရှင်နေထိုင်နိုင်ရေးကို ထိခိုက်စေမှု၊ ကောင်းမွန်သော သဘာဝပတ်ဝန်းကျင်ကို ထိခိုက်ပျက်စီးစေမှုနှင့် ကျွန်ုပ်တို့အနာဂတ်မျိုးဆက်များ၏အကျိုးကို ထိခိုက်စေမှုပင်ဖြစ်ပါသည်။

လေထုညစ်ညမ်းမှုသည် နယ်စပ်ဖြတ်ကျော် ရောက်ရှိပြီး ညစ်ညမ်းမှုဖြစ်စေနိုင်သော သဘောသဘာဝရှိသည့်အပြင် ကျွန်ုပ်တို့လူသားတိုင်း၊ သက်ဆိုင်ရာလုပ်ငန်း ကဏ္ဍတိုင်း၊ ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းနှင့်သက်ဆိုင်နေသော ပတ်ဝန်းကျင်ဆိုင်ရာစိန်ခေါ်မှုတစ်ခုဖြစ်ပါသည်။ ထို့ကြောင့် ကျွန်ုပ်တို့ တစ်ဦးတစ်ယောက်ချင်းအလိုက်၊ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍအလိုက်၊ နိုင်ငံအလိုက် ကြိုးပမ်းအားထုတ်မှုများမှတစ်ဆင့် ပူးပေါင်းဖြေရှင်းဆောင်ရွက်ကြမှသာ လေထုညစ်ညမ်းမှုကို ကာကွယ်ထိန်းချုပ်ပြီး ဖြေရှင်းဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။

**လေထုညစ်ညမ်းမှုအား ကြိုတင်ကာကွယ်နိုင်ရေးအတွက် အကြံပြုချက်များ**

လေထုညစ်ညမ်းမှုကို ကာကွယ်ထိန်းချုပ်ပြီး ပတ်ဝန်းကျင်ညစ်ညမ်းမှုများနှင့် လူသားတို့၏ကျန်းမာရေး အပေါ်ထိခိုက်မှုများမဖြစ်ပေါ်စေရေးအတွက် တစ်ဦးတစ်ယောက်ချင်း၊ သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများ၊ သက်ဆိုင်ရာ ဌာန/အဖွဲ့အစည်းများမှ အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ရန် အကြံပြုလိုသည့်နည်းလမ်းများမှာ–

- နေအိမ်များတွင် နေ့စဉ်ချက်ပြုတ်မှုများအတွက် လေထုအရည်အသွေးကို ထိခိုက်မှုအနည်းဆုံးဖြစ်စေနိုင်သည့်နည်းလမ်းများကို အသုံးပြုခြင်း၊
- မော်တော်ယာဉ်အသုံးပြုမှုကို အတတ်နိုင်ဆုံးလျှော့ချခြင်း၊
- စွန့်ပစ်ပစ္စည်းများကို လေဟာပြင်တွင် မီးရှို့ဖျက်ဆီးမှုများကို ရှောင်ရှားခြင်း၊
- ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် လိုက်လျောညီထွေရှိသည့်နည်းပညာများအသုံးပြုခြင်း၊

စာမျက်နှာ (၁၃) သို့ ➤

# သဘာဝဘေးအန္တရာယ်များ ဘာကြောင့် ပိုဖြစ်များလာရသလဲ

ဝင်းချစ် (အမျိုးသားစာပေဆုရ)

ယခု ၂၀၂၂ ခုနှစ်၊ ဇူလိုင်လမှစ၍ ကမ္ဘာ့နှင့် တစ်ဝန်းဖြစ်ပေါ်လျက်ရှိသော သဘာဝဘေးအန္တရာယ် ကျရောက်သည့် သတင်းများကို စိတ်မချမ်းမြေ့ဖွယ် နေ့စဉ် ရက်ဆက်ကြားသိနေခဲ့ရပါသည်။ ဂျပန်နိုင်ငံတွင် မိုးလေဝသမှတ်တမ်းများ စတင်ထားရှိခဲ့သည့် ၁၈၇၅ ခုနှစ်မှစ၍ နှစ်ပေါင်း ၁၄၇ နှစ်အတွင်း အမြင့်ဆုံးအပူချိန်ဖြစ်ခဲ့ကြောင်း၊ ဥရောပတစ်ခွင်၌လည်း အပူချိန်မြင့်တက်ခဲ့ရာ - စပိန်နှင့် ပေါ်တူဂီတွင် အပူလှိုင်းကြောင့် လူ ၁၀၀၀ ကျော်သေဆုံးခဲ့ကြောင်း၊ ဗြိတိန်နိုင်ငံတစ်ဝန်းတွင် အပူချိန်စံချိန်တင်မြင့်မားသည့် အကျိုးဆက်အနေဖြင့် ရေရှားပါး ပြတ်လပ်မှုနှင့်အတူ ခြောက်သွေ့သည့် အခြေအနေကြောင့် မိုးခေါင်ရေရှားမှု ဖြစ်ပေါ်နေသည်ကို ၁၂-၈-၂၀၂၂ ရက်နေ့က တရားဝင်ကြေညာခဲ့ရကြောင်း၊ ပြင်သစ်နိုင်ငံမှ မြို့ပေါင်း ၁၀၀ ကျော်၌ သောက်သုံးရေ ပြတ်လပ်သွားသည်အထိ စံချိန်တင်သမိုင်းဝင် မိုးခေါင်ရေရှားမှုဖြစ်ပေါ်ခဲ့ကြောင်း၊ အီတလီနိုင်ငံတွင် နှစ်ပေါင်း (၇၀)အတွင်း အဆိုးရွားဆုံး မိုးခေါင်ရေရှားမှုနှင့် ကြုံတွေ့နေရပြီး မြောက်ပိုင်းဒေသ ၅ ခုကို အရေးပေါ်အခြေအနေ ကြေညာထားရကြောင်း၊ ဥရောပတိုက်မှ အချို့ဒေသများတွင် အပူချိန် ၄၅ ဒီဂရီဆဲလ်စီးယပ်စ်ကျော်သည်အထိ ပူပြင်းခဲ့ကြောင်း၊ ဥရောပတိုက်၏ သုံးပုံနှစ်ပုံသည် နှစ်ပေါင်း ၅၀၀ အတွင်း အဆိုးရွားဆုံး မိုးခေါင်ရေရှားမှုနှင့် ရင်ဆိုင်နေရကြောင်း၊ ဥရောပတိုက်၏ ၄၇ ရာခိုင်နှုန်းသည် မြေဆီလွှာခြောက်ခန်းစေသော မိုးခေါင်ရေရှားမှုအခြေအနေသို့ရောက်ရှိနေသည်ကို " World Draughts Federation " က ဩဂုတ်လ စတုတ္ထပတ်က သတိပေးချက်ထုတ်ပြန်ထားကြောင်း၊ အာဖရိကဦးချိုဒေသတွင် ၄ နှစ်ဆက်တိုက် မိုးခေါင်မှုကြောင့် လူပေါင်း ၂၂ သန်း ငတ်မွတ်ဘေးနှင့် ရင်ဆိုင်နေရကြောင်း၊ တရုတ်ပြည်မှ စီချွမ်ပြည်နယ်တွင် နှစ်ပေါင်း ၆၀ အတွင်း အပြင်းထန်ဆုံး အပူလှိုင်းကျရောက်ခဲ့ကြောင်း သိရှိခဲ့ရပါသည်။

ထို့ပြင် အပူချိန်မြင့်တက်မှု၏ နောက်အကျိုးဆက်တစ်ခုဖြစ်သည့်တောမီးများ အကြီးအကျယ်လောင်သည့် သတင်းများကိုလည်း ဆက်တိုက်ဖတ်ရှုနေရပါသည်။ အမေရိကန် ပြည်ထောင်စု၊ ကာလီဖိုနီးယား ပြည်နယ်တွင် ယိုဆက်မတီး (Yosemite) အမျိုးသားဥယျာဉ်ကြီးအနီးမှ စတင်လောင်ကျွမ်းခဲ့ရာအရေးပေါ်အခြေအနေကြေညာရသည်အထိ ဖြစ်ခဲ့ကြောင်း (ထိုဥယျာဉ်ကြီးသည် တစ်ချိန်က နှစ်ပေါင်း ၂၀၀၀ ခန့်ရှိသည့် ရောမသစ်ပင်ကြီးများကြောင့်နာမည်ကျော်ခဲ့သော်လည်း နှစ်စဉ်ဆိုသလိုပင် တောမီးများလောင်ကျွမ်းခံခဲ့ရမှုကြောင့် သက်တမ်းရင့် အပင်အနည်းငယ်သာ ကျန်ရှိတော့ပါကြောင်း သိရှိရပါသည်။) ၎င်းပြင် ပေါ်တူဂီနိုင်ငံတွင်လည်း နေရာအနှံ့အပြား တောမီးများလောင်မှုကြောင့် ဥရောပသမဂ္ဂမှ အရေးပေါ်အကူအညီတောင်းခံခဲ့ရသည်ထိ ဖြစ်ခဲ့ကြောင်း၊ စပိန်၊ ခရိုအေးရှား၊ ဂရိနှင့် ပြင်သစ်တွင်လည်း တောမီးများလောင်နေသဖြင့် ဒေသခံများကို ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးထားရကြောင်း သိရှိခဲ့ရပါသည်။

ဤသို့ ကမ္ဘာ့ဒေသအချို့တွင် ပူပြင်းခဲ့စဉ်မှာပင် အခြားဒေသအချို့၌ မိုးသည်းထန်ကာ ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့ပါသည်။ မုတ်သုံ ရေဘေးဒဏ်ကို အများဆုံးခံရလေ့ရှိသည့် ပါကစ္စတန်နိုင်ငံတွင် လူပေါင်း ၁၅၀၀ ကျော် သေဆုံးခဲ့ပြီး လူနေအိမ်ပေါင်း ၁ ဒသမ ၈ သန်းခန့်နှင့် တံတားပေါင်း ၄၀၀ ကျော် ပျက်စီးခဲ့ကြောင်း အစိုးရက





၁၆-၉-၂၀၂၂ ရက်နေ့တွင် ထုတ်ပြန်ခဲ့ပါသည်။ ဗင်နီဇွဲလားနိုင်ငံ၊ လက်စ်တီဂျာရီးယက်စ်မြို့တွင် အောက်တိုဘာလ ပထမအပတ်က မိုးသည်းထန်စွာ ရွာသွန်းပြီးနောက် အယ်လ်ပါတိုမြစ်ကမ်းပါးပြိုကျခဲ့ကြောင်း၊ ရေကြီးရေလျှံမှုများနှင့် မြေပြိုမှုများဖြစ်ပွားကာ အိမ်များနှင့် ဈေးဆိုင်များ ရေမျောခဲ့ကြောင်း၊ လူ ၂၂ ဦး သေဆုံးပြီး ၅၀ ကျော် ပျောက်ဆုံးနေကြောင်းသိရှိရပါသည်။ ထို့ပြင် အိန္ဒိယနိုင်ငံ၊ ကက်ရ်မီးယားဒေသ၌ ရုတ်တရက် ရေကြီးမှုကြောင့် လူ ၁၃ ဦးသေဆုံးခဲ့ပြီး မုတ်သုံမိုး ပြင်းထန်လွန်းမှုကြောင့် မြောက်ပိုင်းပြည်နယ်အချို့တွင် အောက်တိုဘာလအတွင်းကရရှိသည့် မိုးရေချိန်သည် ပုံမှန်ထက် ရာခိုင်နှုန်း ၅၀၀ တိုင်အောင် ပိုများခဲ့ရာ စပါး၊ ပဲပိစပ်၊ ဝါဂွမ်း စသည့် အဓိကနွေသီးနှံများ မရိတ်သိမ်းနိုင်မီ ပျက်စီးခဲ့ကြောင်းကို ၁၂-၁၀-၂၀၂၂ ရက်နေ့ စံတော်ချိန် သတင်းစာတွင် ဖတ်ရှုခဲ့ရပါသည်။

ယခုကဲ့သို့ သဘာဝဘေးအန္တရာယ်များ တစ်နှစ်ထက်တစ်နှစ် ပို၍များပြားလာရုံသာမကဘဲ ပို၍လည်းပြင်းထန်လာရခြင်းသည် ကမ္ဘာ့အပူချိန်မြင့်တက်မှုကြောင့် ဖြစ်ပြီး ကမ္ဘာ့အပူချိန်မြင့်တက်ခြင်းသည်လည်း လေထုအတွင်း မှန်လုံအိမ်ဓာတ်ငွေ့များ၏ ပမာဏများပြားလာခြင်းကြောင့် ဖြစ်သည်ကို စာရှုသူများ သိရှိထားကြပြီး ဖြစ်ပါသည်။

စက်မှုခေတ် မတိုင်မီကာလက လေထုအတွင်း၌ ရှိသော ကာဗွန်ဒိုင်အောက်ဆိုက် ($CO_2$)၊ မီသိန်း($CH_4$)၊ နိုက်ထရပ်စ်အောက်ဆိုက် ($NO_2$)၊ . . . စသည့် အပူလှိုင်းများကို စုပ်ယူထားနိုင်စွမ်းရှိသည့် မှန်လုံအိမ်ဓာတ်ငွေ့များသည် လူ၊ သတ္တဝါနှင့်အပင်များအတွက် သင့်တင့်မျှတသောအပူဓာတ်ကို ရရှိစေသည့်ပမာဏတွင်သာ ရှိကြသည်။ ထိုဓာတ်ငွေ့များအနက် $CO_2$ သည် နိုက်ထရိုဂျင်နှင့် အောက်စီဂျင်ပြီးလျှင် လေထုအတွင်း ပါဝင်မှုအများဆုံးဓာတ်ငွေ့ဖြစ်သည် ($N_2$ - 78 % , $O_2$ -21 % )။ လွန်ခဲ့သော နှစ်ပေါင်း ၈ သိန်းခန့်မှစ၍ စက်မှုခေတ်မတိုင်မီ (၁၇၅၀ ပြည့်နှစ်) ကာလတစ်လျှောက်လုံး $CO_2$ ၏ လေထုအတွင်း ပါဝင်မှုနှုန်း (atmospheric concentration) သည် ၁၈၀ ppm မှ ၂၈၀ ppm (parts per million) အတွင်း၌ အကြမ်းဖျင်း ရှိနေခဲ့သည်။ ထိုကာလများ က သဘာဝအရ ထုတ်လွှတ်သော $CO_2$ ပမာဏနှင့် သစ်တောများနှင့်အပင်များ (သစ်ပင်၊ ပေါင်းပင်၊ မြက်ပင် စသည့် Plant များ) နှင့် သမုဒ္ဒရာများက စုပ်ယူသည့် $CO_2$ ပမာဏသည် ဟန်ချက်ညီနေခဲ့သည်။

စက်မှုခေတ်ဦးမှ စတင်ကာ ကျောက်မီးသွေးနှင့် အခြားရုပ်ကြွင်းလောင်စာများသုံးစွဲမှုသည် တစ်နှစ်ထက်တစ်နှစ် ပိုမိုများပြားလာခဲ့ရာ $CO_2$ ထုတ်လွှတ်မှုက စုပ်ယူနိုင်သည့် ပမာဏထက်ပို၍ များပြားလာခဲ့ခြင်းကြောင့် $CO_2$ ပါဝင်မှုနှုန်းသည်လည်း သိသာစွာ များပြားလာခဲ့သည်။ $CO_2$ ပါဝင်မှုနှုန်းသည် ၁၉၅၈ ခုနှစ်က ၃၁၅ ppm ၊ ၁၉၉၀ က ၃၅၄ ppm၊ ၂၀၁၀ က ၃၉၀ ppm၊ ၂၀၁၄ က ၄၀၀ ppm ၊ ၂၀၁၇ က ၄၀၅ ppm၊ ၂၀၂၀ က ၄၁၄ ဒသမ ၂၄ ppm နှင့် ၂၀၂၁ က ၄၁၆ ဒသမ ၆၅ ppm အသီးသီးရှိခဲ့သည်။ ပြီးခဲ့သည့် နှစ်ပေါင်း ၆၀ အတွင်းက $CO_2$ ၏ တစ်နှစ်တိုးနှုန်းသည် ရေခဲခေတ်အဆုံးက (လွန်ခဲ့သော နှစ်ပေါင်း ၁၁,၀၀၀ နှင့် ၁၇,၀၀၀ အတွင်းက) တစ်နှစ်တိုးနှုန်း (သဘာဝဖြစ်စဉ်များအရ) ထက် အဆ ၁၀၀ တိုင် များလာခဲ့သည်။ ၎င်းပြင် ၂၀၁၄ ခုနှစ်က ၄၀၀ ppm သို့ရောက်ရှိခဲ့ရာ - စက်မှုခေတ်မတိုင်မီက အများဆုံးရှိခဲ့သည့် ၂၈၀ ppm ထက် ၁၂၀ ppm ပိုများလာခြင်းဖြစ်သည်။ ထို ၁၂၀ ppm အနက် ၃၀ ppm သည် ၁၇၅၀ ပြည့်နှစ်မှ ၁၉၅၈ ခုနှစ်အတွင်း တိုးခဲ့ခြင်းဖြစ်ပြီး ကျန် ၉၀ ppm သည် ၁၉၅၉ ခုနှစ်မှ ၂၀၁၄ ခုနှစ်အတွင်း တိုးခဲ့ခြင်းဖြစ်သည်။ ဆိုလိုသည်မှာ - ၁၉၆၀ နောက်ပိုင်းမှစ၍ နိုင်ငံအများအပြား အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးလာသည်နှင့်အမျှ အခြေခံအဆောက်အအုံများနှင့် အိမ်ရာများတည်ဆောက်မှု များလာသည်သာမက လူသုံးကုန်ပစ္စည်းမျိုးစုံ ထုတ်လုပ်မှုများပြားလာခြင်းကြောင့် ဖြစ်သည်။

$CO_2$ ကဲ့သို့ပင် ကျန် GHG များ၏ ပါဝင်မှုနှုန်းသည်လည်း တစ်နှစ်ထက် တစ်နှစ် တိုးမြင့်လျက်ရှိသည်။ စက်မှုမတိုင်မီခေတ်က $CH_4$ နှင့် $N_2O$ များ၏ ပါဝင်မှုနှုန်းများသည် ၇၀၀ ppm နှင့် ၂၇၀ ppm သာ ရှိခဲ့သော်လည်း $CH_4$ သည် ၂၀၀၀ တွင် ၁၇၇၄ ဒသမ ၀၇ ppm၊ ၂၀၂၁ တွင် ၁၈၉၅ ဒသမ ၇ ppm နှင့် $N_2O$ သည် ၂၀၀၈ တွင် ၃၂၁ ဒသမ ၈ ppm ၊ ၂၀၂၁ တွင် ၃၃၄ ppm အသီးသီးရှိခဲ့သည်။ ကျန်မှန်လုံအိမ်ဓာတ်ငွေ့များ၏ ပါဝင်မှုနှုန်းသည်လည်း တိုးမြင့်လျက်ရှိသည်။

အထက်ဖော်ပြပါ $CO_2$ ပါဝင်မှုနှုန်းများ (တစ်နှစ်ပျမ်းမျှ) ကို "အမျိုးသားသမုဒ္ဒရာနှင့် လေထုဆိုင်ရာ စီမံရေးအဖွဲ့" (National Oceanic Atmospheric Administration - NOAA ) ရှိ Mauna Lao Observatory တွင် တိုင်းတာထားခြင်းဖြစ်သည်။ (၁၉၅၈ ခုနှစ်မှစတင်၍ တိုင်းတာခဲ့ရာ ယခု နောက်ဆုံးထုတ်ပြန်သည့် ၂၀၂၂ ခုနှစ်၊ စက်တင်ဘာလ၏ $CO_2$ ပါဝင်မှုနှုန်းသည် ၄၁၅ ဒသမ ၉၅ ppm ဖြစ်သည်။ လအလိုက် အတက်အကျရှိရာ စက်တင်ဘာနှင့် အောက်တိုဘာလများသည် အနည်းဆုံးလများ ဖြစ်သည်။)

NOAA ရှိ Global Monitoring Laboratory

မှ ပညာရှင်များက - သက်တမ်းရှည်ကြာသည့် မှန်လုံအိမ်ဓာတ်ငွေ့များ၏ အကျိုးသက်ရောက်မှုကြောင့် ဖြစ်ပေါ်လာသော ကမ္ဘာ့လေထု၏ အပူဖမ်းထားနိုင်မှုစွမ်းရည် (capacity of earth's atmosphere to trap heat as a result of long-lived GHGs")ကို - ''တစ်နှစ် မှန်လုံအိမ်ဓာတ်ငွေ့ညွှန်းကိန်း'' - AGGI ( Annual Greenhouse Gas Index) ဖြင့် သတ်မှတ်ပေးခဲ့သည်။ တစ်နည်းအားဖြင့်ဆိုသော် ကမ္ဘာ့အပူချိန်မြင့်တက်နိုင်မှု အခြေအနေကို ပြသသည့်ညွှန်းကိန်းဖြစ်သည်။ ၎င်းတို့က ၁၇၅၀ တွင်ရှိခဲ့သော AGGI ကို သုညဟုလည်းကောင်း၊ ၁၉၉၀ တွင်ရှိခဲ့သည့် AGGI ကို ''၁'' ဟု လည်းကောင်း သတ်မှတ်ပေးခဲ့သည်။

AGGI အား သက်ရောက်စေသည့် မှန်လုံအိမ်ဓာတ်ငွေ့များအနက် $CO^2$, $CH_4$ (methane), $N_2O$ (nitrous oxide) , CFCs (chlorofluoro carbons) နှင့် HFCFs (hydrochlorofluoro - carbons) ဓာတ်ငွေ့ ၅ မျိုး က ၉၆ ရာခိုင်နှုန်းတိုင် သက်ရောက်မှုရှိပြီး ကျန်မှန်လုံအိမ်ဓာတ်ငွေ့များက ၄ ရာခိုင်နှုန်းသာ သက်ရောက်မှုရှိသည်။ ထိုဓာတ်ငွေ့ ၅ မျိုးတွင်လည်း $CO_2$ သည် အဓိကအကျဆုံးဖြစ်ကာ ၈၀ ရာခိုင်နှုန်းထိအောင် သက်ရောက်မှုရှိသည်။ ထို့ကြောင့် ကမ္ဘာ့အပူချိန် မြင့်တက်မှုတွင် $CO_2$ ၏ ပါဝင်မှုနှုန်းက အရေးအပါဆုံး ဖြစ်နေသည်။

လေထုအတွင်း မှန်လုံအိမ်ဓာတ်ငွေ့များ၏ ပါဝင်မှုနှုန်းသည် တစ်နှစ်ထက် တစ်နှစ် တိုးမြင့်လျက်ရှိရာ - အထက်ဖော်ပြပါပညာရှင်များ၏ တိုင်းတာတွက်ချက်မှုများအရ - AGGI ၏ တန်ဖိုးများသည် - ၂၀၁၆ တွင် ၁ ဒသမ ၄၊ ၂၀၁၇ တွင် ၁ ဒသမ ၄၁ ၊ ၂၀၂၁ တွင် ၁ ဒသမ ၄၉ အသီးသီး ရှိခဲ့သည်။ (၂၀၂၁ ခုနှစ်၏ AGGI သည် ၁၉၉၀ ပြည့်နှစ်ထက် ၄၉ ရာခိုင်နှုန်းတိုင် တိုးခြင်းဖြစ်သည်။) ထို့ကြောင့်ပင် ကမ္ဘာ့အပူချိန်သည် တစ်နှစ်ပြီးတစ်နှစ်တက်နေခြင်းဖြစ်သည်။ ဤတွင် စာရှုသူများ အနေဖြင့် - ကျောက်မီးသွေး၊ ဒီဇယ်၊ ဓာတ်ဆီ စသည့် ရုပ်ကြွင်းလောင်စာများကို လျော့သုံးစွဲပြီး ရေအားစွမ်းအင်၊ လေအားစွမ်းအင်၊ နေရောင်ခြည်စွမ်းအင် စသည့် $CO_2$ နှင့်အခြား GHG များ ထုတ်လွှတ်မှုနည်းသည့် (မရှိသည့်) ပြန်ပြည့်မြဲ စွမ်းအင်များကို အစားထိုးသုံးစွဲလျက်ရှိနေသည့်ကြားမှပင် $CO_2$ ပါဝင်မှုနှုန်းသည် ဘာကြောင့် ယခုကဲ့သို့ တစ်နှစ်ထက် တစ်နှစ် တိုးနေရသနည်း - ဟု မေးမြန်းလိုကြမည်ဖြစ်ပါသည်။ ထိုမေးခွန်း၏ အဖြေမှာ - ပြန်ပြည့်မြဲစွမ်းအင်များကို အစားထိုးသုံးစွဲနေကြသည်မှာ မှန်သော်လည်း ကျောက်မီးသွေးသုံးစွဲမှုနှင့်စာလျှင် အလွန်ပင်နည်းပါသေးသည်။ အကြောင်းပေါင်းများစွာကြောင့် ကျောက်မီးသွေးသုံးစွဲမှုကို ရုတ်ချည်းရပ်တန့်ပစ်၍ မရကြပါ။ ထို့ကြောင့် GHGs ထုတ်လွှတ်မှုသည် လျော့ကျမသွားသေးဘဲ တိုးမြင့်နေဆဲပင်ဖြစ်ပါသည်။ ၎င်းပြင် $CO_2$ ကိုအဓိကစုပ်ယူပေးနေသော သစ်တောများသည် တောမီးများ အကြီးအကျယ်လောင်ခြင်းကြောင့်လည်းကောင်း၊ မြို့ပြများ၊ စိုက်ခင်းများ တိုးချဲ့ခြင်းကြောင့် လည်းကောင်း၊ သစ်နှင့် အခြားသစ်တောထွက်ပစ္စည်းများကို ထာဝစဉ်တောထွက်ထက်ကျော်လွန်၍ ထုတ်ယူနေခြင်းကြောင့် လည်းကောင်း သိသာလျင်မြန်စွာ ပြုန်းတီးလျက်ရှိပါသည်။ (နှစ်စဉ် သစ်တောဧရိယာ ဟက်တာပေါင်း ၁၀ သန်းခန့် ပြုန်းတီးလျက်ရှိသည်။)

ထိုသို့ ဖြစ်သည့်အလျောက် ကမ္ဘာ့မှန်လုံအိမ်ဓာတ်ငွေ့ထုတ်လွှတ်မှုသည် တစ်နှစ်ထက်တစ်နှစ် မြင့်တက်နေဆဲပင်ဖြစ်ပါသည်။ ($CO_2$ ထုတ်လွှတ်မှုစုစုပေါင်းသည် ၂၀၀၀ ပြည့်နှစ်က ၂၅ ဒသမ ၂၃ ဘီလီယံမက်ထရစ်တန်သာရှိခဲ့ပြီး ၂၀၂၀ က ၃၄ ဒသမ ၂ ဘီလီယံမက်ထရစ်တန်နှင့် ၂၀၂၁ က ၃၆ ဒသမ ၃ ဘီလီယံမက်ထရစ်တန် တိုင်အောင်ရှိခဲ့သည်။ မှန်လုံအိမ်ဓာတ်ငွေ့စုစုပေါင်းသည် ၂၀၁၀ က ၄၂ ဒသမ ၆၇ ဘီလီယံမက်ထရစ်တန် $CO_2e$ သာရှိခဲ့ရာမှ ၂၀၂၀ တွင် ၄၅ ဒသမ ၅၄ ဘီလီယံမက်ထရစ်တန် $CO_2e$ တိုင်ရှိခဲ့သည် ($CO_2e$ - Carbondioxide equivalent)။ ထို့ကြောင့် ကမ္ဘာ့လေထုအတွင်း၌ $CO_2$ နှင့် အခြား GHG များ၏ ပါဝင်မှုနှုန်းသည် တစ်နှစ်ပြီးတစ်နှစ် ထပ်ဆောင်းကာ (accumulative) များလာနေခြင်း ဖြစ်သည်။ အကျိုးဆက်အနေဖြင့် ကမ္ဘာ့အပူချိန်သည် ဆက်လက်၍မြင့်တက်နေဦးမည်ဖြစ်သည့်အတွက် သဘာဝဘေးအန္တရာယ်များသည်လည်း တစ်နှစ်ထက်တစ်နှစ် ပိုများနေဦးမည် ဖြစ်ပါသည်။

**ရှေ့အလားအလာ**

ကျောက်မီးသွေးသုံးစွဲမှုသည် တစ်ကမ္ဘာလုံး အတိုင်းအတာဖြင့် ၂၀၁၆ ခုနှစ်က ၇ ဒသမ ၇၈၃ ဘီလီယံမက်ထရစ်တန်နှင့် ၂၀၂၁ ခုနှစ်က ၇ ဒသမ ၁၈၇ ဘီလီယံမက်ထရစ်တန်သုံးစွဲခဲ့သဖြင့် အကျဘက်သို့ ဦးတည်လျက်ရှိနေသည်။ ပြန်ပြည့်မြဲစွမ်းအင်များကို အစားထိုးသုံးစွဲမှုပို၍များလာသည်နှင့်အမျှ ကျောက်မီးသွေး သုံးစွဲမှုလျော့ကျလာမည်ဖြစ်သည်။ နေရောင်ခြည်စွမ်းအင်နှင့် လေအားစွမ်းအင်များဖြင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုသည် ၂၀၁၀ ပြည့် လွန်နှစ်များမှ စတင်ကာ သိသာစွာ တိုးမြင့်လာခဲ့ရာ - ၂၀၂၁ ၏ ထုတ်လုပ်မှုသည် ၂၀၁၉ ကထက် နေရောင်ခြည်စွမ်းအင်သည် ၂၃ ရာခိုင်နှုန်း တိုးမြင့်ခဲ့ပြီး လေအားစွမ်းအင်သည် ၁၄ ရာခိုင်နှုန်း တိုးမြင့်

ခဲ့သည်။ လေအားစွမ်းအင်ထုတ်လွှတ်မှုသည် ၂၀၁၀ က ၁၉၈ ဂစ်ဂါဝပ် (GW) သာရှိခဲ့ရာမှ ၂၀၂၁ တွင် ၈၃၇ ဂစ်ဂါဝပ်တိုင်တိုးမြင့်ခဲ့သဖြင့် ၃၂၃ ရာခိုင်နှုန်း တိုးမြင့်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၀ က တစ်ကမ္ဘာလုံးမှ ထုတ်လုပ်ခဲ့သော လျှပ်စစ်ဓာတ်အား စုစုပေါင်းပမာဏ – ၇,၆၁၀ ဂစ်ဂါဝပ်အနက် နေရောင်ခြည်စွမ်းအင်က ၇၁၅ ဂစ်ဂါဝပ်နှင့် လေအားစွမ်းအင်က ၇၃၆ ဂစ်ဂါဝပ်ရှိခဲ့ရာ – တစ်ကမ္ဘာလုံးထုတ်လုပ်မှု၏ ၁၉ ရာခိုင်နှုန်းခန့်ရှိခဲ့သည်။ ၂၀၁၉ ခုနှစ်က ၂ ရာခိုင်နှုန်းခန့်သာရှိခဲ့သဖြင့် သိသာစွာ တိုးမြင့်လာခြင်းဖြစ်သည်။

စက်မှုနိုင်ငံကြီးများကလည်း ကာဗွန်ထုတ်လွှတ်မှုသုံည – Zero Carbon Emission သို့ဦးတည်လျက် ရေတိုရေရှည်ရည်မှန်းချက်ကြီးများဖြင့် အကောင်အထည် ဖော်ဆောင်ရွက်လျက်ရှိကြသည့်အနက် ကာဗွန်ထုတ်လွှတ်မှုလုံးဝမရှိသည့် လျှပ်စစ်မော်တော်ကားများ အသုံးပြုရေးအတွက် နိုင်ငံအများအပြားက အင်တိုက်အားတိုက်ဆောင်ရွက်နေကြသည့်နည်းတူ ကာဗွန်မဲ့ဟိုက်ထရိုဂျင်လောင်စာ (hydrogen fuel) သုံးစွဲနိုင်ရေးအတွက် သုတေသနပြုလျက်ရှိကြပါသည်။

အထက်ဖော်ပြပါ အကြောင်းအချက်အားလုံးကို ခြုံငုံသုံးသပ်ကာ ကောက်ချက်ဆွဲရမည်ဆိုပါက – ကာဗွန်ဒိုင်အောက်ဆိုက်နှင့် အခြားမှန်လုံအိမ်ဓာတ်ငွေ့များ၏ လေထုအတွင်းပါဝင်မှုနှုန်းသည် ယခုဆယ်စုနှစ်အတွင်း ဆက်လက်၍ တက်နေဦးမည်ဖြစ်ပြီး ၂၀၃၀ ပြည့်လွန်နှစ်များမှ စတင်ကာတက်နှုန်း လျော့ကျလာနိုင်ပြီး ၂၀၄၀ တွင် မြင့်တက်နေမှုရပ်တန့်သွားနိုင်ပါသည်။ ၂၀၅၀ ဝန်းကျင်တွင် ကျွန်ုပ်တို့၏ ကမ္ဘာဂြိုဟ်ကြီး ပြန်လည်ကျန်းမာလာမည်ဟု အလေးအနက်ယုံကြည်ပါသည်။



**ဝင်းချစ်(အမျိုးသားစာပေဆုရ) ၏**
**သဘာဝပတ်ဝန်းကျင်ဆိုင်ရာအခြေခံများ (အတွဲ–၁)**
**စာအုပ်မှ**
**စာရေးသူ၏ခွင့်ပြုချက်ဖြင့် ဖော်ပြခြင်းဖြစ်ပါသည်။**

*စာမျက်နှာ (၉) မှ အဆက်*

- ¤ လေထုအရည်အသွေးကို ထိခိုက်မှုအနည်းဆုံး ဖြစ်စေနိုင်သည့် စက်မှုကဏ္ဍနှင့်သယ်ယူပို့ဆောင်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်လာအောင် ဆောင်ရွက်ခြင်း၊
- ¤ ပြန်ပြည့်မြဲစွမ်းအင်ကဏ္ဍများတွင် ရင်းနှီးမြှုပ်နှံမှုများ တိုးမြှင့်ဆောင်ရွက်ခြင်း၊
- ¤ လေထုအရည်အသွေးကို ထိခိုက်မှုအနည်းဆုံးဖြစ်စေနိုင်သော သန့်ရှင်းသည့်စွမ်းအင်ရရှိအောင် ဆောင်ရွက်ခြင်း၊
- ¤ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုလျော့ချရေးလုပ်ငန်းများကို သက်ဆိုင်ရာလုပ်ငန်းကဏ္ဍများတွင် ထည့်သွင်းပေါင်းစပ်ဆောင်ရွက်ခြင်း၊
- ¤ ပတ်ဝန်းကျင်အရည်အသွေးဆန်းစစ်ခြင်း ဆိုင်ရာသုတေသနလုပ်ငန်းများ ဖွံ့ဖြိုးလာစေရေး ဆောင်ရွက်ခြင်း၊
- ¤ နိုင်ငံအတွင်းရှိ နေရာဒေသအသီးသီးတွင် လက်ရှိဖြစ်ပေါ်နေသည့် လေထုအရည်အသွေးကို သိရှိနိုင်ရေးနှင့် လေထုအရည်အသွေးဆိုင်ရာ အခြေခံအချက်အလက်များရရှိနိုင်ရေးအတွက် လေထုအရည်အသွေးကို စဉ်ဆက်မပြတ်စောင့်ကြည့်တိုင်းတာစစ်ဆေးပြီး လေ့လာဆန်းစစ်မှုများဆောင်ရွက်ခြင်း၊
- ¤ လေ့လာဆန်းစစ်ပြီး ရရှိလာသည့် လေထုအရည်အသွေးဆိုင်ရာ အခြေခံအချက်အလက်များအပေါ်အခြေခံကာ လေထုအရည်အသွေး စံချိန်စံညွှန်းများ သတ်မှတ်ပြဋ္ဌာန်းခြင်း၊
- ¤ သတ်မှတ်ပြဋ္ဌာန်းထားသည့် ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများ၊ လေထုအရည်အသွေးစံချိန် စံညွှန်းများနှင့် အညီလိုက်နာဆောင်ရွက်စေရေး ကြပ်မတ်ဆောင်ရွက်ခြင်း။

ကျွန်ုပ်တို့ လူသားတိုင်း သက်ရှည်ကျန်းမာ ပျော်ရွှင်စွာအသက်ရှင်နေထိုင်နိုင်ရေးအတွက် ကျွန်ုပ်တို့၏ ပတ်ဝန်းကျင်ရှိ လေထုအရည်အသွေးကို ကောင်းမွန်သန့်ရှင်းနေအောင် ထိန်းသိမ်းဆောင်ရွက်ပြီး ကျွန်ုပ်တို့ လူသားများ၏ ကျန်းမာကြံ့ခိုင်မှု၊ နိုင်ငံဖွံ့ဖြိုးတိုးတက်မှုနှင့် ပတ်ဝန်းကျင်ရေရှည်တည်တံ့မှုတို့ကိုမျှော်မှန်းလျက် ကျွန်ုပ်တို့အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်သွားနိုင်ရန် အလေးအနက်ရည်မှန်းပြီး '***လေထုသန့်ရှင်းဖို့ အားလုံးပူးပေါင်းဆောင်ရွက်စို့***' ဟုတိုက်တွန်းနှိုးဆော်တင်ပြလိုက်ရပါသည်။

ကိုးကားချက်။ Internet

# အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ စိန်ရတုတိုင်တော့မှာလား ...

## ဦးစိန်သက် – ညွှန်ကြားရေးမှူး (ငြိမ်း)

မြန်မာပြည်အလယ်ပိုင်းရှိ မိုးခေါင်ရေရှားဒေသတွင် သစ်တောများပျက်စီးပြုန်းတီးမှုကြောင့် သစ်တောပြန်လည်ထူထောင်ရေးလုပ်ငန်းကို ၁၉၅၃–၅၄ ခုနှစ် မှစ၍ မြေယာကျေးလက်ကြီးပွားတိုးတက်ရေးကော်ပိုရေးရှင်းက သစ်တောဌာနမှ ခေတ္တလွှဲပြောင်းပေးသော အရာထမ်းအမှုထမ်းများဖြင့် စတင်လုပ်ကိုင်ခဲ့သည်။ အစပြုတွက်လျှင် စိမ်းစိုဦးစီးဌာနရှေ့ပြေးလုပ်ငန်းနှင့် စီမံကိန်းလုပ်ငန်းများသည် နှစ်ပေါင်း(၇၀) တိုင်ခဲ့ပြီ ဖြစ်ပါသည်။

အများသိသည့်အတိုင်း မြန်မာနိုင်ငံအလယ်ပိုင်းအပူပိုင်းဒေသသည် နှစ်စဉ်ပျမ်းမျှမိုးရွာသွန်းမှုသည် ၁၂၅၀ မီလီမီတာ (၄၀ လက်မ) အောက်တွင်ရှိပြီး မိုးရွာသွန်းသည့်ရက်မှာ ရက်ပေါင်း (၅၀)ခန့်သာ ရှိသည်။ ပျမ်းမျှအပူချိန်သည်လည်း ၈၀ ˚F ခန့်ရှိပြီး လွန်စွာခြောက်သွေ့သောဒေသ ဖြစ်ပါသည်။ ရေငတ်ဒဏ်ခံနိုင်သောအပင်များမှလွဲပြီး စိုက်ပျိုးရေးလုပ်ငန်းအတွက် သဘာဝမိုးရေကို လုံလောက်စွာမရရှိပေ။ အပူပိုင်းဒေသသည် မြေဆီလွှာသည်လည်း မြေဝါသဲဝန်း၊ စနယ်မြေနှင့် မြေနီသဲဝန်း (သဲဝန်း တောခြောက်မြေ) စသည်တို့ကို အဓိကတွေ့ရှိရပြီး ရေထိန်းသိမ်းနိုင်မှု(Water Holding Capacity)မှာ အနည်းဆုံး (၃.၂%) မှ အများဆုံး (၂၈.၄% ) ခန့်သာ ရှိပါသည်။ မိုးနည်းပါးခြင်း၊ မြေဆီလွှာတွင် မိုးရေထိန်းသိမ်းနိုင်မှု နည်းပါးခြင်း၊ သစ်တောသစ်ပင်နည်းပါးခြင်းနှင့်အတူ မြေဆီလွှာအညံ့ဆုံးဖြစ်၍ ဆူးချုံတော၊ ရှား၊ သန်း၊ ဒဟက်တောများသာ ပေါက်ရောက်ပါသည်။

မြန်မာနိုင်ငံအလယ်ပိုင်းအပူပိုင်းဒေသသည် နိုင်ငံ၏ အနောက်ဘက်ရှိ ရခိုင်ရိုးမနှင့် အရှေ့ဘက်ရှိ ရှမ်းရိုးမကုန်းပြင်မြင့်တို့၏ Rain Shadow Effect ကြောင့် မိုးရွာသွန်းမှုအလွန်နည်းပါး၍ ရာသီဥတုပြင်းထန်ခြင်း၊ ဘူမိဗေဒသွင်ပြင်အရ မြန်မာနိုင်ငံ၌ နောက်ဆုံးမှ ကုန်းမြေဖြစ်ခဲ့သည့်ဒေသဖြစ်၍ ဘူမိသက်တမ်းနုပြီး ပွပျော့သည့်ကျောက်များအပေါ်တွင် မျက်မှောက်ခေတ်အနည်ကျကျောက်များက ဖုံးလွှမ်းလျက်ရှိသဖြင့် ရုပ်ပိုင်းချေဖျက်မှုနှင့် တိုက်စားသယ်ဆောင်မှုကို အများဆုံးခံနေရခြင်း၊ ဒေသတွင်းလူနေထူထပ်ပြီး ၎င်းတို့၏ လူမှုစီးပွားဘဝ ရှင်သန်မှုပုံစံသည် သဘာဝအရင်းအမြစ်များအပေါ် မှီခိုမှုမြင့်မားခဲ့ခြင်း စသည့် အကြောင်းရင်းများကြောင့် ဒေသတွင်း သဲကန္တာရဆန်သည့် သွင်ပြင်လက္ခဏာများ ပေါ်ပေါက်လာခဲ့ပြီး ယင်းကဲ့သို့ သဲကန္တာရဖြစ်ထွန်းလာမှုအား တားဆီးကာကွယ်ရန် ခေတ်အဆက်ဆက်ကြိုးပမ်းမှုများ ပြုခဲ့ကြပါသည်။

မြန်မာနိုင်ငံအလယ်ပိုင်း စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးတို့၏ အပူပိုင်းဇုန်အတွင်းကျရောက်သော မြို့နယ်များသည် မိုးရေချိန် လက်မ ၄၀ အောက်သာရရှိပြီး အပူချိန် ၄၇.၂ ဒီဂရီဆဲလ်ဆီးယပ်ထိမြင့်မားပြီး ခြောက်သွေ့ကာလမှာလည်း နိုဝင်ဘာလမှ မေလအထိတိုင် ကြာရှည်ပါသည်။ မြေတိုက်စားမှုများပြီး အပေါ်ယံမြေဆီလွှာကုန်ခန်းပြီး အပင်များသဘာဝမျိုးဆက်ရန်ပင် ခက်ခဲလှပါသည်။ သစ်တောသစ်ပင်နည်းပါးခြင်းကြောင့် အပူချိန်လွန်ကဲခြင်း၊ မိုးခေါင်ခြင်း၊ မြေဆီလွှာပျက်စီးပြီး သဲကန္တာရဖြစ်ထွန်းနိုင်သည့်အခြေအနေများ (desert-like formation) ကို တွေ့မြင်နိုင်ပါသည်။ ထို့



ကြောင့်လည်း မြန်မာနိုင်ငံသည် ၁၉၉၇ ခုနှစ်၊ ဖေဖော်ဝါရီလတွင် ကုလသမဂ္ဂသဲကန္တာရ တိုက်ဖျက်ရေးကွန်ဗင်းရှင်း (UNCCD) အဖွဲ့ဝင်နိုင်ငံဖြစ်လာခဲ့ပြီး အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန၊ သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနက Focal ဌာနအဖြစ်ဆောင်ရွက်လျက်ရှိပါသည်။ ယနေ့အထိ 'ကုလသမဂ္ဂသဲကန္တာရတိုက်ဖျက်ရေးကွန်ဗင်းရှင်း' (UNCCD) တွင် အဖွဲ့ဝင်နိုင်ငံပေါင်း ၁၉၇ နိုင်ငံ ရှိပြီး သဲကန္တာရဖြစ်ထွန်းမှုများ ဖြစ်ပေါ်နေသောနိုင်ငံပေါင်း ၇၀ တွင် နိုင်ငံအဆင့်သဲကန္တာရတိုက်ဖျက်ရေးစီမံချက်များ ရေးဆွဲပြီး အကောင်အထည်ဖော်နိုင်ရေး ပူးပေါင်းကူညီပေးလျက်ရှိပါသည်။

မြန်မာနိုင်ငံအလယ်ပိုင်း၊ အပူပိုင်းမိုးနည်းဒေသ၏ သဘာဝပတ်ဝန်းကျင်အခြေအနေနှင့် ဒေသခံပြည်သူတို့၏ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်ကောင်းမွန်လာစေရန် ရည်ရွယ်ချက်ဖြင့် ၁၉၅၃-၁၉၅၄ ဘဏ္ဍာနှစ်တွင် မြေယာကျေးလက်တိုးတက် ကြီးပွားရေးကော်ပိုရေးရှင်း (မြေကျေး၊ ရှင်း)ကို သစ်တောဌာနမှ အရာထမ်း၊ အမှုထမ်းအချို့အား လွှဲပြောင်းရယူ၍ စတင်ဖွဲ့စည်းခဲ့ပြီး အပူပိုင်းဒေသသစ်တောများ ပြန်လည်ပြုစုပျိုးထောင်ခြင်းလုပ်ငန်းကို မိတ္ထီလာသစ်တောခရိုင်တွင် အများဆုံးဆောင်ရွက်ခဲ့ပါသည်။

၁၉၆၂-၁၉၆၃ ဘဏ္ဍာနှစ်အထိ ပုပ္ပါးတောင် ရေဝေရေလဲသစ်တောများ ပြန်လည်ထူထောင်ခြင်းနှင့် ကျေးရွာသစ်တောများကို စံပြသစ်တောများ တည်ထောင်ခြင်းတို့ကို ဦးစားပေး၍ (၁၀) နှစ် ဆောင်ရွက်ခဲ့ပါသည်။

၁၉၆၃ ခုနှစ် နောက်ပိုင်းတွင် သစ်တောဦးစီးဌာနမှ ပြန်လည်လွှဲပြောင်းတာဝန်ယူဆောင်ရွက်ခဲ့ပြီး ၁၉၆၃-၁၉၆၄ မှ ၁၉၇၂-၁၉၇၃ ဘဏ္ဍာနှစ်အထိ (၁၀) နှစ်တာကာလအား ပထမစီမံကိန်းကာလအဖြစ် လည်းကောင်း၊ ၁၉၇၂-၁၉၇၃ မှ ၁၉၈၁-၁၉၈၂ ဘဏ္ဍာနှစ်အထိ (၁၀)နှစ်တာကာလအား ဒုတိယစီမံကိန်းကာလအဖြစ် လည်းကောင်းသတ်မှတ်၍ ရမည်းသင်း၊ မိတ္ထီလာ၊ မန္တလေး-မေမြို့၊ ရွှေဘို၊ အောက်ချင်းတွင်း၊ ယော၊ မင်းဘူး၊ သရက်နှင့် အောင်လံသစ်တောခရိုင်များတွင် စီမံကိန်းများကို စနစ်တကျရေးဆွဲကာ လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။

၁၉၈၂ ခုနှစ် နောက်ပိုင်းတွင် သစ်တောဦးစီးဌာန၏ဖွဲ့စည်းပုံအရ ခရိုင်အဆင့်များဖျက်သိမ်း ပြင်ဆင်ခဲ့ခြင်း၊ ဝန်ထမ်းအင်အားမလုံလောက်ခြင်း၊ စနစ်တကျဆောင်ရွက်ရန် အခက်အခဲများကြုံတွေ့ခဲ့ရခြင်းတို့ကြောင့် အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများကို အတိုင်းအတာတစ်ခုအထိသာ ဆောင်ရွက်နိုင်ခဲ့ပါသည်။

၁၉၉၄-၁၉၉၅ ဘဏ္ဍာနှစ်တွင် အထူးဒေသကိုးခရိုင်စိမ်းလန်းစိုပြည်ရေးစီမံကိန်းချမှတ်၍ စစ်ကိုင်း၊ မုံရွာ၊ မြင်းခြံ၊ မိတ္ထီလာ၊ ရမည်းသင်း၊ ပခုက္ကူ၊ မကွေး၊ မင်းဘူးနှင့် သရက်ခရိုင်တို့တွင် စမ်းသပ်ကာလအဖြစ် (၃)နှစ်တာကာလအတွင်း သစ်ပင်စိုက်ခြင်း၊ သဘာဝသစ်တောများထိန်းသိမ်းခြင်း၊ ရေအရင်းအမြစ်ဖော်ထုတ်၍ စနစ်တကျသုံးစွဲစေခြင်းတို့အပြင် ဒေသခံပြည်သူတို့အား တိုးချဲ့ပညာပေးရေးအစီအစဉ်များကို ဆောင်ရွက်ခဲ့ပါသည်။ ၁၉၉၅-၁၉၉၆ ဘဏ္ဍာနှစ်တွင် ညောင်ဦးနှင့် ရွှေဘိုခရိုင်တို့ တိုးချဲ့ပါဝင်လာခဲ့ပါသည်။

၁၉၉၆-၁၉၉၇ ဘဏ္ဍာနှစ်မှ စတင်၍ အထူးဒေသကိုးခရိုင်တွင်ပါဝင်သော မြင်းခြံခရိုင်၌ ရေဝေတောင်တန်းများစိမ်းလန်းစိုပြည်ရေးအတွက် အထူးလုပ်ငန်းစီမံကိန်းအဖြစ် ကြိုးပြင်ကာကွယ်တောများဖွဲ့စည်းတည်ထောင်ခြင်း၊ ရေဝေရေလဲသစ်တောများ ထိန်းသိမ်းကာကွယ်ခြင်း၊ သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ ဆည်ငယ်ကန်ငယ်များ တည်ဆောက်ခြင်းလုပ်ငန်း၊ ဒေသခံပြည်သူအစုအဖွဲ့ပိုင်သစ်တောလုပ်ငန်းနှင့် တိုးချဲ့ပညာပေးခြင်းလုပ်ငန်းများကိုပါ တွဲဖက်ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရပါသည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးအတွက် မျက်ခြည်မပြတ်၊ ထိထိရောက်ရောက်ဖော်ဆောင်နိုင်ရေး အတွက် ဌာနတစ်ခုဖွဲ့စည်းရန် ၁၉၉၇ ခုနှစ်၊ ဇွန်လ (၂၅) ရက်နေ့တွင်ကျင်းပသော အစိုးရအဖွဲ့အစည်းအဝေးမှ သဘောတူခွင့်ပြုခဲ့ပါသည်။ မြန်မာနိုင်ငံအလယ်ပိုင်းအပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများအား အထူးအလေးပေးကြိုးပမ်းဆောင်ရွက်နိုင်ရန် သစ်တောဝန်ကြီးဌာနဝန်ကြီးရုံး၏ ၂၂-၇-၁၉၉၇ ရက်စွဲပါ စာအမှတ်၊ ၁/၁၈၀ (က)(၆)/(၆၂၀/၉၇) ဖြင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနကိုစတင်ဖွဲ့စည်းခဲ့ပြီး ၁၉၉၇ ခုနှစ်၊ စက်တင်ဘာလ (၁၈) ရက်နေ့တွင် မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့၌ ညွှန်ကြားရေးမှူးချုပ်ရုံးကိုဖွင့်လှစ်ခဲ့ပါသည်။

အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာနအား အောက်ပါရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်-

(က)အပူပိုင်းဒေသစိမ်းလန်းစိုပြည်သာယာလှပစေရန်၊
(ခ)ရေ၊ မြေ၊ သဘာဝဝန်းကျင်ကို ထိန်းသိမ်းရန်၊
(ဂ)ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားထာဝစဉ်ဖွံ့ဖြိုးတိုးတက်စေရန်၊
(ဃ)ကျေးလက်နေပြည်သူများ၏ အခြေခံသစ်တောထွက်ပစ္စည်းလိုအပ်ချက်များကို ဖြည့်ဆည်းရန်၊
(င)သစ်တောသစ်ပင်များ၏ တန်ဖိုးနှင့်အနှစ်သာရကို ဒေသနေပြည်သူများ သိရှိနားလည်စေရန်၊
(စ)သဘာဝဝန်းကျင်ထိန်းသိမ်းရေး၊ ဖွံ့ဖြိုးရေးလုပ်ငန်း

များနှင့်ပတ်သက်၍ ပြည်သူလူထုအသိပညာ မြှင့်တင်ရန်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်မှုကို တိုးတက်ရရှိစေရန်၊

(ဆ)ရာသီဥတုမျှတကောင်းမွန်လာခြင်းဖြင့် စိုက်ပျိုးရေးကို အထောက်အကူဖြစ်စေရန်၊

(ဇ)သဲကန္တာရဖြစ်ထွန်းမှုကို ကာကွယ်တားဆီးရန်တို့ ဖြစ်ပါသည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန အနေဖြင့် နှစ်(၃၀) အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဘက်စုံစီမံကိန်း (၂၀၀၀-၂၀၀၁ မှ ၂၀၃၀-၂၀၃၁ ခုနှစ်အထိ) ရေးဆွဲပြီး သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောကျန်များထိန်းသိမ်းကာကွယ်ခြင်း၊ ထင်းအစားအခြားအစားထိုးလောင်စာများတိုးမြှင့်သုံးစွဲခြင်းနှင့် ရေရရှိရေးအကောင်အထည်ဖော်ဆောင်ရွက်ခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ ထို့အပြင် အထူးစိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ၊ အပူပိုင်းဒေသတောင်စဉ်တောင်တန်းများ စိမ်းလန်းစိုပြည်ရေးသစ်ပင်စိုက်ပျိုးရေးလုပ်ငန်းများ၊ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများနှင့် သစ်တောထိန်းသိမ်းရေးအသိပညာပေးရေး၊ တိုးချဲ့ပညာပေးရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါသည်။

အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန စတင်တည်ထောင်သည့် (၁၉၉၇) ခုနှစ်မှစတင်၍ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအထိ ရေရရှိရေးအကောင်အထည် ဖော်ဆောင်ရွက်ခြင်းလုပ်ငန်းများ၌ မြေအောက်ရေ(အဝီစိတွင်း) (၁၃၈)တွင်း၊ ရေကန်ငယ်(၁၉၀၀)ကန်၊ ဂါလံ(၅၀၀၀)ဆံ့ မိုးရေစုကန် (၆၇)ကန်၊ ရေကန်ဟောင်း(တိမ်ကော ရေကန်) (၃၃)ခု၊ ဂါလံ(၂၀၀)ဆံ့ မိုးရေခံကွန်ကရစ်ကန် (၂၀၄၀)ကန်၊ ဂါလံ(၁၀၀)ဆံ့ မိုးရေခံကွန်ကရစ်ကန် (၁၉၀၀)ကန်၊ ရေနှင့်မြေဆီလွှာထိန်းသိမ်းကာကွယ်ရေးအတွက် ကျောက်စီနန်းထိန်းတမံ (၃၃၂၁)ခု၊ တစ်ဖက်ရပ်ဆည် (၁၃)ခုကိုနိုင်သည့် ဝန်၊ ရရှိသည့် ပြည်သူ့ဘဏ္ဍာငွေဖြင့် တစ်ဖက်တစ်လမ်းမှ ပြည်သူ့အကျိုးဖြည့်ဆည်းဆောင်ရွက်ပြီးစီးခဲ့သည်မှာ ဝမ်းသာဂုဏ်ယူဖွယ်ရာပင်ဖြစ်သည်။ ထို့အပြင် လူထုဟောပြောပွဲပြုလုပ်၍ နည်းပညာနှင့်အသိပညာ (Technology and Knowledge)ဖြန့်ဝေခြင်း၊ တိုးချဲ့ပညာပေးစခန်းများဖွင့်လှစ်ခြင်း၊ ကျေးရွာအဆင့်လူမှုစီးပွားရေး (Socio-economic) အခြေအနေ၊ ကျေးရွာအချက်အလက်များ (Village Profile Data) နှင့် ကျေးရွာသူရွာသားများ၏လိုအပ်ချက် (Need Assessment Survy, NSA) စာရင်းကောက်ယူခြင်းစသည့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်းသိရှိရပါသည်။

အပူပိုင်းခြောက်သွေ့တောမြေများတွင် မြေဆီလွှာတိုက်စားခြင်း၊ မြေအတန်းအစားလျော့ကျခြင်းတို့ ဆက်လက်ဖြစ်ပေါ်နေပါက ကန္တာရမြေအဖြစ်သို့ပြောင်းလဲရောက်ရှိသွားတော့မည်ဖြစ်ရာ ကျွန်ုပ်တို့မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်းခြောက်သွေ့တောမြေများတွင်လည်း စိမ်းလန်းစိုပြည်ရေးလုပ်ငန်းစဉ်များဖြစ်သည့် သစ်တောစိုက်ခင်းများတည်ထောင်ခြင်း၊ သဘာဝတောကျန်များထိန်းသိမ်းခြင်း၊ ထင်းအစားအခြားလောင်စာတိုးမြှင့်သုံးစွဲရေးဆောင်ရွက်ခြင်း၊ ကျေးလက်ဒေသများတွင် ရေရရှိရေးလုပ်ငန်းများဆောင်ရွက်လုပ်ကိုင်ပေးခြင်း စသည်တို့ကို အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ အဓိကထားဆောင်ရွက်ရင်း မြေဆီလွှာတိုက်စားမှုလျော့ကျရေးအစီအစဉ်များကိုလည်း ထည့်သွင်းဆောင်ရွက်လျက်ရှိပေသည်။ ရာသီဥတုပြောင်းလဲ၍ သဲကန္တာရဖြစ်ထွန်းမှုတိုက်ဖျက်ရေး၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး၊ ရေနှင့်မြေဆီလွှာထိန်းသိမ်းရေးတို့မှာ နိုင်ငံတော်အစိုးရ၊ ဝန်ကြီးဌာနနှင့် အဖွဲ့အစည်းတို့မှချည်း ဆောင်ရွက်နေရုံနှင့် ပြီးမြောက်အောင်မြင်မည်မဟုတ်ပေ။ ၎င်းဒေသများတွင်နေထိုင်ကြသူ ဒေသခံပြည်သူများနှင့် တကွ စီးပွားရေးအရ၊ လူမှုရေးအရ စသည်စသည် ဆက်စပ်ပတ်သက်နေကြသူအားလုံးတို့က အသိစိတ်ရှိရှိဖြင့်ပူးပေါင်းပါဝင်ထိန်းသိမ်းဆောင်ရွက်ကြရန်လိုပါကြောင်း အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးလုပ်ငန်းများ စိန်ရတုအကြို တင်ပြလိုက်ရပေသည်။



ဦးအောင်မြင့်

# စာချုပ်ချုပ်ဆိုခြင်းအနုပညာ

## ဇော်မင်းထွန်း (ဥဒ)

လူမှုအသိုင်းအဝန်းတွင် နိစ္စဓူဝကြုံတွေ့ရသည့် စားဝတ်နေရေးကိစ္စရပ်များကို ဖြေရှင်းကြရာတွင် သမ္မာအာဇီဝနှင့်လျော်ညီသည့် အသက်မွေးဝမ်းကြောင်းမှုကို ပြုကြရပါသည်။ လူတစ်ဦးနှင့်တစ်ဦး ဆက်သွယ်ဆက်ဆံ၍ ရောင်းဝယ်ဖောက်ကားမှုပြုရပါသည်။ စားဝတ်နေရေး အတွက် ရောင်းဝယ်ရာတွင် လူတစ်ဦးနှင့်တစ်ဦး ကတိကဝတ်ပြုခြင်း၊ အပြန်အလှန်ဆက်သွယ်ဆက်ဆံခြင်းများ ဆောင်ရွက်ရာတွင် နှုတ်ကတိဖြင့် ဆောင်ရွက်၍ မရတော့ဘဲ နှုတ်တစ်ရာစာတစ်လုံးဆိုသည့်စကားရပ်နှင့်အညီ ခိုင်မာမှန်ကန်သည့်အထောက်အထားရေရှည်တည်တံ့စေမည့် ပေစာ၊ စာရွက်၊ မှတ်တမ်းတို့ဖြင့် မှတ်တမ်းပြုစုဆောင်ရွက်ရပါသည်။ ထိုသို့ ကတိကဝတ်တစ်ခုကို စာတမ်းအမှတ်အသားတစ်ခု ပြုစုလုပ်ကိုင်ဆောင်ရွက်ကြခြင်းကို လူမှုပတ်ဝန်းကျင်တွင် စာချုပ်ချုပ်သည်ဟု ယေဘုယျအသိအမှတ်ပြုထားပါသည်။ လူတစ်ဦးနှင့်တစ်ဦးကြားတွင်ဖြစ်စေ၊ လူ့အဖွဲ့အစည်း တစ်ခုနှင့်တစ်ခုကြားတွင်ဖြစ်စေ၊ ၎င်းတို့၏ အခွင့်အရေးကို ဆက်ခံသူတို့ကြားတွင်ဖြစ်စေ၊ နောင်ခါကာလများတွင် အငြင်းပွားမှု၊ မသမာမှုမရှိစေရန် မသေချာသည့် နှုတ်ပြောဖြင့် မဟုတ်ဘဲ စာဖြင့် မှတ်တမ်းတင်ခြင်းကိုလည်း စာချုပ်သည်ဟု သိရှိကြပါသည်။

စာချုပ်ကို ပညာရှင်များက အဓိပ္ပါယ်အမျိုးမျိုး ဖွင့်ဆိုခဲ့ကြပါသည်။ လက်လှမ်းမီသမျှတင်ပြရပါမည်ဆိုလျှင် စာချုပ်စာတမ်းဆိုသည်မှာ *'လူတစ်ဦးနှင့်တစ်ဦး (သို့) အများနှင့်ဖြစ်စေ၊ အဖွဲ့အစည်းတစ်ခုနှင့်တစ်ခုဖြစ်စေ၊ ငွေကြေး (သို့)ပစ္စည်းနှင့်စပ်လျဉ်း၍ နှစ်ဦးနှစ်ဖက်သဘောတူညီချက်ကို ခိုင်မာစေရန် စာဖြင့်ရေးသားဖော်ပြခြင်းကို ဆိုသည် '* ဟု မှတ်သားရပါသည်။ ဥပဒေအဘိဓာန်အရ 'စာချုပ်' ဆိုသည့် စာလုံးကို အဓိပ္ပါယ်ဖွင့်ဆိုထားရာတွင် *' စာချုပ်ဝင်များအကြား ပဋိညာဉ် ပြုရန်အတွက် တာဝန်ရှိသူ စာချုပ်ဝင်က လက်မှတ်ရေးထိုးထားသော (လိုအပ်လျှင် တံဆိပ်ပါ ရိုက်နှိပ်ထားသော)စာဖြင့် ရေးသားထားသည့် (သို့မဟုတ်) ပုံနှိပ်ထားသည့် စာရွက်စာတမ်း အထောက်အထားဖြစ်သည် '* ဟု ဖွင့်ဆိုထားပါသည်။

စာချုပ်သည် အကြောင်းအရာတစ်ရပ်နှင့် ပတ်သက်၍ သက်သေခံ၊ ကတိဝန်ခံသည့်(သို့မဟုတ်) အကြောင်းအရာအခြေအနေအချက်အလက်များကို ပြည့်စုံစွာ ဖော်ပြသည့် စာရေးသားချက် (သို့မဟုတ်) စာတမ်း အမှတ်အသားတစ်ရပ်ဖြစ်ပါသည်။ စာချုပ်ကို စာဖြင့် ရေးသားရန်သာမကဘဲ စာချုပ်ဝင်များက လက်မှတ်ရေးထိုး လက်ရောက်လွှဲပြောင်းရန် လိုအပ်ပါသည်။

အင်္ဂလိပ်ဥပဒေတွင် စာချုပ်တစ်ရပ်ဖြစ်မြောက်စေရန် အင်္ဂါရပ် (၃)ခုလိုအပ်ပါသည်။

(၁)စာချုပ်စည်းကမ်းချက်များကို စာဖြင့် ရေးသားဖော်ပြခြင်း၊

(၂)စာချုပ်ဝင်တို့၏ သဘောတူညီချက်ကို ဖော်ပြသည့်အနေဖြင့် တံဆိပ်ခတ်နှိပ်ခြင်း၊

(၃)စာချုပ်အရ အပြန်အလှန် တာဝန်ရှိစေရန်နှင့် စာချုပ်အကျိုးသက်ရောက်မှုရှိစေရန် လက်ရောက်ပေးအပ်ခြင်း၊

အများဆိုင်အင်္ဂလိပ်ဥပဒေ (English Common Law)အရ စာချုပ်ချုပ်ဆိုရာတွင် စာချုပ်တစ်ရပ်တွင် အောက်ပါအချက်များပါရှိရမည်–

(၁)စာချုပ်ကို စာဖြင့် ရေးသားရမည်။

(၂)သားရေပုရပိုက် (Parchment)(သို့မဟုတ်) စက္ကူတွင် ရေးရမည်။

(၃)စာချုပ်ဝင် (သို့မဟုတ်) စာချုပ်တွင် လက်မှတ်ရေးထိုးမည့်သူသည် စာချုပ်ချုပ်ဆိုရန် အရည်အချင်း ပြည့်စုံသူဖြစ်ရမည်။

(၄)စာချုပ်ဝင်တို့၏ အမည်အပြည့်အစုံ (Sufficient name) ပါရှိရမည်။

(၅)အခြားစာချုပ်ဝင်သည်လည်း စာချုပ်ချုပ်ဆိုရန် အရည်အချင်းပြည့်မီရမည်။

(၆)အခြားစာချုပ်ဝင်ကလည်း အမည်အပြည့် အစုံ ဖော်ပြရမည်။

(၇)စာချုပ်ချုပ်ဆိုရန်အကြောင်း ဖော်ပြရမည်။

(၈)ဥပဒေအရ လိုအပ်ပါက ကျွမ်းကျင်မှုဆိုင်ရာ ဝေါဟာရ (Technical name)များ ပါရှိရမည်။

(၉)တံဆိပ်ခတ်နှိပ်ထားရမည်။

(၁၀)လက်ရောက်ပေးအပ်ရမည်။

စာချုပ်စာတမ်းဆိုသည်မှာ တစ်နည်းအားဖြင့် ဥပဒေနှင့်အညီ အကောင်အထည်ဖော်နိုင်သည့်စာဖြင့် ရေးသားထားသော ပဋိညာဉ်ဟုလည်း ဆိုကြပါသည်။ ပဋိညာဉ်အက်ဥပဒေပုဒ်မ ၉ တွင် အောက်ပါအတိုင်း ဖွင့်ဆို

ထားပါသည်-

ကတိတစ်ရပ်နှင့်စပ်လျဉ်း၍ အကြံပြုချက်ဖြစ်စေ၊ လက်ခံခြင်းတို့ဖြစ်စေ၊ နှုတ်ဖြင့် ဖော်ပြလျှင် ထိုကတိသည် အတိအလင်းထားရှိသော ကတိမည်၏။ အဆိုပါအကြံပြုချက်ကို ဖြစ်စေ၊ လက်ခံခြင်းကိုဖြစ်စေ၊ နှုတ်ဖြင့် ဖော်ပြခြင်းမပြုဘဲ အခြားနည်းဖြင့် ပြုလုပ်လျှင် သဘောသက်ရောက်သည့် ကတိဖြစ်သည်

ဤပုဒ်မဆိုလိုရင်းသည် ကတိတစ်ရပ်ကို စာဖြင့်လည်းကောင်း၊ နှုတ်ဖြင့်လည်းကောင်း၊ ပြုနိုင်သည်ဖြစ်သည်။ ပဋိညာဉ်အက်ဥပဒေပုဒ်မ (၁၀)အရလည်း စာဖြင့်ရေးရန် (သို့မဟုတ်) မှတ်ပုံတင်ရန် လိုအပ်သည့် ကိစ္စများမှအပ ပဋိညာဉ်ကိုစာဖြင့်လည်းကောင်း၊ နှုတ်ဖြင့် လည်းကောင်း ပြုလုပ်နိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်။

ပစ္စည်းလွှဲပြောင်းခြင်း အက်ဥပဒေအရ စာဖြင့်ရေးသားပြီးမှသာ လွှဲပြောင်းနိုင်ကြောင်း ပြဋ္ဌာန်းထားသည့် ကိစ္စရပ်များမှာ-

(၁)ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ-၅၄အရ ငွေ ကျပ် (၁၀၀)နှင့်အထက် တန်ဖိုးရှိသော မရွှေ့မပြောင်းနိုင်သောပစ္စည်းကို ရောင်းချခြင်း၊

(၂)ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ-၅၉ အရ မရွှေ့မပြောင်းနိုင်သောပစ္စည်း၏ ပိုင်ဆိုင်ခွင့်စာချုပ်ကို အပ်နှံ၍ ပေါင်နှံခြင်းမှအပ ငွေကျပ် (၁၀၀)နှင့် အထက် တန်ဖိုးရှိ အခြားပေါင်နှံမှုနှင့် အမျိုးမျိုး လက်မဲ့ပေါင်နှံခြင်း၊

(၃)ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ-၁၀၇ အရ မရွှေ့မပြောင်းနိုင်သောပစ္စည်းများကို တစ်နှစ်ပြီး တစ်နှစ်ငှားရမ်းခြင်း၊ တစ်နှစ်ထက်ပို၍ ငှားရမ်းခြင်း၊ နှစ်အလိုက် ငှါးရမ်းခသတ်မှတ်၍ ငှားရမ်းခြင်း၊

(၄)ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ-၁၁၈ အရ ငွေကျပ် (၁၀၀)နှင့်အထက် တန်ဖိုးရှိသော မရွှေ့မပြောင်းနိုင်သောပစ္စည်းများကိုလဲလှယ်ခြင်း၊

(၅)ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ (၁၂၃)အရ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို မေတ္တာဖြင့် အပိုင်ပေးကမ်းခြင်း၊

(၆)ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ-၁၃၁ အရ တရားစွဲဆိုပိုင်ခွင့်ကို လွှဲပြောင်းခြင်းတို့ ဖြစ်ပါသည်။

ပစ္စည်းလွှဲပြောင်းခြင်းအက်ဥပဒေအရ စာဖြင့် ရေးသားပြီးမှသာ လွှဲပြောင်းနိုင်ကြောင်း ပြဋ္ဌာန်းချက်များမှ မြေငှားရမ်းခြင်းနှင့်သက်ဆိုင်သည့် ပစ္စည်းလွှဲပြောင်းခြင်းဥပဒေပုဒ်မ (၁၀၇)တွင် အောက်ပါအတိုင်း ပြဋ္ဌာန်းထားပါသည်-

မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများကို တစ်နှစ်ပြီး တစ်နှစ် ငှားရမ်းခြင်း၊ တစ်နှစ်ထက်ပို၍ ငှားရမ်းခြင်း၊ ငှားရမ်းခကို နှစ်အလိုက်သတ်မှတ်၍ ငှားရမ်းခြင်းတို့ကို မှတ်ပုံတင်စာချုပ်နှင့်သာ ပြုလုပ်နိုင်သည်

နိုင်ငံတော်ပိုင်မြေနှင့် အဆောက်အဦများ ငှားရမ်းရာတွင် ၂၀၁၇ ခုနှစ် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေ၊ အခန်း (၈)တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားပါသည်-

ပုဒ်မ၃၆။ ရင်းနှီးမြှုပ်နှံသူသည် နည်းဥပဒေများတွင် ဖော်ပြထားသော အောက်ပါလုပ်ငန်းများကို ကော်မရှင်သို့ အဆိုပြုချက်တင်ပြစေပြီး ခွင့်ပြုမိန့်ရရှိမှသာ ရင်းနှီးမြှုပ်နှံရမည်-

(က)နိုင်ငံတော်အတွက် မဟာဗျူဟာအရ အရေးပါသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းအမျိုးအစားများ၊

(ခ)မတည်ငွေရင်းကြီးမားသည့် ရင်းနှီးမြှုပ်နှံမှု လုပ်ငန်းအမျိုးအစားများ၊

(ဂ) သဘာဝပတ်ဝန်းကျင်နှင့် ဒေသခံလူထုအပေါ် ကြီးမားသောသက်ရောက်မှုဖြစ်စေနိုင်သည့် ရင်းနှီး မြှုပ်နှံမှုလုပ်ငန်းများ၊

(ဃ)နိုင်ငံတော်ပိုင်မြေနှင့် အဆောက်အအုံများ အသုံးပြုသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

(င)ကော်မရှင်သို့အဆိုပြုချက်တင်ပြစေရန် အစိုးရအဖွဲ့က သတ်မှတ်ထားသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊

၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံရင်းနှီးမြုပ်နှံမှုဥပဒေ၊ အခန်း(၁၂)၊ ပုဒ်မ(၅၀)တွင် မြေအသုံးပြုခွင့်ကိစ္စနှင့်ပတ်သက်၍ အောက်ပါအတိုင်းပြဋ္ဌာန်းထားပါသည်-

၅၀။(က)ဤဥပဒေအရ ခွင့်ပြုမိန့်ရရှိထားသော (သို့မဟုတ်) အတည်ပြုမိန့်ရရှိထားသော ရင်းနှီးမြှုပ်နှံသူသည် ပုဂ္ဂလိကမြေ (သို့မဟုတ်) အဆောက်အအုံဖြစ်ပါက ပိုင်ရှင်ထံမှလည်းကောင်း၊ အစိုးရက စီမံခန့်ခွဲခွင့်ရှိသောမြေ၊ နိုင်ငံတော်ပိုင်မြေ (သို့မဟုတ်) အဆောက်အအုံဖြစ်ပါက သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများထံမှလည်းကောင်း၊ ရင်းနှီးမြှုပ်နှံမှုပြုလုပ်၍အလို့ငှာ သတ်မှတ်ချက်များနှင့်အညီ နှစ်ရှည်မြေ (သို့မဟုတ်) အဆောက်အအုံငှားရမ်းခွင့်ရှိသည်။ နိုင်ငံသားရင်းနှီးမြှုပ်နှံသူသည် မိမိပိုင်မြေ (သို့မဟုတ်) အဆောက်အအုံတွင် တည်ဆဲဥပဒေများနှင့်အညီ ရင်းနှီးမြှုပ်နှံနိုင်သည်။

(ခ) နိုင်ငံခြားသားရင်းနှီးမြှုပ်နှံသူသည် အစိုးရ (သို့မဟုတ်) အစိုးရအဖွဲ့အစည်းများထံမှ ဖြစ်စေ၊ ပုဂ္ဂလိကမြေ (သို့မဟုတ်) အဆောက်အအုံပိုင်ရှင်ထံမှဖြစ်စေ၊ ကော်မရှင်ခွင့်ပြုမိန့်

(သို့မဟုတ်) အတည်ပြုမိန့်ရရှိသည့်နေ့မှစ၍ ကနဦး နှစ်(၅၀)အထိ သတ်မှတ်ချက်နှင့်အညီ မြေ (သို့မဟုတ်) အဆောက်အအုံ ငှါးရမ်းနိုင်သည်။

(ဂ) အထက်ဖော်ပြပါ ပုဒ်မခွဲ(ခ)အရ ခွင့်ပြုထားသောမြေ (သို့မဟုတ်) အဆောက်အအုံငှါးရမ်းကာလ (သို့မဟုတ်) မြေ(သို့မဟုတ်) အဆောက်အအုံ အသုံးပြုခွင့်ကာလ သက်တမ်းကုန်ဆုံးပြီးနောက် ကော်မရှင်၏ ခွင့်ပြုချက်ဖြင့် တစ်ဆက်တည်းသက်တမ်းတိုးခွင့် (၁၀) နှစ်နှင့် ယင်းသက်တမ်းကုန်ဆုံးပြီး ထပ်မံ၍ (၁၀)နှစ် သက်တမ်းတိုးမြှင့်နိုင်သည်။

(ဃ) ရင်းနှီးမြှုပ်နှံသူသည် မြေငှားရမ်းခြင်းစာချုပ်အား စာချုပ်စာတမ်း မှတ်ပုံတင်ခြင်းအက်ဥပဒေနှင့်အညီ စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် မှတ်ပုံတင်ရမည်။

(င) အစိုးရအဖွဲ့သည် မြေအသုံးချမှု (သို့မဟုတ်) မြေငှားရမ်းမှုများအတွက် မြန်မာနိုင်ငံသားရင်းနှီးမြှုပ်နှံသူအား ပိုမိုကောင်းမွန်သောသတ်မှတ်ချက်များနှင့် အခွင့်အရေးများကို ခွင့်ပြုပေးနိုင်သည်။

(စ) ကော်မရှင်သည် နိုင်ငံတော်တစ်ဝန်းလုံးတွင် ဖွံ့ဖြိုးတိုးတက်စေရန်အလို့ငှါ၊ စီးပွားရေး ဖွံ့ဖြိုးတိုးတက်မှုနည်းပါးပြီးဆက်သွယ်သွားလာရေးခက်ခဲသောဒေသများတွင် ရင်းနှီးမြှုပ်နှံသူများအတွက် ဤဥပဒေပါမြေ (သို့မဟုတ်) အဆောက်အအုံငှားရမ်းခွင့်ကာလ(သို့မဟုတ်) မြေ (သို့မဟုတ်) အဆောက်အအုံ အသုံးပြုခွင့်ကာလထက် ပိုမိုခံစားခွင့်ပြုရာတွင် အစိုးရအဖွဲ့မှတစ်ဆင့် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအတည်ပြုချက်ရယူရမည်။

၂၀၁၇ ခုနှစ်၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှု နည်းဥပဒေ (၇)တွင် မြေနှင့်ပတ်သက်၍ ကော်မရှင်ထံတွင် ခွင့်ပြုမိန့်ရယူရန်မလိုသည့်အခြေအနေကို အောက်ပါ အတိုင်း ပြဋ္ဌာန်းထားပါသည်–

(က)မြေ(သို့မဟုတ်)အဆောက်အအုံအား သက်တမ်း (၅)နှစ် (သို့မဟုတ်) ငါးနှစ်အောက် လျော့နည်း၍ ငှားယူခြင်း (သို့မဟုတ်)လိုင်စင်ရယူခြင်း၊

(ခ)ရင်းနှီးမြှုပ်နှံသူသည် နိုင်ငံတော်ပိုင်မြေ (သို့မဟုတ်) အဆောက်အအုံအား အောက်ဖော်ပြပါ ပုဂ္ဂိုလ်တစ်ဦးဦးထံမှ ငှားရမ်းခြင်း ကတိစာချုပ်သဘောတူစာချုပ် (သို့မဟုတ်) အခြားစာချုပ်အရ ခွင့်ပြုထားသည့်နည်းလမ်းဖြင့် ထပ်ဆင့်ငှားယူခြင်း၊

(၁) မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုဥပဒေအပါအဝင် နိုင်ငံတော်၏ ဥပဒေနှင့်အညီ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းထဲမှ နိုင်ငံတော်ပိုင်မြေ (သို့မဟုတ်) အဆောက်အအုံအသုံးပြုခွင့်အား ယခင်ကပင်ရရှိထားသောပုဂ္ဂိုလ်နှင့်

(၂) အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း၏ ခွင့်ပြုချက်နှင့်အညီ နိုင်ငံတော်ပိုင်မြေ (သို့မဟုတ်) အဆောက်အဦအားတစ်ဆင့်ငှားယူရန် (သို့မဟုတ်) တစ်ဆင့် လိုင်စင်ရယူရန် အခွင့်ရှိသည့်ပုဂ္ဂိုလ်၊

စာချုပ်ချုပ်ရာတွင် ပါဝင်ဆောင်ရွက်သူများကို စာချုပ်ဝင်များဟု ခေါ်ဆိုပါသည်။ စာချုပ်တွင် ကမ်းလှမ်းသည့်ဘက်နှင့် လက်ခံသည့်ဘက်တို့တွင် စာချုပ်ချုပ်ဆိုသူများ ပါဝင်ချုပ်ဆိုရပါသည်။ စာချုပ်တွင် ပါဝင်ချုပ်ဆိုသည့်ပုဂ္ဂိုလ်များသည် မည်သူတို့ဖြစ်ကြောင်း စာချုပ်တွင် ထည့်သွင်းဖော်ပြပါသည်။ စာချုပ်တစ်ခုတွင် စာချုပ်ချုပ်ဆိုသူ အနည်းဆုံး (၂)ဦးပါဝင်ပါသည်။ စာချုပ်ချုပ်ဆိုသူ (၂)ဦး ထက်ပိုပါဝင်သောစာချုပ်များလည်းရှိပါသည်။ ဥပဒေအရ စာချုပ်တစ်ရပ်တွင် စာချုပ်ချုပ်ဆိုသူ ဦးရေမည်မျှ ပါဝင်ရမည်ကို ကန့်သတ်ထားခြင်းမရှိပါ။ အနည်းဆုံး (၂)ဦးနှင့် အထက်ပို၍ ပါဝင်နိုင်ပါသည်။ စာချုပ်ဝင်နှစ်ဘက်က သဘောတူပါက စာချုပ်တွင် စာချုပ်ဝင်အဖြစ် သက်ဆိုင်သူမှန်သမျှ ပါဝင်လက်မှတ်ရေးထိုးနိုင်ပါသည်။ စာချုပ်ဝင်နှစ်ဘက်တွင် အခြားတစ်ဘက်၏ အာမခံချက်ကို အထူးလိုအပ်သည့် အခြေအနေတွင် စာချုပ်ပါ စည်းကမ်းချက်တို့တွင် ဆက်စပ်မှုမရှိစေကာမူ တစ်ဘက်စာချုပ်ဝင်၏ အထက်အဖွဲ့အစည်းများကို စာချုပ်တွင် စာချုပ် ချုပ်ဆိုသူအဖြစ် ပါဝင်လက်မှတ်ရေးထိုးရန် တောင်းဆိုမှုများ ရှိတတ်ပါသည်။ စာချုပ်ချုပ်ဆိုသူတစ်ဦး၏ တာဝန်တစ်ရပ်ဖြင့် ထမ်းဆောင်ရန် (သို့မဟုတ်) အခွင့်အရေးတစ်ရပ်ကို ခံစားရန်မရှိဘဲ မည်သူမျှ စာချုပ်ချုပ်ဆိုသူအဖြစ် စာချုပ်တွင် ဝင်ရောက်လက်မှတ်ရေးထိုး၍မရပေ။ ဆိုလိုသည်မှာ စာချုပ်နှင့် ဆက်စပ်သူအကျိုးခံစားခွင့်ရှိသူတို့သည်သာ စာချုပ်တွင် ပါဝင်လက်မှတ်ရေးထိုးရမည်ဟု ဆိုလိုရင်းဖြစ်ပါသည်။ စာချုပ်ချုပ်ဆိုရာတွင် စာချုပ်ချုပ်ဆိုသူအဖြစ် ပါဝင်လက်မှတ်ရေးထိုးမည့်ပုဂ္ဂိုလ်သည် သက်ဆိုင်ရာတရားဥပဒေအရ စာချုပ်ချုပ်ဆိုရန် အရည်အချင်းပျက်ယွင်းခြင်းမရှိသူ၊ ကိုယ်စားလှယ်အဖြစ်စာချုပ်ချုပ်ဆိုပါကလည်း တရားဝင်ကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူဖြစ်ရပါမည်။ စာချုပ်ဝင်က ကိုယ်စားပြုသည့်အဖွဲ့အစည်းသည် တရားဥပဒေအရ ဖွဲ့စည်းထားသော ဘုတ်(Board)၊ ကော်ပို

ရေးရှင်း(Corporation)၊ လုပ်ငန်း (Enterprise)စသော တရားဝင်အဖွဲ့အစည်းများ၊ မြန်မာနိုင်ငံကုမ္ပဏီအက်ဥပဒေ (သို့မဟုတ်)သင်းဖွဲ့မှတ်တမ်း၊ သင်းဖွဲ့စည်းမျဉ်းများနှင့် ဖွဲ့စည်းထားသောကုမ္ပဏီများ၊ နိုင်ငံခြားကုမ္ပဏီ၊ အဖွဲ့အစည်းဖြစ်ပါက သက်ဆိုင်ရာနိုင်ငံတော်၏တရားဥပဒေနှင့် အညီ ဖွဲ့စည်းထားသော ကုမ္ပဏီအဖွဲ့အစည်းဖြစ်ပါရမည်။

ဌာန၊ အဖွဲ့အစည်း၊ ကုမ္ပဏီကိုယ်စား စာချုပ်ချုပ်ဆိုရာတွင် စာချုပ်ဝင်သည် ဥပဒေအရသတ်မှတ်ချက်များနှင့် ညီညွတ်ရပါသည်။ စာချုပ်ဝင်နှင့်ပတ်သက်၍ ပဋိညာဉ်ဥပဒေပါ ပြဋ္ဌာန်းချက်များကို တင်ပြသွားပါမည်။ ပဋိညာဉ်ဥပဒေ ပုဒ်မ(၁၀)တွင် အောက်ပါအတိုင်းပြဋ္ဌာန်းထားပါသည် –

ပုဒ်မ ၁၀။ ပဋိညာဉ်ပြုနိုင်သူတို့က ဥပဒေနှင့် ညီညွတ်သောအဖိုးစားနားနှင့် ရည်ရွယ်ချက်အရ မိမိတို့ အလိုအလျောက်ပြုလုပ်ကြသည့် သဘောတူညီချက်များသည် ဤဥပဒေအရပျက်ပြယ်ကြောင်း အတိအလင်း ပြဋ္ဌာန်းထားခြင်းမရှိလျှင် ပဋိညာဉ်ဖြစ်သည်။

စာချုပ်ချုပ်ဆိုရာတွင် စာချုပ်ဝင်တို့သည် လွတ်လပ်သောဆန္ဒရှိ၍ ဥပဒေနှင့်ညီသော အဖိုးစားနား တစ်ရပ်အတွက် ဥပဒေနှင့်ညီသော ရည်ရွယ်ချက်ဖြင့် ပြုလုပ်သော သဘောတူညီချက်သည် ဥပဒေအရ ပျက်ပြယ်ကြောင်း အတိအလင်းကြေညာခြင်းမခံရပါက ပဋိညာဉ်မြောက်ကြောင်း ပြဋ္ဌာန်းထားခြင်းဖြစ်ပါသည်။ သို့ရာတွင် ပဋိညာဉ်တစ်ရပ်ကို စာဖြင့်ရေးသားရန်ဖြစ်စေ၊ သက်သေများ ရှေ့မှောက်တွင် ချုပ်ဆိုရန်ဖြစ်စေ၊ မှတ်ပုံတင်ရန်ဖြစ်စေ၊ မြန်မာနိုင်ငံ၏ တည်ဆဲဥပဒေတစ်ရပ်ရပ်က ပြဋ္ဌာန်းထားလျှင် ယင်းဥပဒေပြဋ္ဌာန်းချက်နှင့် ညီညွတ်အောင်လည်း ဆောင်ရွက်ရပါသည်။

ဥပဒေအရအရေးယူအတည်ပြုနိုင်သော ပဋိညာဉ်ဖြစ်ရန် အင်္ဂါရပ် (၄)ရပ်ပြည့်စုံရန်လိုပါသည်။ ၎င်းတို့မှ (၁)ပဋိညာဉ်ပြုသူသည် ပဋိညာဉ်ပြုလုပ်နိုင်သူဖြစ်ရမည်။ (၂)ပဋိညာဉ်ပြုလုပ်သူတို့၏ လွတ်လပ်သော သဘောတူညီချက်ရှိရမည်။ (၃)ပဋိညာဉ်အတွက် ဥပဒေနှင့်မဆန့်ကျင်သော အဖိုးစားနားရှိရမည်။ (၄)ပဋိညာဉ်ပြုလုပ်သူတို့၏ ရည်ရွယ်ချက်မှာ ဥပဒေနှင့် ညီညွတ်ရန်လိုသည်။

အဆိုပါ အချက်(၄)ချက်နှင့် ပြည့်စုံပါက ဥပဒေက ပျက်ပြယ်သည်ဟု ကြေညာထားသည့်ကိစ္စမှတစ်ပါး ပဋိညာဉ်ကို အတည်ပြုပေးရန်တောင်းဆိုနိုင်ပါသည်။ နှစ်ဖက်သဘောတူ စာချုပ်ချုပ်ဆိုခြင်းတို့သည် ပဋိညာဉ်ပြုစုခြင်းဖြစ်ပါသည်။ ပဋိညာဉ်မြောက်ရန် အင်္ဂါရပ်များနှင့်သာ ပြည့်စုံရန်လိုပါသည်။ တစ်ဖက်က ကမ်းလှမ်းချက်ကို တစ်ဖက်ကလက်ခံပြီး သဘောတူညီချက်ရရှိ၍ ၎င်းသဘောတူညီချက်သည် ဥပဒေ တစ်ရပ်ရပ်နှင့် ဆန့်ကျင်မှုမရှိရန်လည်းလိုပါသည်။

တစ်ဦးနှင့်တစ်ဦး၊ တစ်ဖက်နှင့်တစ်ဖက် ပဋိညာဉ်ပြုရာတွင် စာဖြင့် ရေးသားရန်လိုပါသည်။ စာဖြင့် ရေးသားထားပါက စာတွင်ပါရှိသည့်အတိုင်း လိုက်နာဆောင်ရွက်ရပါသည်။ စာဖြင့် ရေးသားပါက စာချုပ်ပြီးနောက်ပိုင်း အငြင်းအခုံမပေါ်ပေါက်စေရန်ဖြစ်ပါသည်။ ပဋိညာဉ် ဥပဒေ ပုဒ်မ ၂၅၏ ပုဒ်မခွဲ (၁)နှင့် (၃)၊ ပုဒ်မ (၂၈)၏ ခြွင်းချက် (၂)တို့အရ သဘောတူညီချက်ကို စာဖြင့်ရေးသားရန် လိုပါသည်။ ပစ္စည်းလွှဲပြောင်းခြင်းဥပဒေ ပုဒ်မ ၅၄၊ ပုဒ်မ ၅၉၊ ပုဒ်မ ၁၀၇ နှင့် ပုဒ်မ ၁၂၃ တို့အရ မရွှေ့မပြောင်းနိုင်သောပစ္စည်းကိုရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ငှါးရမ်းခြင်း၊ မေတ္တာဖြင့် ပေးကမ်းခြင်းကိစ္စရပ်များကို စာဖြင့် ရေးသားမှသာအတည်ဖြစ်သည်ဟု ပြဋ္ဌာန်းထားပါသည်။ ပစ္စည်း လွှဲပြောင်းခြင်းဥပဒေ၊ ပုဒ်မ (၁၀၇)ကို ဗဟုသုတအနေဖြင့် အောက်ပါအတိုင်းဖော်ပြပါသည် –

ပုဒ်မ ၁၀၇ ။ မရွှေ့မပြောင်းနိုင်သောပစ္စည်းကို တစ်နှစ်ပြီးတစ်နှစ် မြေငှါးရမ်းခြင်း၊ တစ်နှစ်ထက် တစ်နှစ်ပို၍ ငှါးရမ်းခြင်း၊ ငှါးရမ်းခကို နှစ်အလိုက် သတ်မှတ်၍ ငှါးရမ်းခြင်းတို့ကို မှတ်ပုံတင်စာချုပ်နှင့်သာပြုလုပ်နိုင်သည်။

စာချုပ်တစ်ခုကို ပြင်ဆင်ချုပ်ဆို ဆောင်ရွက်ရာ၌ လိုအပ်ချက်တစ်ရပ်သည် သဘောတူညီချက်ဖြစ်ပါသည်။ စာချုပ်ဝင်များအကြား သဘောတူညီချက်ရှိရန် လိုအပ်ပြီး ကတိအသီးသီးသည်အဖိုးစားနားဖြစ်သည့်အခါ ၎င်း ကတိများသည် သဘောတူညီချက်ဖြစ်ကြောင်း၊ ပဋိညာဉ် အက်ဥပဒေ ပုဒ်မ (၂)၊ ပုဒ်မခွဲ (င)တွင် ပြဋ္ဌာန်းထားပါသည်။

ပုဒ်မ ၂။ ဤဥပဒေတွင် ရှေ့နောက်စကားရပ်များကို ထောက်ရှု၍ ဆန့်ကျင်ကွဲလွဲသည့် သဘောအဓိပ္ပါယ်မထင်ရှားလျှင် အောက်ပါစကားရပ်များနှင့် စကားစုများကို အောက်ပါအတိုင်း အနက်အဓိပ္ပါယ်ကောက်ယူရမည်။

ပုဒ်မခွဲ (င) ကတိနှင့်ကတိစုတိုင်းသည် အပြန်အလှန် အဖိုးစားနားဖြစ်လျှင် သဘောတူညီချက်မည်၏

(ဆ) တရားဥပဒေအရ အရေးယူဆောင်ရွက်ခြင်း မပြုနိုင်သည့် သဘောတူညီချက်သည် ပျက်ပြယ်သည်။

(ဇ) တရားဥပဒေအရ အရေးယူဆောင်ရွက်နိုင်သည့် သဘောတူညီချက်သည် ပဋိညာဉ် ဖြစ်သည်။

ဆက်လက်ဖော်ပြပါမည်



# အမှတ်တရ (၁၀)

## ကိုနွေဖြိုးဦး (မြောင်)

**နေပြည်တော် သို့ ဘဝ တစ်ဆစ်ချိုး**

၂၀၂၀ မေလ ( ၂ ) ရက်

ပိတောက်တွေ ရွှေရောင်ဝင်း နေအောင်ပွင့်တဲ့နေ့မှာ သာယာဝတီနဲ့ ချစ်သူခင်သူတွေကို နှုတ်ဆက်ကာ အကြိမ်ပေါင်းများစွာ လူးလာခေါက်တုံ့ သွားခဲ့တဲ့ မြို့ချောင်း–စိန်ကန့်လန့် လမ်းမှသည် ရိုးမပေါ် ဖြတ်ကျော်လာခဲ့သည်။

လမ်းဘေးတစ်လျှောက်....

ပုဂ္ဂလိက စိုက်ခင်းတွေ ....

ဌာနစိုက်ခင်းတွေ အစီအရီနဲ့ မြင်ကွင်းသည် အကြိမ်ကြိမ်အလီလီ မြင်ဖူးသော်လည်း ဘယ်တော့မှရိုးမသွားသည့် မြင်ကွင်းဖြစ်သည်။

ဘိုရုံစခန်းကိုဖြတ်တော့ ပျိုးဥယျာဉ်ထဲမှာ ပျိုးပင်တွေ အပြိုင်းအရိုင်းမြင်ကွင်းကိုကြည့်ကာ လာမည့် နှစ်စိုက်ခင်းအတွက် စိတ်ချသွားသည်။

၂၀၁၄ ကျွန်းစိုက်ခင်းသည် ပင်ကျပ်နုတ်ပြီးနောက် ရွက်ကြွေကာလကို လွန်မြောက်ကာ ရွက်နုများဖြင့် စိမ်းလန်းစိုပြည်နေသည်မှာ ကြည့်ကောင်းလှပါဘိ....

ခါချဉ်တောင်စခန်း သစ်တောရဲအဖွဲ့က ကျွန်တော်တို့ကားအဖြတ်မှာ အလေးပြုနှုတ်ဆက်ကြသည်။

မောင်းတံကိုင်တဲ့ တောအုပ်ကမောင်းတံမပေးရင်း 'ဆရာ အလည်ပြန်လာပါဦး' လို့ နှုတ်ဆက်နေသဖြင့် 'အေး....လာမှာပေါ့ကွာ' လို့ ပြန်နှုတ်ဆက်ခဲ့သည်။

မြို့ချောင်း–စိန်ကန့်လန့်လမ်းဘေးက ဒေသအခေါ် ဘုရားကုန်းတောင်ပေါ်တွင် သာယာဝတီခရိုင် သစ်တောမိသားစုများ စုပေါင်းပြုပြင် မွမ်းမံခဲ့သည့် စေတီတော် တြိရတန အဘယလာဘမုနိစေတီတော်တည်ထားရာကုန်းပေါ်တက်ခဲ့ပြီး ဦးချကန်တော့၍ ငါးပါးသီလခံယူကာ ဘဝ ဘဝ က တော်စပ်ခဲ့ဖူးကြသည့် ဆွေအပေါင်းမျိုးအပေါင်းတို့အား ပြုသမျှကုသိုလ် အမျှပေးဝေခဲ့သည်။

ရင်ထဲမှာ လွမ်းသလိုလို ဘာလိုလို တစ်မျိုးခံစားရသည်။

ဇာမရီစခန်းမှာ တောအုပ်ကြီးတစ်ယောက်တည်းသာ တွေ့ရသည်။

'သွားပြီ ကိုစိုးလင်းရေ' လို့ ကားပေါ်ကပဲ နှုတ်ဆက်ခဲ့သည်။

၄၁ မိုင် စခန်းမှာတော့ ဘယ်သူမှ မတွေ့ရ...

ကျွန်းသစ်ပေါက်ရောက်ရာမူရင်းဒေသ...

ပဲခူးရိုးမနှင့် ရိုးမဖြတ်ကျော်လမ်းမှသည် အမြန်လမ်းမကြီးဆီထွက်ခဲ့သည်။

နှုတ်ဆက်ခဲ့ပြီ သာယာဝတီ...

---------

**နေပြည်တော်ကအရာရှိ**

လယ်ကွင်းစိမ်းစိမ်းတို့မှသည် ကွန်ကရစ် လမ်းမကျယ်ကြီးများနှင့် မင်းနေပြည်တော်သို့ ရောက်ခဲ့ချိန်...

နေပြည်တော် က အရာရှိ ...

ဂုဏ်ယူဝံ့ကြွားစရာ ကောင်းပါဘိသနဲ့ ...

သာယာဝတီရုံးက စာရေးမကြီး သတိတရဖုန်းဆက်လာတော့ နေပြည်တော်ရဲ့ ကြီးကျယ်ခမ်းနားပုံအကြောင်း ကောင်းကောင်းကြွားတာပေါ့...

အဲ့ဒီအချိန်မှာပဲ စာရေးမကြီးက 'ဆရာ အခု ထမင်းချိုင့်လေးနဲ့ ရုံးတက်နေတယ်ဆို' လို့ မေးလိုက်တော့ ရုတ်တရက် ဘာပြန်ဖြေရမှန်း မသိ 'အေး ဟုတ်တယ်လေ... ထမင်းချိုင့်နဲ့ ရုံးမတက်လျှင် ကျုပ် ဘယ်က ထမင်းစားရမှာလဲ' လို့ ဆိုတော့ ...

'ဟုတ်လား' ဆိုတဲ့ ရေရွတ်လိုက်သံဟာ

သူ့ဆရာအတွက် တော်တော် စိတ်မကောင်းဖြစ်သွားတဲ့အသံ...

အဲ့ဒီ ရေရွတ်သံကြားတော့မှ ကိုယ့်ကိုယ်ကို အားငယ်သွားသလိုလို၊ ဘေးက ခုံပေါ်လှမ်းကြည့်လိုက်တော့ ထမင်းချိုင့်လေးနဲ့ ခြင်းလေးက ပြုံးပြနေလေရဲ့...

ဒါနဲ့ပဲ စကားစ အမြန်ဖြတ်၊ ဟန်ကိုယ့်ဖို့လုပ်ကာ 'အားလုံး နေကောင်းကြတယ် မဟုတ်လား၊ လိုအပ်တာရှိလျှင် ဖုန်းဆက်' ဆိုပြီး ဖုန်းချလိုက်ပါတယ်။

ဒါတောင်မှ ရေဘူးနဲ့ ရေနွေးဘူးက ပြောင်ပြနေလို့ မမြင်ယောင်ဆောင်နေလိုက်ရသေးတယ်။

*(သာယာဝတီက လုပ်ဖော်ကိုင်ဖက်များသို့ အမှတ်တရ ရေးဖွဲ့ဖြစ်ပါသည်)*

----------

**စောစော အိပ် ထ ပြုကျင့်က**

𝄞 အရုဏ်ကျင်း အလင်းရောက်ပြီ
တွန်ငြီးတဲ့ လင်းကြက်သံ နဲ့ အညီ 𝄞

မနောရဲ့ 'ကျွန်တော်တို့ရွာ' သီချင်းသံက အရုဏ်ဦးမှာ လွင့်ပျံလာသည်။

စိုးစီ စိုးစီ ဆိုတဲ့ ငှက်သံလေးတွေ ကြားရပေမယ့် လင်းကြက်တွန်သံတော့ မကြားမိ...

အိပ်ရာထဲကနေ နာရီကို လှမ်းကြည့်တော့ ၅ နာရီထိုးဖို့ ၅ မိနစ်အလို ... ဝန်းကျင်က တိတ်ဆိတ်ငြိမ်သက်ဆဲ ...

ညဖက်စောစော အိပ်ဖြစ်တော့ မနက်စောစော နိုးသည်။ ကိုယ်လက်သန့်စင်၊ ဘုရားဝတ်ပြုခြင်းအမှုများ ပြုပြီး လမ်းလျှောက်ဖို့ အပြင်ထွက်လိုက်တော့ ကောင်းကင်က အုံ့မှိုင်းနေသည်။

ရွာမည့်ဟန်လား ....

လမ်းလျှောက်တာ ခပ်သုတ်သုတ်လေးလျှောက်လိုက်တော့၊ ၁၅ မိနစ်လောက် လျှောက်မိတာနဲ့ ချွေးစို့လာသည်။ အရှိန်မလျှော့ဘဲ ဆက်လျှောက်လိုက်တော့ အသက်ရှူလို့ကောင်းလာသည်။

မလျှော့သောဇွဲနဲ့ ဆက်ခွဲလိုက်တော့ ဟောဟဲ ဟောဟဲ အသံ ထွက်လာသည်။ ဒီတော့မှ အရှိန် အနည်းငယ်ချပြီး မှန်မှန်လေး လျှောက်လိုက်တော့ နေသာထိုင်သာရှိသွားသည်။

ဒီအရွယ်မှာ ဒီလောက်တော့ လုပ်သင့်ပေသည်။ နယ်မှာနေစဉ်က ညဖက် အိပ်ချိန် မမှန်လှ၊ အရေးပေါ် အလုပ်များ ရုတ်တရက် ပေါ်လာတတ်၍ စောစောအိပ်ဖြစ်သည်မရှိ။

စောစော မအိပ်ဖြစ်တော့ စောစောနိုးဖို့လည်း မသေချာတော့....

တစ်ခါတရံ စောစောအိပ်ဖြစ်သည့်အခါများတွင်လည်း သန်းခေါင်သန်ခွဲ ဝင်လာတတ်သည့် ဖုန်းများက နှောင့်ယှက်တတ်သဖြင့် အိပ်စက်ခြင်းသည် စိတ်ချလက်ချ အိပ်ရသည် မရှိ။

သို့မို့ကြောင့်လည်း မနက် အိပ်ရာထချိန်များ နောက်ကျတတ်ခဲ့သည်နောက် မိုးသောက် နံနက်များနှင့် မဆုံဆည်းဖြစ်သည်မှာ ကြာပြီ။

အခုတော့ မနက်ခင်းပေါင်းများစွာနှင့် ဆုံဆည်းခွင့်ရပြီး ကြည်လင်လန်းဆန်းစွာ ဖြတ်သန်းနိုင်ခဲ့သည့် နေ့ရက်တွေ များလာခဲ့သည်။

အိပ်စက်ခြင်းသည် အနှောင့်အယှက်ကင်းလာပြီး နိုးထခြင်းတွင် ခွန်အားပြည့်ဝစေခဲ့သည်။

ကျက်သရေရှိသော မနက်ခင်းများကို ပိုင်ဆိုင်နိုင်ခဲ့သည်။

⌑ *ကျေးဇူးတင်ပါသည် နေပြည်တော်* ⌑

--------

**နေ့လယ်စာ**

နယ်မှာနေစဉ်က ထမင်းစားချိန် ပုံမှန်မရှိ၊ မနက်စာတစ်နပ် ကျကျနန ဆွဲပြီးတာနဲ့ နေ့လယ်စာ ညစာက ကြုံသလို ဆွဲရတာများသည်။

နေပြည်တော်ရောက်တော့လည်း မနက်စာ တစ်နပ် ရုံးမသွားခင် ပုံမှန်ဆွဲဖြစ်သည်။

ပုံမှန် မဆွဲဖြစ်တာက နေ့လယ်စာ၊ ထို့အတူ ညစာသည်လည်း ရုံးဆင်းချိန်အပေါ်မူတည်ကာ ပုံမှန်မရှိ၊ နေ့လယ်စာ ကို ၁ နာရီဝန်းကျင် စားဖြစ်တာများသည်။ တစ်ခါတရံ မဆာသေး၍ ၂ နာရီ လောက်ထိလည်း ရောက်သွားတတ်သည်။

သူများတွေ ၁၂ နာရီဝန်းကျင်စားကြတာကြည့်ပြီး အံ့ဩသလိုပင်ဖြစ်မိသည်။

တစ်နေ့သားမတော့ ....

၁၂ ခွဲ ကျော်ကျော်လောက်မှာ အထက်အရာရှိ ခေါ်သဖြင့် သွားတွေ့ရာ တာဝန် ၁ ခု ပေးလိုက်ပါသည်။ ပြည်နယ်၊ တိုင်းဒေသကြီးများနှင့် ဆက်သွယ်မေးမြန်းဆောင်ရွက်ရသည်များလည်း ပါဝင်၍ ပြည်နယ်၊ တိုင်းဒေသကြီးများကို ဖုန်းဆက်လိုက်၊ ရေးစရာမှတ်စရာများ ရေးမှတ်လိုက်နဲ့ ၃ နာရီ ကျော်သည်ထိ နေ့လယ်စာ မစားဖြစ်သေး။

ဒီလိုနဲ့ အလုပ်ပြီးလို့ စားဖို့ပြင်တော့ စားချင်စိတ် သိပ်မရှိလှတော့။

တစ်ရက်ကတော့ ဖုန် အစည်းအဝေး၊ ကိုယ်တိုင် ဖုန် ၁ ခု တာဝန်ယူထားရသဖြင့် ဖုန်အတွင်း ကွင်းဆင်း စစ်ဆေးတွေ့ရှိချက်များ တင်ပြရသည်။

ဖုန် ၆ ဖုန် တာဝန်ခံများ တင်ပြရန်အတွက် ၁

ဦးလျှင် ၂၀ မိနစ် သတ်မှတ်ထားသော်လည်း ၁ ယောက်က သတ်မှတ်ချိန်ထက် ၃ ဆခန့် ကျော်လွန်တင်ပြခြင်း၊ ဖြည့်စွက်ဆွေးနွေးခြင်းများဖြင့် နေ့လယ် ၂ နာရီခွဲ မှ အစည်းအဝေးအပြီးသတ်နိုင်သည်။

အစည်းအဝေးပြီးတော့ အာခေါင်တွေခြောက်သဖြင့် ရေ ၁ ခွက်သောက်လိုက်သည်။ နေ့လယ်စာကောင်းကောင်းမစားနိုင်တော့။

ဤသို့ ၂ ကြိမ် ၃ ကြိမ်ခန့် ကြုံလိုက်ရသည့်အခါ အခြားသူများ ၁၂ နာရီဝန်းကျင် ထမင်းစားကြသည်ကို သဘောပေါက်စပြုလာသည်။

အများထမင်းစားချိန် တစ်ချိန်တည်းတစ်ပြိုင်တည်း စားလိုက်ပါက အနှောင့်အယှက်ကင်းစွာ စားနိုင်သည်။

သို့မဟုတ်လျှင် .... အချိန်မရွေးရောက်လာတတ်သည့် အရေးပေါ်ကိစ္စရပ်များကြောင့် ထမင်းစားချိန် ကမောက်ကမဖြစ်တတ်သည်။

ထိုသို့ သဘောပေါက်ပြီးသည်နောက် နေ့လယ် ၁၂ နာရီဝန်းကျင်ရောက်သည်နှင့် ဆာ ဆာ မဆာဆာ နေ့လယ်စာ စားဖြစ်အောင် စားလိုက်ပါတော့သည်။

-------

**ဖုန်တာဝန်ခံ**

၂၀၂၀ ခုနှစ် မေလ မှာ ဦးစီးရုံးချုပ်စီမံကိန်းနှင့်စာရင်းအင်းဌာန၏ မြေအသုံးချဌာနခွဲတွင် တာဝန်ထမ်းဆောင်ရသည်။

ရုံးတာဝန်များအပြင် 'မြန်မာနိုင်ငံသစ်တောများပြန်လည်တည်ထောင်ရေးစီမံကိန်း' ၏ ဖုန်တာဝန်လည်းပေးအပ်သည့်အတွက် စီမံကိန်း ဖုန်အမှတ်(၆) ရှမ်း၊ ကယား ဖုန်တာဝန်ခံအဖြစ် တာဝန်ယူဆောင်ရွက်ရသည်။

တစ်ပတ်ကွင်းဆင်း၊ တစ်ပတ်ရုံးတက်စနစ်ဖြင့် ဇူလိုင်လဆန်း က စတင်ကွင်းဆင်းဆောင်ရွက်ခဲ့ရာ ဇူလိုင်လ နောက်ဆုံးအပတ်တွင် ရှမ်း(မြောက်) သို့ ကွင်းဆင်းပါသည်။

ရေဝေရေလဲစိုက်ခင်း၊ ကျေးရွာထင်းစိုက်ခင်းများ လျာထားချက်ပါဝင်သည့် ဟိုပန်မြို့နယ်သို့ ကွင်းဆင်းစစ်ဆေးရန် လားရှိုးမြို့မှ မနက်စောစောထွက်ခဲ့သည်။

သိန္နီရောက်တော့ လမ်းကြောင်းအခြေအနေ တစ်ချက်စုံစမ်းပြီး အခြေအနေကောင်းသည် ဆိုမှ ဆက်လက်ထွက်ခွာခဲ့ပါသည်။

ကွမ်းလုံရောက်တော့ မြို့အဝင် တံတားထိပ်တွင် မြို့နယ်မှူးနှင့် အဖွဲ့လာစောင့်နေသည်။ စိမ်း/စို တာဝန်ကျစဉ်က အတူတာဝန်ထမ်းဆောင်ခဲ့ကြ၍ သံယောဇဉ်ဖြင့် လာစောင့်နေသည်ဆိုလျှင် ပို၍ မှန်ပါလိမ့်မည်။

ကွင်းဆင်းအစီအစဉ်တွင် ကွမ်းလုံမြို့နယ် မပါဝင်ပါ။ သို့သော် ခဏတဖြုတ်နား၊ စကားစမြည် ပြောရန် အလို့ငှါ ကွမ်းလုံမြို့နယ်ရုံးတွင် ခေတ္တ နားရန် ဝင်လိုက်သည်။ မြစ်နံဘေးတွင် တည်ထားသည့်အတွက် မြင်ကွင်းလေးက သာသာယာယာ ရှိသည်။

ခဏနေတော့ မြို့နယ်မှူးက မြေပုံကြီးချိတ်ကာ ရှင်းလင်းတင်ပြခွင့်ပြုရန် ခွင့်တောင်းသည်။ ကွမ်းလုံတွင် လုပ်ငန်းလျာထားချက် မပါဝင်သဖြင့် ဘာများရှင်းမှာလဲလို့ ကြည့်လိုက်တော့ စိုက်ခင်းမရှိ၊ တန်ဖိုးမြှင့် မရှိ၊ ဓမ္မတာမျိုးဆက်မရှိ၊ ဆယ်တင်မရှိ။

MRRP လုပ်ငန်းတော်တော်များများ မရှိပါ။ ဒါနဲ့ပဲ ဘာလုပ်ငန်းနဲ့ပတ်သက်ပြီး ရှင်းပြမှာလဲ မေးကြည့်တော့ CF နဲ့ ပတ်သက်တာ ရှင်းပြမှာပါတဲ့။

CF အနေဖြင့်လည်း ယခုနှစ် လျာထားချက် မပါဝင်ပါဘဲ လာမည့်နှစ်တွင် လျာထားဆောင်ရွက်မည့် အစီအစဉ် ရှင်းလင်းတင်ပြပါမည်တဲ့။

ဒါဆိုလည်း အိုကေ၊ ရှင်းပါ ဆိုတော့....

ရှင်းလင်းတင်ပြရန် မရှိပါ၊ အခုအချိန်အထိ ဘာမှ မလုပ်ရသေးပါ၊ လျာထားချက် ရှိကြောင်း တင်ပြခြင်းသာ ဖြစ်ပါသတဲ့။

ဖုန်တာဝန်ခံ ဘာပြန်ပြောရမှန်းပင် မသိ....

ခဏနားပြီး ဟိုပန် သို့ ဆက်လက်ထွက်ခွာခဲ့သည်။ စိုက်ခင်းက တောင်ပေါ်တစ်နေရာမှာဖြစ်သည်။ ရေဝေရေလဲစိုက်ခင်း၊ ကျေးရွာထင်းစိုက်ခင်း အမျိုးအစား ၂ မျိုးစိုက်ထားသည်။

ရှင်သန်အောင်မြင်မှုလည်း သင့်ပါသည်။ သို့သော် မူလက သဘာဝတောနိမ့်ကို တောရှင်းစိုက်ပျိုးခြင်းဖြစ်၍ နောင်နှစ်များတွင် သဘာဝတောကိုသာ ဆက်လက်ပြုစုထိန်းသိမ်းသင့်ကြောင်း အကြံပြုခဲ့သည်။

MRRP Unit သို့လည်း တင်ပြခဲ့သည်။ နောင်နှစ်များတွင် ဟိုပန်မြို့နယ်၌ စိုက်ခင်းလျာထားချက် မရှိတော့ကြောင်း သိရသည်။

-------

နောက်ထပ် အမှတ်တရ ခရီးစဉ်တစ်ခုက ရှမ်း(အရှေ့) ခရီးစဉ်ပါ။ တစ်ပတ်အတွင်း ကွင်းဆင်း စစ်ဆေးခြင်းအပြီးဆောင်ရွက်နိုင်ရန် ခရီးပြင်းနှင်ရသည်။

မနက်ခင်း စိုက်ခင်းစစ် နေ့လယ်စာစားပြီးသည်နှင့် နောက်တစ်နေရာကူး အလွန်ပင်ပန်းပါသည်။

တောင်ပေါ်လမ်းကြမ်းတွင် တရမန်းကြမ်းနှင်ရသည့် ခရီးပါပဲ။

တာချီလိတ် စိုက်ခင်း ပထမဦးဆုံးစစ်ဆေးသည်။ ရှင်သန်အောင်မြင်မှု သင့်တင့်ကောင်းမွန်ပါသည်။ ထူးထူးခြားခြားအနေဖြင့် ကျွန်းနှင့် နာနတ်ရောနှောစိုက်ပျိုးထား



သည်ကိုတွေ့ရသည်။

သီးနှံသစ်တောရောနှောစိုက်ပျိုးခြင်း အမည် သစ်တစ်မျိုးအဖြစ် လေ့လာခွင့်ရခဲ့သည်။ နယ်စပ် မြို့ဖြစ်၍ လုပ်အားခကို ထိုင်းဘတ်ငွေဖြင့် ပေးချေရ ကြောင်းနှင့် ပုံမှန်လုပ်အားခ၏ ၃ ဆ ခန့်ရှိ ကြောင်းရှင်းပြတော့ ဘာပြန်ပြောရမှန်းမသိ။

စိုက်ခင်းစံနှုန်းများနှင့်ပတ်သက်၍ ထည့် သွင်းစဉ်းစားသင့်သည့်အချက်တစ်ခုအဖြစ်သာ မှတ် သားခဲ့ရသည်။

ခရိုင်မှူး ဦးရီထွေး၊ မြို့နယ်မှူး ဦးအေး ချမ်းအောင် တို့သည် အထူး ဧည့်ဝတ်ကျေပွန်ကြပါသည်။

ရှမ်းအစားအစာများသည် ခံတွင်းတွေ့လှပါ၏။ ကိုဗစ်ကာလဖြစ်၍ နယ်စပ်ဖြတ်ကျော်ဂိတ်များ ပိတ်ထား သဖြင့် တစ်ဖက်နိုင်ငံကို လှမ်း၍သာ ငေးကြည့်ခဲ့ရသည်။

တာချီလိတ်သည် ပျော်စရာမြို့တစ်မြို့ဖြစ်ပါသည်။ သို့သော်လည်း အချိန် အကန့်အသတ် ရှိသဖြင့် မိုင်းဖြတ်သို့ ခရီးဆက်ခဲ့ရသည်။

မိုင်းဖြတ်မြို့နယ် ၂၀၁၉ ခုနှစ် ကျွန်းစိုက်ခင်း သည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၂၇၀၀ ဝန်း ကျင်တွင် တည်ထောင်ထားသည်။

လက်ရှိ စိုက်ပင်များ သင့်တင့်ကောင်းမွန်ပါသည်။ သို့သော်....ဆက်လက်ကြီးထွားရန် အလားအလာ နည်းပါး ကြောင်း သုံးသပ်ပြတော့ ထိုမြို့နယ်အတွင်း တင်မြင့်ရီ ကုမ္ပဏီက စိုက်ပျိုးထားသည့် ၂၀၁၇ ခုနှစ် ပုဂ္ဂလိက ကျွန်းစိုက်ခင်းသည်လည်း ဤသို့ပင်ဖြစ်ကြောင်း ခရိုင်မှူး ဦးရီထွေး က ထောက်ခံ ဆွေးနွေးသည်။

မိုင်းဖြတ်တွင် ကျွန်း မစိုက်သင့်ကြောင်း အကြံပြု ခဲ့သည်။ နောက်နှစ်များတွင် မိုင်းဖြတ်တွင် ကျွန်းမစိုက် တော့ကြောင်း သိရပါသည်။

မိုင်းဖြတ် မိုင်းဆတ် ကျိုင်းတုံ စသည် နေ့တစ် ဝက် စိုက်ခင်းစစ်၊ နေ့တစ်ဝက် ခရီးပြင်းနှင်စနစ်ဖြင့် ချီ တက်ခဲ့ရာ တစ်ပတ်အတွင်း မစ်ရှင် ကွန်ပလီခဲ့ပါသည်။

တောင်ပေါ်လမ်းနှင့် ဝန်းကျင်သည် သာသာယာ ယာနှင့် စိမ်းချမ်းမြေ့ဖွယ်ရာ ဖြစ်ပါသည်။

လွမ်းမောဖွယ် မြင်ကွင်းများသည် ဆွဲဆောင်မှု ရှိလှပါသည်။ သို့သော် ....ပြန်စဉ်းစားကြည့်တိုင်း အိပ်မက် တစ်ခုနှယ်....

-------

**၂၀၂၀ ဒီဇင်ဘာတွင်**

သဘာဝတောနှင့်စိုက်ခင်းလုပ်ငန်းဌာန (စိုက်ခင်း) သို့ ပြောင်းရွှေ့ရပြန်သည်။

တည် ထွက် ပျက် .... အစချီသည့် မဟာဇနက္က ကိန်းဖြင့် ဗေဒင်တွက်ကြည့်လျှင်.... ၂၀၂၀ သည် ထွက် ဆိုသည့် ကာလအတွင်းကျရောက်နေလိမ့်မည် ထင်ပါ သည်။

ခရီးယာယီထွက်ရတာများသကဲ့သို့ ၁ နှစ်အတွင်း ၂ နေရာ ပြောင်းရသည်။

အတွေ့အကြုံတွေလည်း ရပါ၏။ ပင်ပန်းလိုက် တာလည်း ဝီ ခေါ်နေရောပါပဲ၊ လုပ်ငန်းပမာဏနှင့် လုပ်ရ တဲ့ လူအင်အား မမျှတသည်လည်းတစ်ကြောင်း၊ ခေါင်းစဉ် အသစ်အသစ်များ တစ်မျိုးပြီး တစ်မျိုးပေါ်လာသည်လည်း တစ်ကြောင်းတို့ကြောင့် ပုံမှန်လုပ်နေကြ အလုပ်များသာမ က အသစ်အသစ်များကိုပါလုပ်ရသဖြင့် မနက် ၈ နာရီခွဲ ရုံးရောက်၊ ညနေ ၆နာရီခွဲ ရုံး ပြန်....မှန်လို့ပါပဲ။

ရံဖန်ရံခါ ညစာ ရုံးမှာစားကာ ၈နာရီခွဲလောက်မှ ပြန်ရသည့်အကြိမ်လည်း မနည်း။

အဲ့ဒီမှာလည်း ၇ လသာကြာသည်။
နောက်တစ်နေရာ ပြောင်းရပြန်ပါသည်။
ဇနက္ကကိန်း ဗေဒင်လည်း မတွက်ရဲတော့။
တည်ချင်လည်း တည်
ထွက်ချင်ရာ ထွက်
မဟာဇနက္ကထုံး နှလုံးမူယုံသာပ....
ဗမာစကားပုံ ၂ ခုကြားဖူးသည်။
တစ်ခုက ‘တစ်ရွာ မပြောင်း သူကောင်းမဖြစ်’
နောက်တစ်ခုက ‘သေချင်တဲ့ ကျား တောပြောင်း’

ကျွန်တော်က ဗုဒ္ဓဟူးသား ဆိုတော့ ကျားမဟုတ် ဖြစ်ချင်းဖြစ် ဆင်သာ ဖြစ်ရမည်။

ဒီတော့ တောပြောင်းတဲ့ ကျားတော့မဟုတ် တန် ရာ....

ဆင်ကန်းတောတိုး မလုပ်မိဖို့တော့ လိုသပေါ့လေ။

**********

# ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် သစ်တောထိန်းသိမ်းရေး



မောင်ကြာလှ

ကမ္ဘာပေါ်တွင် သစ်တောသယံဇာတအပေါ် အမှီပြု၍ အသက်မွေးမှုပြုရသော လူဦးရေ သန်းပေါင်း (၁၆၀၀) ကျော်ရှိပါသည်။ သာမန်အားဖြင့် အဖိုးအနဂ္ဃထိုက်တန်သော သစ်တောများအတွင်း မှီတင်းနေထိုင်လျက်ရှိသော်ငြားလည်း အဆိုပါ လူဦးရေ၏ အများစုမှာ ဆင်းရဲနွမ်းပါးစွာ အသက်မွေးနေကြရသည်ဖြစ်ရာ ဖောင်စီးရင်း ရေငတ်ဟုဆိုရမလိုဖြစ်သည်။ သစ်တောများအတွင်း ဝင်ရောက်နေထိုင်လုပ်ကိုင်စားသောက်ရေးနှင့်ပတ်သက်၍ တားမြစ်ကန့်သတ်ချက်အများအပြားကို နိုင်ငံအလိုက် ချမှတ်ကျင့်သုံးလျက်ရှိသည်။ ထို့ကြောင့် ဒေသခံဆင်းရဲသူများ၏အမြင်တွင် သစ်တောဆိုသည်မှာစိုက်ပျိုးစားသောက်ရန် မြေနေရာရရှိရေးအတွက် အနှောင့်အယှက်၊ အတားအဆီးအဖြစ်လည်းကောင်း၊ ထင်းနှင့် သစ်မဟုတ်သော အခြားသစ်တောထွက်ပစ္စည်းများကောက်ယူစုဆောင်းရာနေရာအဖြစ်လည်းကောင်း၊ အခွင့်ထူးခံများနှင့် အာဏာရှိသူများမှအပ မည်သူမျှမဝင်ရသော တားမြစ်နယ်မြေအဖြစ်လည်းကောင်း သတ်မှတ်ထားကြသည်။ ဒေသခံပြည်သူလူထုအနေဖြင့် သစ်တောအတွင်းမှ ကိုယ်ပိုင်သုံးအဖြစ် အကန့်အသတ်နှင့်ထုတ်ယူခွင့်၊ သတ်မှတ်ထားသော သစ်တောထွက်ပစ္စည်းများသုံးစွဲခွင့်တို့ကို ရရှိကြသော်လည်း ဝမ်းရေးဖူလုံမှုအတွက်မျှသာ လုံလောက်သည့် အနည်းငယ်သော ဝင်ငွေကိုသာရရှိကြသည်။

သစ်တောအများစုတွင် သစ်သည် တန်ဖိုးအများဆုံးသော စီးပွားဖြစ်အရင်းအမြစ်ဖြစ်ပါသည်။ သစ်နှင့် သစ်အခြေခံထုတ်ကုန်များမှာ တန်ဖိုးမြင့်မားကြသော်လည်း သစ်ထုတ်လုပ်ခြင်း၊ သစ်အချောထည်ထုတ်လုပ်ခြင်း လုပ်ငန်းများသည် သစ်တောအနီး မှီခိုနေထိုင်စားသောက်နေရသော ဆင်းရဲသားများအတွက် အကျိုးကျေးဇူးတစ်စုံတစ်ရာထင်ရှားစွာ ဖော်ဆောင်နိုင်ခြင်းမရှိချေ။ ခြုံငုံ၍ ကောက်ချက်ချရသော် တောကြိုအုံကြားမှ ဆင်းရဲသားများကို ဘေးဖယ်ထားသည့်နှယ် ထင်မြင်ရသည်။ အများလက်ခံထားသည့်သဘောထားမှာ ဆင်းရဲသား တောသူတောင်သားများသည် ပညာလည်းမတတ်၊ သစ်တောကို စီမံခန့်ခွဲနိုင်သည့် အစွမ်းအစလည်းမရှိ ထူးပြီးမပြားနိုင်သော နင်းပြားများအဖြစ်သာ ယူဆကြခြင်း ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို ရှေ့တန်းတင်ထားသည့် ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာကို ဖော်ဆောင်ရမည့် ယခုအချိန်အခါတွင် ကျေးလက်နေဆင်းရဲသားပြည်သူတို့၏ ကောင်းရာကောင်းကြောင်း အထောက်အကူပေးရန်အတွက် သစ်တောများနှင့် သစ်တောကဏ္ဍ၏ အလားအလာကို ပြန်လည်စဉ်းစားရမည် ဖြစ်ပါသည်။

ယင်းသို့ စဉ်းစားရာတွင် တစ်မျိုးသားလုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များကိုဖြစ်စေ၊ သဘာဝပတ်ဝန်းကျင်တန်ဖိုးများကိုဖြစ်စေ မထိခိုက်စေဘဲ ဆင်းရဲသားများအတွက် ဝင်ငွေနှင့် အလုပ်အကိုင်တိုးတက်စေရန် သစ်တောများကို သတိရှိစွာ စီမံခန့်ခွဲနိုင်ရေး၊ ဒေသခံပြည်သူများအနေဖြင့် အသေးစား သစ်ထုတ်လုပ်ငန်းနှင့် သစ်အချောထည် ဆင့်တက်ထုတ်လုပ်မှုလုပ်ငန်းတို့ကို ထိရောက်စွာ စွမ်းဆောင်လုပ်ကိုင်နိုင်ရေး၊ ပုဂ္ဂလိက ကုမ္ပဏီများနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများအနေဖြင့် စီးပွားဖြစ်ထုတ်လုပ်ရန် တွက်ခြေမကိုက်သော သစ်များအား ဒေသခံပြည်သူများသို့ ထုတ်လုပ်ခွဲစိတ်ခွင့်ပြုပြီး ပူးပေါင်းဆောင်ရွက်ရေး၊ အစိုးရအနေဖြင့် ဆင်းရဲသားများအား တစ်ပိုင်တစ်နိုင် တောတွင်းဝင်ရောက်လုပ်ကိုင်နိုင်ရေးအတွက် သစ်တောစီမံခန့်ခွဲမှုနှင့် အသုံးချမှုဆိုင်ရာ စံနမူနာများကို ပြောင်းလဲသတ်မှတ်ရန် အဆင်သင့်ဖြစ်ရေး စသည်တို့မှာ အရေးပါသော အချက်များဖြစ်သည်။

နိုင်ငံတကာတွင် အသေးစားသစ်တောအခြေခံ

စီးပွားရေးလုပ်ငန်းများ ထူထောင်ပြီး ဆင်းရဲနွမ်းပါးမှု လျှော့ချရေးကို ချိတ်ဆက်ဆောင်ရွက်နိုင်သည့် သာဓကများစွာ လေ့လာတွေ့ရှိရပါသည်။ သို့သော် သေချာသောအချက်မှာ ယင်းသို့ဆောင်ရွက်ရာတွင် စိန်ခေါ်မှု အမြောက်အမြားကို ရင်ဆိုင်ရမည်ဖြစ်သည်။ ထို့အပြင် နားလည်မှုတည်ဆောက်ရေးနှင့်ကောင်းမွန်မှန်ကန်သော နည်းလမ်းရှာဖွေရေးအတွက် စီမံဆောင်ရွက်ရမည့်လုပ်ငန်းများကို အောက်ပါအတိုင်း တွေ့ရပါသည်-

**မူဝါဒနှင့် ဥပဒေပြုရေး**

ဒေသခံဆင်းရဲသားပြည်သူများ သစ်တောတွင်းဝင်ရောက်ခွင့်နှင့် သယံဇာတများ အသုံးပြုခွင့်ဆိုင်ရာ အခွင့်အရေးများ ခိုင်မာရေးသည်အရေးပါသောလိုအပ်ချက်ဖြစ်သည်။ ယင်းလိုအပ်ချက်ကို ဦးတည်ဖော်ဆောင်ရာတွင် လုပ်ငန်းစွမ်းဆောင်ရည်ထူထောင်ရေးနှင့် အသေးစားစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးတို့ကိုပါ တစ်ပြိုင်တည်းဆောင်ရွက်ရန်လိုအပ်ပါသည်။ သယံဇာတထုတ်ယူသုံးစွဲကြမည့်ဒေသခံပြည်သူများအား သစ်တောထွက်ထုတ်ကုန်ဖွံ့ဖြိုးတိုးတက်ရေးတွင် ရင်းနှီးမြှုပ်နှံမှုပြုရန် တွန်းအားပေးနိုင်ရေးအတွက် သင့်လျော်ပြီးတည်ငြိမ်သောမူဝါဒများ၊ ဥပဒေနည်းဥပဒေများနှင့် စည်းမျဉ်းများ ပြဋ္ဌာန်းသတ်မှတ်ပေးရပါမည်။ ထိုသို့ ပြဋ္ဌာန်းသတ်မှတ်ရာတွင် ဒေသခံဆင်းရဲသားများ လွယ်လင့်တကူပူးပေါင်းပါဝင်နိုင်စေရန်နှင့် အဂတိလိုက်စားမည့်အခွင့်အလမ်းများ မဖန်တီးနိုင်ရန် ရှင်းလင်းပြတ်သားစွာ ရေးဆွဲသင့်ပါသည်။

**စီးပွားရေးဆိုင်ရာအချက်များ**

အသေးစား စီးပွားရေးလုပ်ငန်းများနှင့် ပတ်သက်လျှင် ငယ်သော်လှ၏ (Small is Beautiful) ဟူသောစကားကို အများအားဖြင့် သုံးနှုန်းတင်စားကြသည်။ လက်တွေ့အားဖြင့်မူ လှရုံနှင့်အလုပ်မဖြစ်ပေ။ တွက်ခြေကိုက်ရမည် (Cost effective)။ သာမန်အားဖြင့် အသေးစားသစ်တောအခြေခံစီးပွားရေးလုပ်ငန်းများအား တွက်ခြေကိုက်အောင် လွယ်လင့်တကူမဆောင်ရွက်နိုင်ပါ။ သို့ရာတွင် အခြေအနေအချို့ကို ဖန်တီးပေးခြင်းဖြင့် ရှင်သန်ရပ်တည်ရန်အလားအလာရှိပြီး ယှဉ်ပြိုင်နိုင်စွမ်းရှိသော စီးပွားရေးလုပ်ငန်းများ ဖြစ်ထွန်းပေါ်ပေါက်လာနိုင်ပါသည်။ ယင်းအခြေအနေများကို ဖန်တီးပေးရမည့်သူများမှာ လုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့များ၊ လုပ်ငန်းရှင်အုပ်စုများနှင့် ငွေရေးကြေးရေးအဖွဲ့အစည်းများဖြစ်ပါသည်။

ယင်းတို့အနေဖြင့် ဒေသခံဆင်းရဲသားလုပ်ငန်းရှင်များအား လုပ်ငန်းစွမ်းဆောင်ရည် မြင့်မားရေး၊ ပြောအားဆိုအားရှိစေရေး ကူညီပံ့ပိုးပေးနိုင်ပါသည်။ ငွေရေးကြေးရေးအဖွဲ့အစည်းများသည် အသေးစားသစ်တောအခြေခံစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးရှင်သန်စေရန်ရင်းနှီးမြှုပ်နှံမှုအတွက် အရေးပါသော အရင်းအမြစ်များဖြစ်ပါသည်။ ဖော်ပြပါအဖွဲ့အစည်းများ၏ အကူအညီဖြင့် ကြောင်းကျိုးခိုင်လုံသော စီးပွားရေးလုပ်ငန်းစီမံချက်များရေးဆွဲခြင်း၊ ဖြစ်နိုင်ခြေ ကြိုတင်လေ့လာခြင်းတို့ကြောင့် ဆုံးရှုံးမှုအန္တရာယ်ကိုလျှော့ချနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် အသေးစားလုပ်ငန်းရှင်များသည် ပိုမိုကြီးမားသော ပုဂ္ဂလိကကုမ္ပဏီများနှင့် ချိတ်ဆက်ဆောင်ရွက်ခြင်းဖြင့် နှစ်ဦးနှစ်ဖက်အကျိုးကျေးဇူးခံစားခွင့်ရကြမည်ဖြစ်သည်။ ခြုံ၍ ဆိုရသော် ဆင်းရဲသား ဒေသခံပြည်သူများအား သစ်ထုတ်လုပ်ငန်းနှင့် သစ်အချောထည် ဆင့်တက်ထုတ်လုပ်မှုလုပ်ငန်းတွင် လုပ်အား အလို့ငှာ အသုံးချခြင်းထက် ၎င်းတို့၏ စွမ်းဆောင်ရည်နှင့် ပိုင်ဆိုင်မှုမြင့်မားအောင် အထောက်အကူပေးခြင်းကို ဖော်ဆောင်သွားရန် အရေးကြီးပါသည်။ သို့မဟုတ်ပါက လုပ်အားကိုရောင်းစားနေရသော လက်လုပ်လက်စား ဆင်းရဲသားဘဝက မည်သည့်အခါမျှ တက်လာမည်မဟုတ်ချေ။

**သစ်တောစီမံခန့်ခွဲမှုပုံစံနှင့် အဖွဲ့အစည်းဆိုင်ရာအချက်များ**

၂၀၀၆ ခုနှစ် အောက်တိုဘာလတွင် ဗီယက်နမ်နိုင်ငံ၊ ဟိုချီမင်းမြို့တော်၌ FAO မှ ကြီးမှူး၍ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက် သစ်တောများအား စီမံခန့်ခွဲခြင်းနှင့်ပတ်သက်သည့် အပြည်ပြည်ဆိုင်ရာညီလာခံကိုကျင်းပခဲ့ရာ နိုင်ငံပေါင်း (၃၃) နိုင်ငံမှ သစ်တောပညာကျွမ်းကျင်သူ(၁၅၅)ဦး တက်ရောက်ခဲ့ပါသည်။ ယင်းညီလာခံတွင် ဖော်ထုတ်ချက်အရ ဒေသခံအစုအဖွဲ့အခြေခံသစ်တောစီးပွားရေးလုပ်ငန်းများတွင် တွေ့ရသော အဓိကပြဿနာများသည် များသောအားဖြင့် အကျိုးအမြတ်ခွဲဝေရေးအစီအစဉ်များနှင့် ဆက်နွယ်နေကြောင်းတွေ့ရပါသည်။ သို့ဖြစ်ရာ ပိုမို၍ သာတူညီမျှမှုရှိပြီး ဘက်မလိုက်ဘဲ အကျိုးအမြတ်ခွဲဝေရေး၊ မျှတသောဆုံးဖြတ်ချက်ချမှတ်ရေးတို့ကို တိကျပြတ်သားစွာ အားထုတ်လုပ်ဆောင်ရန် လိုအပ်ပါသည်။ အထူးသဖြင့် ရပ်ဓလေ့၊ ရွာဓလေ့နှင့်အညီ ဖွဲ့စည်းရေးအစီအစဉ်များဖော်ဆောင်ခြင်းဖြင့် ဆုံးဖြတ်ချက်ချမှတ်ခြင်းနှင့် စီမံခန့်ခွဲခြင်းလုပ်ငန်းများတွင် ဒီမိုကရက်တစ်နည်းလမ်းကျစွာ ပူးပေါင်းဆောင်ရွက်ရေးကို ဦးတည်ရမည်ဖြစ်ပါသည်။ ထို့အပြင် သက်ဆိုင်ရာအကျိုးရှင်များ ပူးပေါင်းပါဝင်သည့် ဆွေးနွေးပွဲများ၊

စကားဝိုင်းများကို ကျွမ်းကျင်ပိုင်နိုင်စွာ ကျင်းပပေးခြင်းဖြင့် ဆင်းရဲသားများနှင့် အခွင့်အလမ်းနည်းပါးသူများ၏အသံကို ဖော်ထုတ်ရရှိနိုင်ပါသည်။ မတူကွဲပြားသော စီမံခန့်ခွဲမှုပုံစံများ၊ ရွေးချယ်ရန်နည်းလမ်းများနှင့်ပတ်သက်၍ သတင်းအချက်အလက်များ ဖြန့်ဝေအသိပေးခြင်းနှင့် အဆင့်တိုင်းတွင် စွမ်းဆောင်ရည်ထူထောင်မြှင့်တင်ခြင်းတို့ကို မပြတ်မနေဆောင်ရွက်သွားရန် လိုအပ်ပါသည်။

## နည်းပညာဆိုင်ရာ အချက်များ

အသေးစားသစ်ထုတ်လုပ်ငန်းနှင့် သစ်အချောထည်ဆင့်တက်ထုတ်လုပ်မှုလုပ်ငန်းများ အောင်မြင်ရေးအတွက် မရှိမဖြစ်လိုအပ်သောအချက်မှာ သင့်လျော်သော နည်းပညာနှင့်ဝယ်ယူသုံးစွဲရန် တတ်နိုင်သောပစ္စည်းကိရိယာ အသုံးချရေးပင်ဖြစ်သည်။ ဖော်ပြပါနည်းပညာများနှင့် ပစ္စည်းကိရိယာများမှာ နယ်မြေဒေသအလိုက်တည်ရှိပြီး အမှန်တကယ်လည်း အသုံးတည့်ကြသည်။ သို့သော် ယင်းတို့နှင့်ပတ်သက်သော သတင်းအချက်အလက်များကို ကျယ်ကျယ်ပြန့်ပြန့် ဂရုမပြုမိကြပေ။ ထို့အပြင် ဖော်ပြပါနည်းပညာနှင့် ကိရိယာများသုံးစွဲရန်အတွက် ဒေသခံများတွင် စွမ်းဆောင်ရည်မရှိခြင်း၊ သို့မဟုတ် မူဝါဒနှင့် ဥပဒေများအရ တားမြစ်ကန့်သတ်ထားခြင်းတို့ကြောင့်လည်း ဖြစ်နိုင်ပါသည်။ မည်သို့ပင်ဖြစ်စေ၊ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးအတွက်သင့်တင့်လျောက်ပတ်သော နည်းပညာနှင့် ပစ္စည်းကိရိယာများ ဒေသခံဆင်းရဲသားများလက်ဝယ်ရရှိပြီး သင့်လျော်စွာ အသုံးပြုနိုင်ရေးအတွက် လိုအပ်သလိုစီမံခန့်ခွဲပေးရန်အရေးကြီးပါသည်။

## ဈေးကွက်ထိုးဖောက်ခြင်း

အသေးစားသစ်တောအခြေခံ စီးပွားရေးလုပ်ငန်းများအနေဖြင့် လုပ်ငန်းမစတင်မီ အကျိုးအမြတ်သေချာမှု ရှိ မရှိ၊ စီးပွားဖြစ် ရေရှည်ရှင်သန်ရပ်တည်နိုင်ခြင်း ရှိ မရှိ ကြိုတင်ခန့်မှန်းလေ့လာရန် အရေးကြီးပါသည်။ အဓိကကျသောအတားအဆီးများမှာ ငွေကြေးအရင်းအနှီး၊ ဈေးကွက်ဆိုင်ရာ သတင်းအချက်အလက်နှင့်စီးပွားရေးလုပ်ငန်းဆိုင်ရာ ကျွမ်းကျင်မှုတို့ဖြစ်သည်။ ယင်းအတားအဆီး များကိုကျော်လွှားရန် လုပ်ငန်းအဖွဲ့အစည်းများ၊ သမဝါယမအသင်းများ၊ လုပ်ငန်းရှင်အုပ်စုများ၏ အကူအညီဖြင့် ကုန်ကြမ်းအရင်းအမြစ်များစုစည်းခြင်း၊ ထုတ်ကုန်အရည်အသွေးမြှင့်တင်ခြင်း၊ လုပ်ငန်းကုန်ကျစရိတ်များ လျှော့ချခြင်း၊ ထုတ်ကုန်ပစ္စည်းများ ဈေးနှိမ်မခံရအောင် ကာကွယ်ခြင်းတို့ကို ဆောင်ရွက်နိုင်မည်ဖြစ်သည်။ စီးပွားရေးလုပ်ငန်းဆိုင်ရာ အသင်းအဖွဲ့အစည်းများသည် အခြေအနေဆိုးနေသော စီးပွားရေးလုပ်ငန်းများကို ကောင်းအောင် မလုပ်နိုင်လျှင်သာရှိမည်။ အခြေအနေကောင်းမွန်သော စီးပွားရေးလုပ်ငန်းများကိုမူ တိုးတက်ကြီးထွားအောင် လုပ်ပေးနိုင်မှာသေချာပါသည်။ သို့ဖြစ်ရာ ကျစ်လျစ်ခိုင်မာတောင့်တင်းသောလုပ်ငန်းအဖွဲ့အစည်းသည်လုပ်ငန်း အောင်မြင်ရေးအတွက် မရှိမဖြစ် လိုအပ်ချက်ဖြစ်သည်။

အချုပ်အားဖြင့်ဆိုပါမူ သစ်တောကဏ္ဍတွင် ပါဝင်သူအကျိုးရှင်များနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်းစဉ်တွင် တာဝန်ယူဆောင်ရွက်သူများအကြား ကျယ်ပြန့်စွာ ချိတ်ဆက်ဆောင်ရွက်ရန်လိုအပ်ပါသည်။ ယင်းတွင် သစ်တောမူဝါဒရေးဆွဲချမှတ်သူများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဒေသခံအစုအဖွဲ့များ၊ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာအဖွဲ့အစည်းများနှင့် အလှူရှင်များပါဝင်ပါသည်။ သစ်တောကဏ္ဍအနေဖြင့် ဆင်းရဲသားများကို အမှန်တကယ် အကျိုးကျေးဇူးပြုနိုင်ရန် သစ်တောစီမံခန့်ခွဲမှုနှင့် ခွဲဝေချထားမှုနည်းလမ်းများ ပြောင်းလဲကျင့်သုံးရေးအတွက် နိုးကြားသောအသိဖြင့် ဆုံးဖြတ်ချက်များချမှတ်ကျင့်သုံးသွားရန် လိုအပ်ပါသည်။ အရေးအကြီးဆုံးအချက်မှာ သစ်တောများအားအသုံးပြု၍ ရရှိလာသောအကျိုးအမြတ်များကို မည်သို့ခွဲဝေပေးမည်ဟူသောအချက်ဖြစ်သည်။ ဆိုလိုသည်မှာ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးကို သစ်တောစီမံခန့်ခွဲမှု၏ ဦးစားပေးလုပ်ငန်းအဖြစ် ရှင်းလင်းပြတ်သားစွာ သတ်မှတ်ထားရှိရန်ဖြစ်ပြီး ဘေးထွက်အကျိုးစီးပွားတစ်ရပ်အဖြစ် မျှော်လင့်ချက်ပေးထားခြင်းမျိုး မဖြစ်ရန်အရေးကြီးပါသည်။ သို့စေကာမူ အရေးအကြီးဆုံးအချက်မှာ ဆင်းရဲနွမ်းပါးသူအဖြစ်မည်သည့်စံဖြင့် တိုင်းတာသတ်မှတ်မည်နည်း။ ဤအချက်သည် အလွန်ခဲယဉ်းသော အချက်ဖြစ်သည်။ ဆင်းရဲနွမ်းပါးမှုလျှော့ချရေးနှင့် သစ်တောထိန်းသိမ်းရေးသည် ယေဘုယျအားဖြင့် ကိုယ့်အမြီးကိုယ် ပြန်မျိုနေသောစပါးကြီးမြွေကို ကြည့်ရသကဲ့သို့ တိမ်မယောင်နှင့်နက်၊ လွယ်မယောင်နှင့်ခက်ဖြစ်သည်။ တည်ငြိမ်သောမူဝါဒ၊ ခိုင်မာပြတ်သားသော ဥပဒေပြဋ္ဌာန်းချက်များနှင့်စနစ်ကျသောစီမံခန့်ခွဲမှုတို့မရှိလျှင် ဆင်သတ်အရပ်ဝေသလို ဖြစ်မှာစိုးရပါသည်။

**ဆရာ မောင်ကြာလှ၏ 'ဘီစတာကျွန်း၏ သင်ခန်းစာနှင့် အခြားဆောင်းပါးများ' စာအုပ်မှ**
**စာရေးသူ၏ ခွင့်ပြုချက်ဖြင့်ဖော်ပြခြင်းဖြစ်ပါသည်။**

# အဆင်သင့်ပဲလား



မင်းဆွေ

လူ့လောကထဲသို့ အူဝဲ ....အူဝဲ .... အသံနှင့်အတူ ရောက်လာကြသည်။ တစ်ချို့ဆိုလျှင် အူဝဲတောင် ကောင်းကောင်းမအော်မြည်နိုင်ကြလို့ ဝမ်းဆွဲသည်က ရင်ဘတ်ကလေးပုတ်၊ တင်ပါးကလေးပုတ်နဲ့ အသံထွက်လာအောင် လုပ်ပေးကြရသည်။ လူ့လောကထဲရောက်လာပြီး လူဖြစ်ဖို့၊ လူလူသူသူဖြစ်ဖို့၊ လူပီသစွာဖြစ်ဖို့ အဆင်သင့်ပဲလား။ တကယ်တော့ အဆင်သင့်အခြေအနေတွေနဲ့ ရောက်လာကြသည်မဟုတ်။ အဆင်သင့်ဖြစ်အောင်ဆိုတာ မိဘနဲ့ ပတ်ဝန်းကျင်အသိုင်းအဝိုင်းတွေက ဝိုင်းဝန်းပံ့ပိုးကြရသည်။ ကူညီကြရသည်။ ပြင်ဆင်ကြရသည်။

သည်လိုနဲ့ ရက်၊ လ၊ နှစ်တွေ အလီလီပြောင်း ကာလတစ်ခုခုအထိ ကြာညောင်းလာချိန်မှာ အသက်အရွယ်အရ မိမိကိုယ်တိုင်က ကြိုးစားဖန်တီးမှုများဖြင့် လူ့လောကထဲမှာ လူအဖြစ် ရပ်တည်နိုင်ဖို့၊ ရည်ရွယ်ရာလမ်းတွေအတွက် အဆင်သင့် ဖြစ်နိုင်ဖို့ ပြင်ဆင်ကြရပေသည်။

ကမ္ဘာနှင့်အဝန်းမှာ ရာသီဥတုတွေပြောင်းလဲဖောက်ပြန်လာနေကြသည်။ ကမ္ဘာကြီး၏ ပျမ်းမျှအပူချိန်သည် တစ်နှစ်ထက်တစ်နှစ် တစ်စထက်တစ်စ ပိုပိုလို့သာ တိုးလာနေသည်။ ဝန်ရိုးစွန်းဒေသတွေမှ ရေခဲတောင်များ အရည်ပျော်ကျလာကြသည်။ ပင်လယ်ရေမျက်နှာပြင်သည်လည်း မြင့်တက်မှုများဖြစ်ပေါ်လာနေပြီး အချို့သော ကမ္ဘာ့မြို့ကြီးများအပါအဝင် လူနေရိယာများနှင့် ကုန်းမြေတစ်ချို့တို့ ပင်လယ်ရေမျက်နှာပြင်အောက် ငုံ့လျှိုးကွယ်ပျောက်မည့်အန္တရာယ်ကြုံတွေ့ရဖွယ်ရှိနေကြောင်း ခန့်မှန်းတွက်ချက်မှုတွေကို ဖတ်ရှုကြားသိနေရသည်။

ကမ္ဘာ့လေထုအတွင်း ကာဗွန်ဒိုင်အောက်ဆိုဒ်နှင့် တကွ မှန်လုံအိမ်အာနိသင်ရှိဓာတ်ငွေ့များ အဆမတန်တိုးပွားထွက်ရှိနေကြသည်။ လူနေမှုအဆင့်အတန်းမြင့်မားလာကြသည်နှင့်အမျှ ခေတ်မီဆန်းပြားတိုးတက်သောလူ့အသုံးအဆောင်အမျိုးမျိုးတို့ကို ဖန်တီးတီထွင်ထုတ်လုပ်ပြီး အသုံးများလာကြသည်။ ၎င်းတို့၏ ဘေးထွက်ဆိုးကျိုးများကိုလည်း မသိမသာမှသည် သိသိသာသာအထိ ကြုံတွေ့လာနေကြရသည်။

ငယ်ငယ်က ကြားဖူးနားဝရှိခဲ့သော ကမ္ဘာပျက်ကိန်းကြုံရလိမ့်ဦးမည်ဆိုတာ သည်လိုများလား။ ကမ္ဘာပျက်ကိန်း ဆိုက်ရောက်လာလျှင် ဘယ်လိုရင်ဆိုင်နေထိုင်ပြုမူ၍ ကျော်လွှားနိုင်အောင်လုပ်ကြမည်နည်း။ ကျွန်ုပ်တို့ လူသားတွေ ရင်ဆိုင်ဖြေရှင်းဖြတ်ကျော်သွားနိုင်ဖို့ ဘာတွေကို ဘယ်လို စီမံရွက်ဆောင်ကြိုးပမ်းထားကြပြီလဲ။ အဆင်သင့်ပဲလား။ အဆင်သင့်ဖြစ်ဖို့ရာ အသိရှိစွာနဲ့ ညီညာဖျဖျ အားထုတ်ကြရပေမည်။

ကမ္ဘာ့ရာသီဥတုဆိုးရွားပြောင်းလဲမှုကို ထိန်းချုပ်ဟန့်တားနိုင်ရန် ကမ္ဘာမြေပေါ်တွင် သစ်တောသစ်ပင်များ ဖုံးအုပ်ထိန်းသိမ်းထားနိုင်မှုဖြင့် ကုစားရမည်။ ကုလသမဂ္ဂ စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO) ၏ ၂၀၂၀ ခုနှစ်အတွက် ကမ္ဘာလုံးဆိုင်ရာ သစ်တောသယံဇာတအရင်းအမြစ်များ ဆန်းစစ်အကဲဖြတ်ခြင်း (Global Forest Resources Assessment) အရ ကျွန်ုပ်တို့၏ကမ္ဘာမြေပေါ်တွင် သစ်တောဖုံးလွှမ်းမှုဧရိယာ ၄. ၀၆ ဘီလီယံဟက်တာ ရှိနေသေးသည်။ တစ်နည်းအားဖြင့်ဖော်ပြရလျှင် ဧရိယာ ဧကပေါင်း ၁၀ ဘီလီယံမျှရှိနေပြီး၊ ၎င်းသည် ကမ္ဘာ့ကုန်းမြေဧရိယာ၏ ၃၁% ခန့်ရှိပါသည်။ လွန်ခဲ့သော နှစ်ပေါင်းတစ်သောင်းခန့်ကကမ္ဘာ့ကုန်းမြေဧရိယာ၏ ၅၇ % ခန့်လည်းကောင်း၊ နှစ်ပေါင်း ငါးထောင်ခန့်က ၅၅%

ခန့်လည်းကောင်း၊ ခရစ်နှစ် ၁၇၀၀ ပြည့်နှစ်ခန့်က ၅၂% ခန့်လည်းကောင်း၊ ခရစ်နှစ် ၁၉၀၀ ပြည့်နှစ်ခန့်က ၄၈% ခန့်လည်းကောင်း၊ ခရစ်နှစ် ၂၀၁၈ ခုနှစ်တွင် ၃၈ % ခန့်လည်းကောင်း ရှိခဲ့ကြကြောင်း ဖတ်ရှုမှတ်သားရဖူးပါသည်။ ကမ္ဘာပေါ်မှာ သစ်တောဖုံးလွှမ်းမှုဧရိယာများ လျော့နည်းကျဆင်းလာသည်နှင့်အမျှ ရာသီဥတုပြောင်းလဲမှုများသည်လည်း သာမန်မှသည် ဆိုးရွားခြင်းသို့ဦးတည်လာခဲ့ပေပြီ။ မြန်မာနိုင်ငံအနေဖြင့်လည်း Global Forest Resources Assessment – 2020 အရ နိုင်ငံကုန်းမြေဧရိယာ၏ ၄၂. ၁၉ % သာရှိတော့ပေသည်။ ၎င်းကိန်းဂဏန်းသည် ၁၉၉၀ ပြည့်နှစ်က ရှိခဲ့သော ၅၇. ၉၇% နှင့်နှိုင်းယှဉ်ချိန်ထိုးကြည့်ပါက အချိန်ကာလ နှစ်(၃၀)အတွင်း မည်မျှအထိဆိုးရွားသောအမြန်နှုန်းဖြင့် ကျဆင်းလာခဲ့သည်ကို သတိပြုမိစရာဖြစ်ပေသည်။

သစ်တောပြုန်းတီးပျက်စီးခြင်း၊ သစ်တောအတန်းအစားကျဆင်းခြင်းတို့ကို ရပ်တန့်သွားအောင်၊ လျော့နည်းသွားအောင်လုပ်ဖို့ မဖြစ်မနေလိုအပ်နေပေပြီ။ ထို့အတွက် အဆင်သင့်မဖြစ်သေးလို့ မရတော့ပါ။

သည်ရက်ပိုင်းတွေအတွင်းမှာ ဘင်္ဂလားပင်လယ်အော်၌ ဖြစ်ပေါ်လာနိုင်သည့် ဆိုင်ကလုံးမိုချာ (Cyclone Mocha) မုန်တိုင်းအကြောင်း လူထုအတွင်း အလွန်ရေပန်းစားနေသောသတင်းတစ်ခုဖြစ်သည်။ ၂၀၀၈ ခုနှစ်၊ မေလဆန်း(၂)ရက်နေ့တုန်းက ဖြစ်ပွားခဲ့သော ဆိုင်ကလုံး နာဂစ် (Cyclone Nargis) မုန်တိုင်းကြောင့် မြန်မာနိုင်ငံမှာ ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသတွင် ပျက်စီးဆုံးရှုံးမှုများနှင့် သေပျောက်မှုများ ဆိုးရွားစွာကြုံတွေ့ခဲ့ရသည်။ ၁၅ နှစ်ခန့်အကြာ၊ ယခု ၂၀၂၃ ခုနှစ် မေလဆန်းပိုင်းတွင် ဆိုင်ကလုံးမိုချာ (Cyclone Mocha) သတင်းက ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသနှင့် ရခိုင်ကမ်းရိုးတန်းဒေသတို့ကို ခြိမ်းခြောက်လာနေပြန်သည်။

နာဂစ်မှာတုန်းက ကြိုတင်ကာကွယ်မှုအတွက် အဆင်သင့်မဖြစ်ခဲ့ကြလို့ များစွာဆုံးရှုံးခဲ့ကြရသည်။ ယခု ခန့်မှန်းတွက်ဆနေကြသည့် မိုချာမှာရော ရင်ဆိုင်နိုင်ဖို့ အဆင်သင့်ဖြစ်ကြပါရဲ့လား။ ဤဆောင်းပါးကိုရေးသားနေချိန်မှာ မေလ(၉)ရက်နေ့ညဖြစ်သည်။ ခန့်မှန်းတွက်ဆမှုများအရ မိုချာသည် မေလ(၁၀)ရက်နေ့တွင် မုန်တိုင်းအဖြစ် ဘင်္ဂလားပင်လယ်အတွင်းဖြစ်ပေါ်တော့မည်။ သဘာဝဘေးကြိုတင်ကာကွယ်ရေးနှင့် ကူညီကယ်ဆယ်ရေးများအတွက် အုပ်ချုပ်ရေးအဖွဲ့များက ဦးဆောင် စီစဉ်ကြပ်မတ်ပြီး စုဖွဲ့လှုပ်ရှားဆောင်ရွက်နေကြသည်။ ဟိုအချက်အလက်တွေ၊ သည်အချက်အလက်တွေ၊ ဟိုလိုဟာတွေ၊ သည်လိုဟာတွေကို မနက်အရောက်တင်ပြ၊ နေ့လယ်အရောက်တင်ပြ၊ မွန်းလွဲအရောက်တင်ပြ၊ ညနေ အရောက် တင်ပြ၊ သည်ညအရောက်တင်ပြ စသည်စသည်ဖြင့် တင်ပြစရာများစွာကို အချိန်မီ တင်ပြနိုင်ကြရေး အားစိုက်နေကြရပါသည်။ အန္တရာယ်ကင်း ဘေးရှင်းစွာဖြင့် သဘာဝဘေးကို လွန်မြောက်ကျော်လွှားနိုင်အောင် အဆင်သင့်ဖြစ်နိုင်ကြပါစေ။

သုံးဆယ့်တစ်ဘုံ ကျင်လည်ကြကုန်သော ဝေနေယျသတ္တဝါအပေါင်းစသည်ဖြင့် ကြားဖူးမှတ်ဖူးလည်းရှိသည်။ အပါယ်(၄)ဘုံ၊ ကာမသုဂတိ(၇)ဘုံ၊ ရူပဗြဟ္မာ (၁၆)ဘုံ၊ အရူပဗြဟ္မာ(၄)ဘုံ တို့ရှိကြသည်။ ဘဝပစ္စယာဇာတိဖြစ်သည်။ ဇာတိဖြစ်သောသတ္တဝါဟူသမျှတို့သည် ဆင်းရဲဒုက္ခရှိကြသည်။ ဆင်းရဲမှုလွတ်ရန်မှာ နောက်ထပ် တစ်ကြိမ်တစ်ဖန်မွေးဖွားသက်ရှင်ခြင်းမှ ကင်းလွတ်ရမည် ဖြစ်ပေသည်။ ဇာတိပစ္စယာဇရာမရဏံ ဖြစ်သည်။ သုံးဆယ့်တစ်ဘုံအနက် ကာမသုဂတိဘုံ(၇)ခု ထဲမှ လူ့ဘုံသည် အမြင့်မြတ်ဆုံး ဖြစ်ပေသည်။

ဆင်းရဲမှုလွတ်ရန်အတွက် အားထုတ်ဆောင်ကြဉ်းနိုင်သောအခွင့်အလမ်းရှိသည့် ဘုံ ဖြစ်သောကြောင့် အမြင့်မြတ်ဆုံးဟုဆိုရခြင်းဖြစ်ပေသည်။ အမြင့်မြတ်ဆုံးဘုံ၌ပင်လျှင် အသက်ရှင်နေရခြင်းသည် ဒုက္ခများကိုမွေးမြူနေခြင်းဖြစ်သည်။ အသက်ရှင်နေသူမှန်သမျှ သေဖို့အတွက်သာဖြစ်သည်။ သေပြီးလျှင် သံသရာမှာထပ်ကျော့တစ်ဖန် ဖြစ်မလာရန် လုံလောက်သောအားထုတ်ရင်းနှီးမြှုပ်နှံမှုတို့ လုပ်ဆောင်ပြီးမှသာလျှင် သေရကျိုးနပ်ပေမည်။ တစ်ဘဝ တစ်ကြိမ်သေဖြင့် မလုံလောက်သေးလျှင်လည်း နှစ်ဘဝ နှစ်ကြိမ်သေ၊ သုံးဘဝ သုံးကြိမ်သေ စသည်ဖြင့် ပါရမီရင့်သန်အောင် အားထုတ်ကြဖို့ လိုပေသည်။ သေခြင်းအတွက် အဆင်သင့်ဖြစ်အောင် ကြိုတင်ပြင်ဆင်မှုများလိုအပ်ပေသည်။

ခရီးမဆုံး၊ မပြီးပြတ်သေးသော သံသရာစက်ဝန်းအတွင်းမှာကျင်လည်နေသမျှ ကာလတို့မှာလည်း case by case အဆင်သင့်ဖြစ်နိုင်ကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။



သဘာဝ ဘေးအန္တရာယ်
အများစုဟာ လူတွေ
နှစ်ပေါင်းများစွာ မသိကျိုးကျွံ
ပြုမှုကြောင့်ဖြစ်တာ။

APK




ဦးသာနိုးတစ်ယောက် မိမိ ဂေါက်သီးနောက်တွင် ဆောင့်ကြောင့်ထိုင်၍ ကျင်းနှင့်အကွာအဝေး၊ ဂေါက်သီး သွားရာလမ်း မြေညီညာမှု စူးစိုက်ကြည့်တွက်ချက်လိုက်သည်။

အကွာအဝေး ခုနစ်ပေခန့် ဖြစ်ပေမယ့် ကျင်းနားတွင်ဘယ်ဘက်ယောင်ယောင်လေးမြင့်ထားသဖြင့် ဘယ်ဘက်တစ်ထွာကျော်ရိုက်တင်ပေးရမည်။ ကျင်းစိမ်တုတ်ကို အဖျားမှာ ဘယ်လက်ပေါ်ညာလက်ထပ်အုပ်၍ လက်မနှစ်ချောင်းက တုတ်ဖျားသို့ညွှန်ပြသည့် အနေအထားဖြင့်ကိုင်လိုက်သည်။

ဂေါက်သီးနှင့်တစ်တောင်အကွာရပ်လိုက်ပြီး ခြေစုလျက်ဂေါက်သီးကို မထိစေဘဲ ကျင်းနှင့်အကွာအဝေးရိုက်အားချိန်ဆလွှဲကျင့်လိုက်၏။ ထို့နောက်တုတ်ဖျားကို ဂေါက်သီးနောက်မှာချ၍ လေ့ကျင့်ထားသည့် လမ်းကြောင်း အချိန်အဆအတိုင်း အသာရိုက်သွင်းလိုက်သည်။

ဂေါက်သီးဖြူဖြူလေးသည် မြက်ခင်းစိမ်းစိမ်းပေါ် တစ်လိမ့်လိမ့်ပြေးသွားလျက် ဘယ်ဘက်မှကွေ့ဝိုက်၍ ကျင်းထဲသို့ဝင်သွားလေ၏။

'ဝေး.... ဟေး.... ဖြောင်း.... ဖြောင်း.... ဖြောင်း....'

ဟံသာဝတီဂေါက်ကွင်း တစ်ဆယ့်ရှစ်ကျင်းတွင် ဦးသာနိုးတို့အဖွဲ့ ပျော်ရွှင်ဆူညံသွားကြလေသည်။

'လှလိုက်တဲ့ ... ရိုက်ချက်လေး အစ်ကိုကြီးရာ' ပါတနာလုပ်ငန်းရှင် ကိုထွန်းသစ်က လက်မထောင်၍ ချီးကျူးလေသည်။

'လေးလေးက သိပ်တော်တာပဲ...စုစီကို ဘောက်ဆူးကောင်းကောင်း ပေးရမယ်နော်'

ဦးသာနိုး၏ ထီးမိုး စုစီက ရွှန်းလဲ့သည့်မျက်လုံးအစုံနှင့် အမူပိုစွာပြောလာသည်။

'ပေးမှာပေါ့စုစီရယ်. လေးလေးက...စုစီလေးအပေါ်ဆို ပေးပြီးသား.. စုစီလေးကလည်း'

ထီးအောက်ဝင်၍ စုစီ၏ ပခုံးကိုသိမ်းဖက်လိုက်ရင်း ဆွဲညှစ်လိုက်၏။ ဦးသာနိုး ဘာဆိုလိုသည်ကို စုစီ ကောင်းကောင်းသိပြီးသား။

ထိုနေ့က ဟံသာဝတီဂေါက်ကလပ်စားသောက်ခန်းမတွင် အရာရှိကြီးဦးသာနိုးတစ်ယောက် တက်ကြွပျော်ရွှင်စွာအောင်ပွဲခံ၏။ လောင်းကြေး အနိုင်ရငွေသည် ဂေါက်သမားတွေ၏ တစ်ဆယ့်ကိုးကျင်းတွင် ချောသွားလေပြီ။ ရှေ့ပြေး ကယ်ရီ၊ ဂေါက်အိတ်ထမ်းကယ်ရီတွေလည်း ဘောက်ဆူး ကောင်းကောင်းပေးလိုက်သည်။ စုစီအတွက် ဆိုမှု ပြောဘွယ်မရှိ။

ဦးသာနိုးတို့ဝိုင်းသိမ်းတော့ ကိုးနာရီခွဲ။ အပြန်ကားနောက်ခန်းတွင် စုစီနှင့်အတူထိုင်ရင်း ရသမျှအချိန်အကျိုးရှိစေသည်။ ဒရိုင်ဘာ မင်းမောင်ကတော့ ကားမောင်းရင်း နောက်ကြည့်မှန်မှတစ်ဆင့် ဦးသာနိုးနှင့်စုစီအချစ်သည်းနေသည်ကို မမြင်ချင်တစ်ဆုံးမို့ ကားကိုဂရုတစိုက်မောင်းနေရသည်။

'လေးလေး ... မနက်ဖြန်နော်... စုစီ စောင့်နေမယ်'

'အိုကေ... စုစီ...ဂွတ်နိုက်... ဂွတ်နိုက်'

မင်းမောင် ကားဘီးကို ညင်သာစွာ လိမ့်ထွက်လိုက်သည်။

'ဘိုင်'

ဦးသာနိုး နှုတ်ဆက်နေဆဲ စုစီကလက်ပြရင်း ဖလိုင်းကစ်ပေးလိုက်သည်။ ဦးသာနိုး၏ အဆီပြန်နေသော မျက်နှာကြီးမှာ ပြုံးလို့ ရွှင်လို့။

ကားမှန်တင်ပြီး ပြန်အလှည့်တွင် ဦးသာနိုးမျက်နှာတင်းသွားသည်။

'ဟေ့ကောင်... မင်းမောင် မင်းလုံလုံနေနော်... ဘောဘီသိလို့ကတော့ မင်းအလုပ်ပြုတ်ပဲ၊ ရော့... မင်းဖို့ မုန့်ဖိုး'

တစ်ထောင်တန် ငါးရွက် မင်းမောင်ကို ကမ်းပေးလိုက်သည်။

'ဆရာရယ်…ဆရာ့တပည့် ကြို့ပါ.. နှုတ်လုံ့ပါတယ်၊ အော်… ဆရာ… အိမ်မှာ ကျွန်တော့်သမီးလေး နေမကောင်းလို့ အဲ့ဒါ'

'အေးပါကွာ…ရော့… ရော့ ထပ်ယူသွားဦး'

ဦးသာနိုး ကမ်းပေးသည့် ထောင်တန် ငါးရွက်အား အိတ်ထဲထည့်လိုက်ရင်း မင်းမောင်နှုတ်မှ–

'ကျေးဇူးပါ… ဆရာ'

++++++++

'နင်… ဒီလောက်လေးတောင်…အသုံးမကျဘူးလား…ဒီစာရင်းအလွဲတွေနဲ့ ငါ မီတင်မှာ ဘယ်လိုတင်ပြရမလဲ… ငါ့ကို ထုမှာပေါ့'

'စန်းရီ…ပြန်ပြင်လိုက်ပါ့မယ် ဆရာ'

'သွား… သွား… နင်တို့ပြောလိုက်ရင် ဒီလိုချည်းပဲ… တစ်ယောက်မှ x x သုံးမကျဘူး'

ဦးသာနိုး ဒေါသူပုန်ထ၍ စာရွက်တွေ ဆွဲလွှင့်ပစ်လိုက်သည်။

စာရေးမလေး ခင်စန်းရီ မျက်နှာငယ်ဖြင့် စာရွက်များကောက်၍ အခန်းထဲကထွက်သွားသော်လည်း ဦးသာနိုး ဒေါသက မပြေသေးပေ။

ဦးသာနိုး ဒေါသက မနက်အိမ်ကထွက်ကတည်းက ကပ်ပါလာခြင်းဖြစ်သည်။ သားသမီးကိစ္စ ဇနီးသည်နှင့် စကားများရ၏။ သားကြီးမှာ မူးယစ်ဆေးစွဲနေပြီး သူ့အမေက လိုသမျှဖြည့်ဆည်းပေးနေ၏။ သမီးငယ်က အလှအပမက်မော အသုံးအဖြုန်းမတတ်၊ ပညာမထူးချွန်၊ ဒီဇနီး ဒီသားသမီးတွေနှင့် ဦးသာနိုးစိတ်ကုန်လှသည်။ ဒါကြောင့်လည်း အပြင်မှာအပျော်ရှာ၏။ ရာထူးက ပေးသော လာဘ်လာဘသည်ပင် ဦးသာနိုးမိသားစုအတွက် လိုက်မမီချင်။

'အလကားပါဟယ်… လိုက်ပဲ အပြစ်ရှာနေတဲ့ အထက်ဖား အောက်ဖိကြီး'

ငါတော့… ဒီလိုအထက်လူကြီးတွေနဲ့ လုပ်ကို မလုပ်ချင်တော့ဘူး'

ခင်စန်းရီတို့အဖွဲ့ အပြင်မှာ အတင်းတုပ်နေကြသည်။ 'ဟေ့… ရှူးရှူး… ဟိုမှာ တိုက်ပုံကောက်ဝတ်နေပြီ တော်တော့'

ဦးသာနိုးအခန်းနှင့် မျက်နှာချင်းဆိုင်စားပွဲက စာရေးလေး ကိုမင်းက သတိပေးလိုက်သည်။ ခင်စန်းရီတို့အဖွဲ့ မီးစ ရေနှင့်ဖြန်းသလို 'ရှဲ' ကနဲ အသံပင်မမြည်တော့။

ဦးသာနိုး အခန်းအပြင်ထွက်ရင်း ရုံးခန်းတစ်ခုလုံး မျက်လုံးဝေ့ကြည့်လိုက်သည်။

'အလုပ်… ကောင်းကောင်း လုပ်ကြနော်'

ဦးသာနိုး လှည့်အသွား ခင်စန်းရီ မျက်နှာမဲ့ပြလိုက်သည်။

ရုံးအဖွဲ့ အချစ်တော်မဟုတ်လား…

+++++++

*𝄞 ဒီဘဝကြီးမှာ တစ်ကွက်လေး ကပါရစေလား…. ဘာမှမဟုတ်မှန်း အသိနဲ့ ငါရယ်လို့ ဖြစ်ချင်တာ အလွန်ပဲ အစွမ်းမဲ့လူသား….*

*နာမည်လေးတစ်လုံးရဖို့ တစ်ကွက်လေးတော့ ကပါရစေဦးလား….ကိုယ်ဟာ ညှော်သည်ပါ….ကိုယ်ဟာ ညှော်သည် 𝄞*

လမ်းထိပ်က လက်ဖက်ရည်ဆိုင်မှာ စိုင်းထီးဆိုင် သီချင်းသံက ပျံ့လွင့်နေသည်။ 'ညှော်သည် ' ဆိုပါလား။ ဘယ်တာကစလွှတ်ပြီး ဘယ်ပန်းတိုင်ရောက်မလဲ ဦးသာနိုး မသိခဲ့။ အမေ့ဝမ်းကျွတ်စဉ်က ဦးသာနိုးလည်း အငိုနဲ့စခဲ့မှာပဲ။ အဝိဇ္ဇာဖုံးလို့ အမှန်မမြင်လေတော့ အတ္တကို အနတ္တထင် ငါ့သားသမီး ငါ့ဇနီး ငါပိုင် ငါ့ဥစ္စာရယ်လို့ တွယ်တာတပ်မက်ပြီး နာမည်လေးတစ်လုံးရဖို့ ဦးသာနိုး ကခဲ့လိုက်တာ နောက်ဆုံးတော့ ငါပိုင် ငါဆိုင်မရှိတော့လေပေါ့။

အဂတိအမှုနှင့် ဦးသာနိုး ထောင်နန်းစံခဲ့ရသည်။ အလုပ်ကြမ်းနှင့် ထောင်ဒဏ် နှစ်နှစ်ချသော်လည်း လွတ်ငြိမ်းချမ်းသာနှင့် တစ်နှစ်ခွဲလောက်နေလိုက်ရသည်။ ပိုင်ဆိုင်မှုချိတ်ပိတ်ခံရသဖြင့် ဇနီးသည်မှာ သူ့ညီမအိမ်ကပ်နေရ၏။ ဆေးသမား သားတော်မောင်လည်း ဆေးရှော့ဖြစ်၍ တိမ်းပါး။ သမီးလည်း ယောကျ်ားယူ။ ဇနီးသည်လည်း ဒုက္ခတစ်ပုံတစ်ပင်နှင့် နှလုံးရောဂါအခံကြောင့် လူရုပ်ပင်မပေါ်တော့ပေ။ ထောင်အတွင်း အနေဆင်းရဲ အစားဆင်းရဲဒဏ်ကြောင့် ဦးသာနိုးတစ်ယောက် သွေးတိုး၊ ဆီးချို၊ ကျောက်ကပ်ရောင်ရောဂါများဖြင့် ဘဝသည် အကျည်းတန်နေပေပြီ။ ထောင်ကထွက်လာ ယခင် ကိုယ်ပေးကမ်းခဲ့သူများပင် မမြင်ချင်ယောင်ဆောင်နေကြသည်။ လုပ်ဖော်ကိုင်ဖက်များကလဲ ထင်သလောက် အကူအညီမပေးနိုင် အသက်ကသာကြီးလာသည်။ ဦးသာနိုး တစ်ယောက် ကိုယ်စိုက်ပျိုးခဲ့သည့် အကုသိုလ်ကံဖိစီးစွာဖြင့် အပူလုံးကြွ လူလုံးမလှသည့်ဘဝ ဖြစ်ရလေသည်။

+++++++

ကြွ…. လှမ်း…. ချ

လှမ်းချင်တဲ့စိတ်လေးကို ရှုလိုက်….ခြေကြွလာပြီး လှမ်းလိုက်တဲ့အချိန်မှာ…. ကြွတာကိုသိတဲ့စိတ်လေး ပျက်သွားတာကို မြင်ရတယ် အဲသည်လိုပဲ…. ခြေအချ လိုက်မှာ…. လှမ်းနေတဲ့စိတ်လေးက ပျက်သွားပြီ…. ပြီးရင် ကြွချင်တဲ့စိတ်ကလေး….

စာမျက်နှာ (၃၆) သို့ ➤

# အပူထဲက အပူ

မောင်ချမ်းမြေ့(သစ်တော)

'တရားခံ မောင်မြင့်ဇော် မတ်တပ်ရပ်ပါဦး.... ခုမင်းရှေ့က မင်းကိုဖမ်းတဲ့ တရားလိုတောအုပ်ကြီးပဲ.... '

'မင်း.... တရားလို တောအုပ်ကြီး ပြောတာထွက်ဆိုတာနဲ့ပတ်သက်ပြီး ဘာတွေချေပပြောချင်သေးလဲ'

'မင်းအနေနဲ့ တောအုပ်ကြီးပြောတာတွေနဲ့ ပတ်သက်ပြီးငြင်းလို့ရတယ် ဖြေရှင်းလို့ရတယ်နော်'

တရားရုံး ဘီလစ်စာရေးရဲ့ လက်နှိပ်စက် ရိုက်သံနဲ့အတူ ကျွန်တော်တွေးနေတဲ့ အတွေးစအချို့ ရပ်တန့်သွားလေရဲ့။

'ဟုတ်ကဲ့ တရားသူကြီးမင်း ကျွန်တော့်ရှေ့နေက ပြောပါလိမ့်မယ်'

ရှေ့နေကတော့ အကောင်းဆုံးမေးခွန်းတွေနဲ့စပြီး ထိုးနှက်ပါတော့တယ်။

သူကမေးကိုယ်ကဖြေနဲ့ အချိန်အတော်ကြာသွားလေရဲ့။

ရှေ့နေရဲ့မေးခွန်းကိုဖြေကြားပြီး ကျွန်တော် နောက်လှည့်ကြည့်လိုက်မိတော့ ရှေ့နေရဲ့မဆီမဆိုင် မေးခွန်းတွေကြောင့် မလုံမလဲဖြစ်နေတဲ့ တရားခံရဲ့ ညိုးညိုးငယ်ငယ်နဲ့မျက်ဝန်းတစ်စုံဖြစ်ရပ်ကတော့ သူကတရားခံ ကျွန်တော်ကတရားလို ဒါပေမဲ့ ပြန်စဉ်းစားကြည့်လိုက်တော့။

တရားမဝင်သစ်လျှော့နည်းပပျောက်ရေးအတွက် မြို့နယ်သစ်တောဝန်ထမ်းတိုင်းကြုံတွေ့ရတဲ့ သစ်တောဝန်ထမ်းငယ်တစ်ယောက်နဲ့ အောက်ခြေပြည်သူတွေရဲ့ကြားက ပဋိပက္ခလေးတစ်ခု။

တရားသူကြီးက တရားခွင်နားလိုက်တော့ တရားခံရဲ့အမေလို့ထင်ရတဲ့ အန်တီကြီးတစ်ယောက် ကျွန်တော့်နားရောက်လာပြီး 'ဆရာရယ် ဆရာကို အားနာပါတယ်ကွယ် .... အန်တီတို့မိသားစုလည်း သားကြီးဖမ်းခံရတော့ မွန်းကျပ်ပူလောင်နေရပါတယ် ဒါကြောင့် အန်တီတို့လည်းလွှတ်လိုလွှတ်ငြားပြောတာပါဆရာ နားလည်ပေးပါရှင် ' တဲ့

'ရပါတယ် အန်တီ.... ကျွန်တော်နားလည်ပါတယ်ခင်ဗျာ.... အန်တီသားလည်း သူ့စားဝတ်နေရေးအတွက် သူ့အလုပ်သူလုပ်သလို ကျွန်တော်လည်း ကျွန်တော့်အလုပ် ကျွန်တော်လုပ်တာမို့ လူတိုင်းမှန်ပါတယ် အန်တီ ၊ ကျွန်တော်နေရာ ဘယ်သူပဲရောက်ရောက် ဒီအလုပ်ပဲလုပ်ရမှာမို့တာဝန်အရဆောင်ရွက်ရတဲ့ ကျွန်တော်တို့ကိုလည်း နားလည်ပေးပါခင်ဗျာ'

'ဟုတ်ကဲ့ပါကွယ် '

'နောက်ပြီး တစ်ခုတော့ပြောပြချင်ပါတယ်အန်တီ၊ လူတစ်ခု ပူမှုရယ်တဲ့ ဆယ်ကုဋေတဲ့.... သားအတွက် ကျူရှင်စရိတ်လကုန်ပေးနိုင်ဖို့လိုနေတဲ့ သူ့အပူ၊ မိခင် ဖခင်တွေ ဆေးခန်းပြဖို့ ဆေးဖိုးလိုနေတဲ့ သူ့အပူ၊ အန်တီဆိုရင်လည်း သားအရင်းက အမှုတွေရင်ဆိုင်နေရလို့ စိတ်ညစ်နေရတဲ့ အန်တီရဲ့အပူ သူ့မှာလည်း သူ့အပူ၊ အန်တီမှာလည်း အန်တီ့အပူ၊ ကျွန်တော်မှာလည်း ကျွန်တော့်အပူ'

ခေတ်လူငယ်တစ်ယောက်ပေမို့ သူ့အပူတွေကို ကျွန်တော်နားလည်ပါတယ်။

'အပူက အပူ ဥပဒေကဥပဒေမို့ အပူပေါ်အပူဆင့်လို့အပူချင်းမထပ်ရလေအောင်သူလည်း သူ့မိသားစုအရေးအတွက် သမာအာဇီဝကျတဲ့ အခြားအလုပ်ပြောင်းလုပ်နိုင်အောင်ကြိုးစားရမယ်အန်တီ.... ပြီးတော့ သူဖောက်ဖျက်မိတဲ့ စည်းကမ်းအတွက်လည်း ထိုက်သင့်တဲ့ပြစ်ဒဏ် ခံယူရမှာပဲ ... သူကဝမ်းရေးအတွက် ကျွန်တော်က တာဝန်အတွက် ကျွန်တော်တို့နိုင်ငံလို ဆင်းရဲနွမ်းပါးမှုများပြီး သယံဇာတပေါ်မှီခိုမှုများတဲ့အချိန်မှာ သစ်တောသယံဇာတတွေထိန်းသိမ်းရတဲ့ ကျွန်တော်တို့သစ်တောဝန်ထမ်းတွေကိုလည်း နားလည်ပေးပါအန်တီ'

'အန်တီ့သားကိုလည်း ဒီသစ်မှုအတွက် ပြစ်ဒဏ်ခံပြီးရင် အပူပေါ်အပူဆင့်လို့ အပူချင်းမထပ်ရအောင် တခြားအလုပ်ကို ပြောင်းလုပ်ဖို့အကြံပြုပါရစေခင်ဗျ'

'စိတ်ရင်းမှန်နဲ့ စိတ်ရှည်လက်ရှည် အကြံပြု ရှင်းပြပေးလို့ ကျေးဇူးတင်ပါတယ် ....အန်တီနားလည်ပါပြီကွယ်.... သားကိုလည်း ဒီပြစ်ဒဏ်ခံပြီးရင် သမ္မာအာဇီဝကျတဲ့အလုပ်ပြောင်း လုပ်ခိုင်းတော့မယ်'

'ဟုတ်ကဲ့ အန်တီ ရပါတယ်ခင်ဗျာ.... ပြည်သူတွေနားလည်အောင်ပြောပြပေးရမှာ ကျွန်တော်တို့တာဝန်ထဲက တစ်ခုပေမို့ နားထောင်ပေးတဲ့အတွက် ကျေးဇူးပါဗျာ.... သစ်တောစိုက်ခင်းလေးတွေဘက် သွားစရာရှိသေးလို့ ကျွန်တော့်ကို ခွင့်ပြုပါဦးခင်ဗျ .... '

*********

နောက်ကျောဖုံးမှအဆက်

မြန်မာနိုင်ငံအပူပိုင်းဒေသ၊ ခြောက်သွေ့သော အရပ်ဒေသများတွင် မစိုက်ပျိုးရဘဲ သဘာဝအတိုင်းအလေ့ကျလည်းပေါက်ရောက်ကြသည်။ အထူးသဖြင့် အပူပိုင်းဒေသရှိ စေးပျစ်တောများတွင် အလေ့ကျပေါက်ရောက်ကြသည်။ သို့ရာတွင် ရေဝပ်ပြီး ရေလွှမ်းမိုးသည့် နေရာများ၌ ပေါက်ရောက်ခြင်း မရှိကြပေ။

တမာပင်များသည် မြေအမျိုးမျိုး၌ဖြစ်ထွန်း၏။ အပူပိုင်းဒေသ၊ ရေဝတီမြစ်နံဘေးရှိ နုန်းမြေမျိုးကို ကြိုက်နှစ်သက်သည်။ သို့ရာတွင် ဝါပင်များပေါက်သည့် စနယ်မြေ (Black cotton soil) တွင်လည်း ကောင်းစွာ ဖြစ်ထွန်းသည်။ ရွံ့စေးမြေ၌လည်း ပေါက်သည်။ ခြောက်ထပ်သော မြေ၊ ကျောက်ခဲ ထူထပ်သောမြေ၊ မြေဆီလွှာ အနည်းငယ်သာရှိပြီး ရေအနည်းငယ်သာရသော မြေမျိုးများ၌လည်း ပေါက်ရောက်ကြသည်။ သို့ရာတွင် အပင်များမှာ ကြီးထွားခြင်း မရှိကြပေ။

တမာပင်သည် အသင့်အတင့်ခြောက်သွေ့သော ရာသီဥတုမျိုးကို ကြိုက်နှစ်သက်သည်။ နှစ်စဉ် ရွာသွန်းသည့် မိုးရေချိန်မှာ ၁၈ လက်မမှ ၄၅ လက်မအတွင်း၌ ကောင်းစွာ ပေါက်ရောက်တတ်ကြသည်။ တမာပင်များ သဘာဝအလျောက်ပေါက်ရောက်ကြသည့် မူရင်းဒေသ၏ ရာသီဥတုမှာ အရိပ်အာဝါသအောက်၌ အမြင့်ဆုံး အပူချိန်မှာ ၁၂၀ ဒီဂရီဖာရင်ဟိုက်အထိဖြစ်သည်။ သို့ရာတွင် အလွန်အေးသည့် ရာသီဥတုမျိုးတွင် တမာပင်များ ပေါက်ရောက်နိုင်စွမ်းမရှိကြပေ။

**ပုံသဏ္ဌာန်**

တမာပင်သည် အမြဲစိမ်းလန်းသည့်အပင်မျိုးဖြစ်သည်။ မတ်လနှင့် ဧပြီလအတွင်း တဖြည်းဖြည်းရွက်ဟောင်းများကြွေကျလေ့ရှိပြီး ရွက်ဟောင်းများအားလုံး မကြွေကျမီ ရွက်နုရွက်သစ်များ ပြန်ထွက်သောကြောင့် တမာပင်များမှာ အမြဲလိုပင် စိမ်းနေပါသည်။ ရေမြေကောင်းသည့်ဒေသများတွင်ပေါက်ရောက်သော အပင်ကြီးများမှာ အမြင့်ပေ ၅၀ အထိ မြင့်တတ်သည်။ အသက်အရွယ် ကြီးရင့်လာသည့်အခါ ပင်စည်မှာ ရင်စို့လုံးပတ် ၁၀ ပေ မှ ၁၂ ပေ အထိ ကြီးမားလာသည်။

တမာပင်၏ ရွက်အုပ်များမှာ အုပ်ဆိုင်းဆိုင်းရှိသည်။ ဆည်မြောင်းဘောင်နံဘေး၌ပေါက်ရောက်သည့် တမာပင်များသည် အထူးကြီးထွားကြသည်။ အရွက်များမှာအသင့်အတင့်ထူပြီး ငှက်မွေးပုံရွက်ပေါင်းဖြစ်သည်။ ရွက်တံတစ်ခုတွင် အစိမ်းရောင်ရှိသော ရွက်မြွှာများ ၄ စုံ မှ ၆ စုံ အထိ ပါရှိသည်။ အစိမ်းရောင်ရှိသော ရွက်မြွှာများမှာ ရွက်လွှဲထွက်ပြီး ရွက်မြွှာများတွင် ခွေးသွားစိတ်ကဲ့သို့ အနားများပါရှိသည်။

ရွက်မြွှာကလေးများသည် ၂ လက်မမှ ၃ လက်မ အထိရှည်ပြီး တစ်လက်မခန့်အထိကျယ်သည်။ ရွက်မြွှာများမှာ ထိပ်ဖျားချွန်ပါသည်။ တမာခေါက်သည် မီးခိုးရောင် သို့မဟုတ် မွဲပြာတွင် အဖြူညှင်းပေါက်ထနေသောအရောင်အသွေးရှိသည်။ အခေါက်တွင် ဒေါင်လိုက်ရှေ့၍ ကျနေသောအစင်းကြောင်းများပါရှိသည်။ အခေါက်မှာ အသင့်အတင့်ထူပြီး အတွင်းအခေါက်မှာ နီညိုရောင်ဖြစ်သည်။ တမာခေါက်၏အရသာသည် အလွန်ခါးပါသည်။ တမာခေါက်ကိုဓားဖြင့် ခုတ်ထစ်ကြည့်ပါက တဖြည်းဖြည်းတောက်ပသောအရောင်ရှိသည့် အစေးများ ထွက်လာပါသည်။ အစေးသည် အခေါက်ကဲ့သို့ ခါးသောအရသာမရှိဘဲချို၏။ ထိုအစေးကို ရေအေးတွင်ထည့်ကြည့်ပါက လွယ်ကူစွာ ပျော်ဝင်သွားပါသည်။ တမာစေးကို ကော်ကပ်ရန်အသုံးပြုကြသည်။

အရွက်ဟောင်းများ ကြွေ၍မကုန်မီ ရွက်နုရွက်သစ်များထွက်လာသည့်အခါ အဖူးအပွင့်များလည်း တစ်ပြိုင်တည်းထွက်ပေါ်လာသည်။ အပွင့်များသည် သေးငယ်ကြ၍ အဖြူရောင်ရှိပြီး အဆုပ်လိုက်အခိုင်လိုက်ပွင့်ကြသည်။ များသောအားဖြင့် ပန်းများသည် မတ်လမှ မေလအတွင်း ပွင့်ကြသည်။

ပန်းပွင့်များ၏ရနံ့မှာ ပျားရည်ကဲ့သို့ အနံ့ရှိပြီး ညအခါ ပို၍အနံ့ထွက်လာပါသည်။ အပွင့်များသည် အခက်အလက်တို့၏ထိပ်ဖျားများ၌ ဖူးပွင့်ကြသည်။ အပွင့်များအတွင်းမှ အသီးငယ်ကလေးများ ထွက်ပေါ်လာပြီးစတွင် အသီးများသည် အလွန်သေးငယ်ပါသည်။

ကြီးလာသည့်အခါ အစိမ်းရောင်ရှိ၍ ရှည်ပြီးလုံးသည်။ ရင့်မှည့်လာသည့်အခါ စိမ်းဝါရောင်ဖြစ်လာသည်။ အသီးရင့်များမှာ အရှည် ၀.၅ လက်မမှ ၀.၇ လက်မ အထိရှည်ပြီး အခွံအတွင်း၌ များသောအားဖြင့် အစေ့တစ်စေ့သာ ပါရှိတတ်သည်။ သို့ရာတွင် တစ်ခါတရံ နှစ်စေ့လည်း ပါရှိတတ်သည်။ အသီးမှည့်များတွင် အသားအနည်းငယ်သာပါရှိပြီး အရသာမှာချို၏။ အသီးများသည် ဇွန်လမှ ဩဂုတ်လအတွင်း ရင့်မှည့်ကြသည်။

မိုးရာသီတွင် အသီးမှည့်တို့သည် လေတိုက်လျှင် ကြွေကျပြီး အသီးမှည့်များသည် အပင်အောက်၌ စုပုံ၍ နေတတ်သည်။

**မျိုးဆက်ခြင်း**

တမာစေ့များမှာ မိုးရာသီ၌ တစ်ပတ်မှနှစ်ပတ်အတွင်း အညှောင့်ကလေးများထွက်၍ အပင်ငယ်များပေါက်လာပါသည်။ ထိုအပင်ငယ်ကလေးများသည် အနီးအနားရှိ ချုံပုတ်တောများက အကာအကွယ်ပေးကြသဖြင့် အမြစ်များသည် မြေကြီးအတွင်းသို့ထိုးဝင်ပြီး တဖြည်းဖြည်းအားရှိ၍ ပေါက်ရောက်ကြီးမားလာကြသည်။ တမာသီးများသည် ဇူလိုင်လအတွင်း ကောင်းစွာရင့်မှည့်ကြသဖြင့် ထိုအချိန်၌ ဆွတ်ခူးပြီး အစေ့များကိုထုတ်ယူ၍ ပျိုးဥယျာဉ်တွင်

ပလတ်စတစ်အိတ်များဖြင့် ပျိုးထောင်ရသည်။ အစေ့များကို မြေအနည်းငယ်ဖုံးအုပ်ပေးရသည်။ အသီးမှည့်များကို ဆွတ်ခူးပြီး ချက်ခြင်းပျိုးထောင်ရသည်။

အစေ့များကို သိုလှောင်သိမ်းဆည်းထား၍မရပေ။ ပေါက်ရောက်မှုအား အလွန် ညံ့ဖျင်းသဖြင့် လအနည်းငယ်အတွင်း ပေါက်ရောက်မှု ရာခိုင်နှုန်းမှာ လျင်မြန်စွာ ကျဆင်းသွားတတ်သည်။ အနည်းငယ်ကြာသည့်အချိန်၌ပင် အပင်များ ပေါက်ရောက်မှုမရှိတော့ပေ။

တမာပင်များမှာ အသင့်အတင့် အကြီးမြန်သည့် အပင်မျိုးဖြစ်သည်။ ပထမမိုးရာသီကုန်ဆုံးချိန်တွင် အပင်အမြင့်မှာ ၄ လက်မ မှ ၈ လက်မအထိ မြင့်လာတတ်ပါသည်။ စမ်းသပ်ပျိုးထောင်ရာတွင် ပေါင်းများပါက အပင်ငယ်များမှာ အကြီးနှေးပြီး တစ်ခါတရံ ကြီးထွားနှုန်း ရပ်တန့်နေတတ်သည်။ စိုက်ပျိုးထားသည့် အပင်ငယ်များကို ပေါင်းရှင်း မြေဆွပြီး ရေအသင့်အတင့်လောင်းပေးပါက ဒုတိယနှစ် မိုးရာသီကုန်ဆုံးချိန်တွင် အမြင့်ပေ ၅ ပေ မှ ၇ ပေအထိ မြင့်လာပါသည်။

တမာပင်များကို လမ်းနံဘေး၌ စိုက်ပျိုးပါက တစ်ပင်နှင့်တစ်ပင် ပေ ၃၀ စီ ခြား၍ စိုက်ပျိုးသင့်သည်။ တမာပင်များသည် နွေရာသီ ပူပြင်းသည့်အချိန်များတွင် လူနှင့်တိရစ္ဆာန်များကို အေးမြသည့်အရိပ်အာဝါသကို ဖြစ်စေပါသည်။ နွေရာသီတွင် အပူပိုင်းဒေသ၌ များသောအားဖြင့် အခြားအပင်များသည် ရွက်ဟောင်း ကြွေကျပြီး ရိုးတံများသာ ကျန်ရှိနေတတ်သည်။

သို့ရာတွင် တမာပင်များသည် ရွက်စိမ်းများ ဝေဝေဆာဆာနှင့် အေးမြသောအရိပ်အာဝါသဖြင့် အမြဲ စိမ်းလန်းစိုပြည်နေတတ်သည်။ ထို့ကြောင့် အပူပိုင်းဒေသတွင် လူသွားသောလမ်းမှအစ လမ်းမကြီးဘေးနှစ်ဖက်တွင်သော်လည်းကောင်း၊ မိမိတို့ အိမ်ရှေ့ ဥပစာ ခြံဝင်းများ၌ လည်းကောင်း တမာပင်များကို စိုက်ပျိုးထားတတ်ကြသည်။

တမာပင်သည် အလင်းရောင် အလွန်ကြိုက်သည့် လင်းလုပင်မျိုးဖြစ်သည်။ ငယ်ရွယ်စဉ်အခါ ဆီးနှင်းခဲသည့် အအေးဒဏ်ကို ခံနိုင်စွမ်းမရှိပေ။ ငုတ်တက်ထွက် စွမ်းအားလည်း အလွန်ကောင်းသည်။ ခြောက်သွေ့ပူပြင်းသည့် အရပ်များတွင် အမြစ်များမှလည်း အပင်ငယ်များ ပေါက်ရောက်တတ်သည်။ တမာရွက်ကို များသောအားဖြင့် ကျွဲနွားသိုးဆိတ်များ လွယ်ကူစွာ မစားကြပေ။ ကုလားအုတ်များမှာ တမာရွက်ကို အလွန် ကြိုက်နှစ်သက်သည်။

**သစ်သား**

အနှစ်သားမှာ အနီရောင်ဖြစ်သည်။ ကြာရှည်စွာ အသုံးခံ၍ မာသည်။ တမာသားသည် အရောင်တင်ဆေးစွဲလွယ်သဖြင့် အိန္ဒိယနိုင်ငံတွင် ယင်းကို အိမ်ထောင် ပရိဘောဂများပြုလုပ်ရာ၌ အသုံးပြုကြသည်။ တမာသားသည် ကြာရှည်စွာ အသုံးခံသည့်အတွက် အချို့သော အရပ်ဒေသများတွင် အိမ်ဆောက်လျှင် တမာတိုင် တစ်တိုင် ထည့်၍လည်းကောင်း ထုတ်၊ လျှောက်၊ ဒိုင်း၊ မြား၊ အကာအခင်းတို့၌ တမာသားတစ်ချောင်းတလေဖြစ်စေ ထည့်၍လည်းကောင်း ဆောက်လုပ်လေ့ရှိကြသည်။

တမာသားဖြင့် ဆောက်လုပ်သောအိမ်မှာ နှစ်ကြာရှည်စွာခံခြင်း၊ မီးဘေးအန္တရာယ်မှကင်းဝေးခြင်းစသော အကျိုးအာနိသင်ရှိသည်ဟု အယူရှိကြသည်။ သစ်သားအခြောက်၏ အလေးချိန်သည် တစ်ကုဗပေလျှင် အလေးချိန် ၄၅ ပေါင်စီးသည်။ လုံးပတ်ကြီးသော အပင်မှရရှိသော သစ်ခွဲသားများသည် အလွန်ကောင်းသောသစ်ဖြစ်သည်။ ထိုတမာသားပျဉ်များကို သေတ္တာကြီးများ သေတ္တာငယ်များ ပြုလုပ်ကြသည်။ တမာသားအစိုကို ခွဲစိတ်ခဲ့သော် အနံ့တစ်မျိုးကိုရ၏။ အခြောက်ကို ခွဲစိတ်လျှင်မူ အနံ့အသက်မရှိပေ။

တမာသားသည် ခါးသောကြောင့် ပိုးထိုးခြင်းလည်း ရှိပေ၏။ အိန္ဒိယနိုင်ငံ၌ တမာသားကို လှည်းဘီးများ၊ ထွန်သွား၊ ဆီကြိတ်စက်၊ သင်္ဘောများ၏ သစ်သားပိုင်းဆိုင်ရာ ပစ္စည်းများ ကိရိယာများကို ပြုလုပ်ရာ၌ အသုံးပြုကြသည်။ ၄င်းအပြင် ဆုံများ ကျည်ပွေ့များကိုလည်း ပြုလုပ် အသုံးပြုကြသည်။ ထို့အပြင် ဟိန္ဒူဘာသာဝင်တို့သည် တမာသားကို စင်ကြယ်သောသစ်သားဟူ၍ ရုပ်ထုများ ပြုလုပ်ကြသည်။

**မှတ်ချက်**

တမာရွက်အနုကို မန်ကျည်းသီး သို့မဟုတ် ဆီးသီးတို့နှင့်ရော၍ ချဉ်ဖတ်ထည့်စားကြသည်။ ၄င်းအပြင် အရွက်နုများကို မီးကင်၍ အတို့အမြုပ်များ ပြုလုပ်၍လည်း စားကြသည်။ အချို့က တမာရွက်အနုကို အခါးသက်သာသွားအောင် ရေနွေးဖျောပြီးစားကြသည်။ တမာရွက်၌ အသားဓာတ်၊ ထုံးဓာတ်၊ သံဓာတ်နှင့် ဗီတာမင်အေဓာတ်များ ပါဝင်နေသည်ကိုလည်း တွေ့ရှိရသည်။ ၄င်းအပြင် တမာရွက်တွင် ထုံးဓာတ်နှင့်မီးစုန်းဓာတ်များစွာပါရှိနေသဖြင့် သီရိလင်္ကာနိုင်ငံနှင့် အိန္ဒိယနိုင်ငံတောင်ပိုင်း၌ ဆေးရွက်ကြီးများစိုက်ရာတွင် မြေသြဇာစိမ်းအဖြစ် အသုံးပြုကြသည်။

တမာခေါက်ကို အားတိုးဆေးဖော်ရာတွင် လည်းကောင်း၊ တမာသီး၊ တမာရွက်၊ တမာဆီကို အင်းဆက်ပိုးသတ်ဆေးနှင့် အားကြွဆေးဖော်စပ်ရာ၌လည်းကောင်း၊ တမာစေးကို ပိုးထည်များ အရောင်တင်ရာတွင် လည်းကောင်း အသုံးပြုကြသည်။ တမာစေ့ဆီကို ရေနံဆီအစား မီးထွန်းဆီအဖြစ်လည်း အသုံးပြုနိုင်သည်။

၄င်းအပြင် တမာဆီကို ဆပ်ပြာချက်လုပ်ရာ၌လည်း ကုန်ကြမ်းအဖြစ် အသုံးပြုနိုင်ပါသည်။

တမာသီး အစေးကိုလည်း ကော်အဖြစ် အသုံးပြုကြသေးသည်။

*******




ဒေါက်တာသန့်ရှင်း၊ ဒေါ်အေမီအောင်

'ပဲခူးတိုင်းဒေသကြီးအတွင်း တည်ထောင်ထားရှိသည့် ကျွန်းစိုက်ခင်းများတွင် ကျရောက်တတ်သည့် ဖျက်ပိုးနှင့်ရောဂါများအား ဘက်ပေါင်းစုံကာကွယ်နှိမ်နင်းခြင်းနည်းလမ်းများဖြင့် စီမံအုပ်ချုပ်ခြင်းစီမံကိန်း' ၏ အစီအစဉ်ဖြင့် ပြည်ခရိုင်၊ ပေါက်ခေါင်းမြို့နယ်သို့ မတ်လကုန်ခါနီး နောက်ဆုံးအပတ်မှာ ခရီးထွက်ခဲ့ကြပါတယ်။ ခရီးစဉ်ရဲ့ အဓိကရည်ရွယ်ချက်ကတော့ အပင်ဖျက်ပိုးနဲ့ ရောဂါများ လစဉ်စာရင်းကောက်ယူဖို့ဖြစ်ပါတယ်။ ညွှန်ကြားရေးမှူးချုပ်ရုံးကို ခရီးသွားခွင့်တင်ပြတောင်းခံတဲ့အခါမှာ ကျွန်းစိုက်ခင်းတွေသာမက မျိုးဥယျာဉ်များကိုပါ ဝင်ရောက်ကြည့်ရှုခဲ့ဖို့ အဆင့်ဆင့်ညွှန်ကြားချက်ကိုပါ လက်ခံရရှိခဲ့ပါတယ်။အတူပါတဲ့အဖွဲ့ဝင်တွေကတော့ ကိုရဲလွင်အောင် (ဦးစီးအရာရှိ)၊ ဒေါ်ဂျူးဂျူးသူ(အပင်ရောဂါပညာရှင်)၊ ဦးမျိုးထက်အောင်(စီမံကိန်းအတွင်းရေးမှူး)၊ ဒေါ်ထူးထူးလွင်(စီမံကိန်းလက်ထောက်) တို့အပြင် သစ်တောသုတေသနဌာနမှ တောအုပ်တစ်ဦး၊ တောခေါင်းတစ်ဦးတို့လည်းခရီးစဉ်တစ်လျှောက်ပါဝင်ခဲ့ကြပါတယ်။

ကိုခိုင်ဇော်လင်း(တောကြပ်) ကတော့ အင်းဆက်ဖျက်ပိုးတွေ စုဆောင်းဖို့ အဓိက ခေါ်လာတာပါ။

'ခိုင်ဇော်လင်းရေ–ဒီရာသီမှာ တွေ့ရတဲ့ဖျက်ပိုးတွေ ဂရုစိုက်ပြီး ဖမ်းနော်'

'ကျွန်းပင်တွေ အရွက်ကြွေချိန်ဆိုတော့ စိုက်ခင်းထဲမှာ အင်းဆက်တွေ တွေ့ရတာနည်းတယ်ဆရာ။ တစ်ချို့နေရာတွေမှာ အောက်ပေါင်းတွေလည်း မီးဝင်ထားတော့ အင်းဆက်တွေနားစရာ၊ စားစရာမရှိလို့ထင်တယ်'

'ဟုတ်တယ်နော်၊ ဒီရာသီမှာတော့ ဖျက်ပိုးတွေ သိပ်ပြီးမတွေ့ရသလိုပဲ၊ မျိုးထောင်တဲ့ရာသီဆိုတော့ မျိုးဥယျာဉ်တွေမှာ အဓိက လေ့လာရအောင်၊ လူကြီးတွေကလည်း သေချာမှာလိုက်တယ်'

'ဟုတ်ကဲ့ ဆရာ'

မတ်လ (၂၅)ရက်နေ့၊ ပေါက်ခေါင်း–အုတ်တွင်းကားလမ်းဘေးက သဘာဝတောတန်ဖိုးမြှင့်စိုက်ခင်း(၄၀၀) ကေအတွက် တည်ထောင်ထားတဲ့ ယာယီမျိုးဥယျာဉ်ကိုရောက်ခဲ့ပါတယ်။ မျိုးဥယျာဉ်မှာ ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်စတဲ့ သစ်မျိုးများ အောင်မြင်စွာမျိုးထောင်ထားတာကို တွေ့ရပါတယ်။

'အုပ်ကြီးရေ၊ ခင်ဗျားမျိုးဥယျာဉ်က အခြေအနေကောင်းတယ်နော်၊ ပိုးကျတာလည်း မတွေ့ရဘူး၊ မှိုကျတာလည်းမတွေ့ရဘူး'

တောအုပ်ကြီးကို အများခေါ်သလို အုပ်ကြီးလို့ နှုတ်ဆက်ပြီး တစ်ဆက်တည်းမေးလိုက်မိတာပါ။

' ဟုတ်ကဲ့ဆရာ၊ အစကတော့ အပင်တွေ အခုလောက်အခြေအနေမကောင်းဘူး၊ အရွက်တွေညှိုးပြီးနေတာ။ ဒီက ဒေသခံတွေ သုံးတဲ့နည်းကိုသုံးလိုက်မှ အဆင်ပြေသွားတာဗျ'

'အော်...အဲဒီလိုလား၊ ဗဟုသုတလေးမျှဝေပါဦး'



အမှန်ကတော့ စီမံကိန်းရဲ့အစီအစဉ်နဲ့ ဒီမြို့နယ်မှာ သင်တန်းတွေပေးပြီး ဖျက်ပိုးနဲ့ရောဂါတွေအကြောင်း၊ ကာကွယ်နှိမ်နင်းနည်းတွေအကြောင်း အလျဉ်းသင့်သလို ပို့ချခဲ့တာပါ။ ဆရာကြီး လုပ်ခဲ့သမျှ ဒီတစ်ခါတော့ တပည့်ဖြစ်တော့မယ်ထင်တယ်လို့တွေးမိပါတယ်။ ပါလာတဲ့အဖွဲ့ဝင်များလည်း နည်းနည်းစိတ်ဝင်စားတာကိုတွေ့ရတယ်။

တာဝန်ခံတောအုပ်ကြီးက ဆက်ပြီးရှင်းပြပါတယ်။

'ပုလဲရယ်၊ ဆခါးရယ်၊ ဟင်းချိုမှုန့်ရယ် အချိုးကျရောပြီး ရေနဲ့

ဖျော်လောင်းတာဗျ။ ပုံမှန်လေးလောင်းပေးလိုက်တော့ ခုလို သန်စွမ်းတဲ့ အပင်လေးတွေ ရလာတာပဲ'

'ပိုးကောင်တွေရော တွေ့ရသေးလား' ကျွန်တော်က ကြားဖြတ်မေးလိုက်မိပါတယ်။

'တွေ့သေးတယ်ဗျ။ အရင်ခေါက် ဆရာတို့ ပေးထားတဲ့ Yellow Sticky Trap သုံးပြီးဖမ်းထားတယ်။ ပိုးကောင်ဖြူဖြူသေးသေးလေးတွေ၊ ရုတ်တရက်ဆို မမြင်ရဘူးဗျ '

Yellow Sticky Trap မှာသေချာဝိုင်းကြည့်ကြတော့ တရားခံဖျက်ပိုးကိုတွေ့ပါပြီ၊ whitefly ခေါ် ယင်ဖြူပါပဲ။ ၂၀၂၂ စာတမ်း ဖတ်ပွဲမှာတင်ပြခဲ့တဲ့ ကျွန်းဖျက်ပိုးများစာတမ်းမှာ တင်ပြခဲ့တဲ့ပိုးတစ်မျိုးပါ။ ဒေသခံတွေ သုံးတယ်ဆိုတဲ့ ဆေးနည်းကတော့သံသယဝင်မိပါတယ်။ ပုလဲက ဓာတ်မြေသြဇာတစ်မျိုးသာဖြစ်လို့ ဖျက်ပိုးကိုတော့ နှိမ်နင်းနိုင်မည်မဟုတ်ပေ။ ဟင်းချိုမှုန့်ကလည်း အပင်အတွက် ဓာတ်မြေသြဇာအဖြစ် အသုံးပြုတယ်လို့ ကြားဖူးပေမယ့် ဖျက်ပိုးနဲ့ရောဂါကို နှိမ်နင်းဖို့အတွက်အကျိုးရှိမှု ရှိမရှိ လေ့လာရန် လိုအပ်မည်ဟုတွေးမိပါတယ်။

'ဆရာမ ဂျူးဂျူးရေ ဒေသခံသုံးတဲ့နည်းနဲ့ ပတ်သက်ပြီး အကြံပေးပါဦး'

'ပုလဲကတော့ ဓာတ်မြေသြဇာဖြစ်လို့ သူ့အချိုးအတိုင်းဂရုစိုက်ပြီး သုံးသင့်တယ်ဆရာ၊ ယင်ဖြူတွေလည်း တွေ့နေတုန်းပဲဆိုတော့ Zeta-cypermethrin 10 ပါတဲ့ ပိုးသတ်ဆေးကို အညွှန်းအတိုင်းပြောင်းသုံးသင့်တယ် '

'အုပ်ကြီးရေ ဆေးလေးပြောင်းသုံးကြည့်ပါလား'

တောအုပ်ကြီးကို ကျွန်တော်အကြံပေးလိုက်မိပါတယ်။ သူ့နည်းကလည်း အထိုက်အလျောက် အောင်မြင်နေတော့ အတင်းအကျပ် မတိုက်တွန်းရဲပေ။

'ဟုတ်ကဲ့ပါ ဆရာ၊ စမ်းကြည့်ပါ့မယ်'

ရေဆင်းသို့အပြန်လမ်းတစ်လျှောက်မှာ ယင်ဖြူအကြောင်း စဉ်းစားရင်းအတွေးနယ်ချဲ့မိမှာပါတယ်။ ကျွန်းပျိုးဥယျာဉ်များမှာသတိထားရမည့် ပိုးတစ်မျိုးပင်။

ရုံးကို ပြန်ရောက်တော့ စီမံကိန်းမှ ပညာရှင်များနှင့် ထပ်မံဆွေးနွေးဖြစ်ပါတယ်။ ယင်ဖြူ – Whitefly ရဲ့သိပ္ပံအမည်ကတော့ *Bemisia tabaci* ဖြစ်ပြီး မျိုးစဉ် - Hemiptera အုပ်စုထဲကပိုးတစ်မျိုးပါ။ ယင်ဖြူကို အရွက်၏ အောက်မျက်နှာမှာ တွေ့ရတတ်ပါတယ်။ စိုက်ပျိုးရေးသီးနှံများအပြင် ကျွန်းပျိုးပင်များတွင်လည်း တွေ့ရပါတယ်။ စုပ်စားပိုးအမျိုးအစားဖြစ်ပြီး ပိုးကျသောအပင်၏ အရွက်များသည် ပြောက်ကြားဖြစ်ကာ အဝါရောင်သန်းသွားတတ်ပါတယ်။ အဝါရောင်မျိုးစိတ်ဗိုင်းရပ်စ်ရောဂါကို သယ်ဆောင် ဖြန့်ဖြူးသောအင်းဆက်ဖြစ်ပါတယ်။ ပျိုးပင်ငယ်စဉ်တွင် ယင်ဖြူအရေအတွက် အများအပြားကျရောက်ပါက အရွက်များ ညှိုးသွားခြင်း၊ အပင်ကြီးထွားမှုနှေးကွေးသွားခြင်းတို့ ဖြစ်စေပါတယ်။ ထို့ပြင် ယင်ဖြူမှစစ်ထုတ်လိုက်သောပျားရည်ချိုများမှတစ်ဆင့် ကြက်ခိုးမှိုရောဂါလည်း ဖြစ်ပေါ်စေနိုင်ကြောင်းသိရှိပါတယ်။ ရှက်ရောက် ယင်ဖြူသည်သေးငယ်ပြီး ဖယောင်းပေါင်ဒါမှုန့်များဖြင့် ဖုံးလွှမ်းထားသော အဖြူရောင်အတောင်ပံများပါရှိလို့ ပိုးသတ်ဆေးကို အတော်အသင့်ခံနိုင်ရည်ရှိကြောင်းသိရှိရပါတယ်။

ယခုတစ်ပတ်တော့ ယင်ဖြူနဲ့ပတ်သက်ပြီး မှတ်သားထားသမျှတင်ပြလိုက်ရပါတယ်။ ကျန်းမာသန်စွမ်းတဲ့ ကျွန်းပျိုးပင်များပျိုးထောင်နိုင်ရေး ရည်ရွယ်လျက် တင်ပြခြင်းဖြစ်ကြောင်းပါခင်ဗျား ။ ။

စာမျက်နှာ (၃၁) မှ အဆက် ➤

ခန္ဓာသည် မမြဲဘူး.... ရုပ်သည်လည်း ဖြစ်ပျက် နာမ်သည်လည်း ဖြစ်ပျက်....

ဝိပဿနာရိပ်သာရဲ့ အဝန်းအဝိုင်းမှာ သစ်ပင်ကြီး အရိပ်တွေနှင့် အေးမြနေသည်။ ဦးသာနိုး ရင်မှာလည်း အေးမြလျက်။

ခန္ဓာအရှိ ဖြစ်ပျက်ကို ဉာဏ်အသိမင်္ဂနှင့် ကိုက်အောင် ပိုင်ပိုင်နိုင်နိုင်ကြိုးစားတော့မည်။

ဇနီးသည်လည်း ရိပ်သာသည်သာ အားကိုးရာ အမှန် မဂ်လမ်း ဖိုလ်လမ်း သံသရာစခန်း မပြတ်နိုင်ရင်တောင် သည်တစ်ဘဝလေးမှာ စိတ်ဖြောင့်ချင်လှပြီ။

*𝄞 မရေရာတဲ့ခရီး.... ဆက်ပြီးသွားရမှာလား.... တကယ်မနိုင်တဲ့ အသဲကြိုးတစ်မျှင်.... တွယ်တာပြီး မစွန့်နိုင်တဲ့အဖြစ်များ....သနားစရာ့လူသား....*

*သေတဲ့အထိ စိတ်မဖြောင့်ပါ....သေပြီးတော့ ဘဝဆက်ရှိဦးမလား.... ကိုယ်ဟာ့ ညော့်သည်ပါ.... ကိုယ်ဟာ ညော့်သည်.... 𝄞*

စိုင်းထီးဆိုင်ရဲ့ 'ညော့်သည်' သီချင်းက ရိပ်သာအထိ ပျံ့လွင့်လာဆဲ။

စွန့်ရမယ် ထီးဆိုင်ရေ သံယောဇဉ်တွေ စွန့်ရမယ် ဘဝတွေဆက်မရှိအောင် ကြိုးစားသွားရမယ်။

အခုတော့ ဦးသာနိုးရင်မှာ 'ညော့်သည်' မှန်းသိသွားပါပြီ။ ပန်းတိုင်ကိုလည်း သိနေပြီ.... ဦးသာနိုးပန်းတိုင်က သံသရာပြတ်မယ့် နိဗ္ဗာန်ပဲပေါ့လေ။

++++++++++

# မြန်မာနိုင်ငံအမျိုးသားသစ်တောစာရင်းကောက်လုပ်ငန်း
# (National Forest Inventory of Myanmar)

မြင့်ဆွေ (သစ်တောပညာ-၁၉၇၅)

မြန်မာနိုင်ငံသည် သစ်တောများ၊ မြေဆီဩဇာထက်သန်သောမြေများ၊ ကျယ်ပြောသော ရေထု၊ ပေါများသော ဓာတ်သတ္တုများနှင့် ဇီဝမျိုးစုံမျိုးကွဲများဖြင့် ကြွယ်ဝသည့်နိုင်ငံဖြစ်ပါသည်။ မြန်မာ့သစ်တောများသည် ပြည်သူများ၏အခြေခံလိုအပ်ချက်ဖြစ်သော သစ်တောထွက်ပစ္စည်းအမျိုးမျိုးကိုဖြည့်ဆည်းပေးပြီး၊ သဘာဝရာသီဥတု၊ရေမြေနှင့်သဘာဝပတ်ဝန်းကျင်ကိုထိန်းသိမ်းပေးလျက် လယ်ယာ၊ စွမ်းအင်၊ မွေးမြူရေး၊ ခရီးသွားလုပ်ငန်းနှင့် စက်မှုလုပ်ငန်းအစရှိသည်တို့တွင်လည်း လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး အတွက် များစွာအထောက်အကူပြုလျက် ရှိနေပါသည်။

မှတ်တမ်းများအရ မြန်မာနိုင်ငံရှိ သစ်တောများကို ၁၈၅၆ ခုနှစ်ကတည်းက စနစ်တကျနှင့် သိပ္ပံနည်းကျ စီမံအုပ်ချုပ်လုပ်ကိုင်ခဲ့သည်။ သို့သော် ဒုတိယကမ္ဘာစစ်နောက်ပိုင်း ပြည်တွင်းသောင်းကျန်းမှု၊ လူဦးရေတိုးပွားလာမှုနှင့် ယင်း၏အကျိုးဆက်ကြောင့် သစ်တောမြေများနှင့် သစ်တောထွက်ပစ္စည်းလိုအပ်ချက်များ တိုးပွားများပြားလာသည်။ ထို့ကြောင့် နိုင်ငံ၏သစ်တောများသည် အရေအတွက်သာမက အရည်အသွေးပါ တဖြည်းဖြည်းကျဆင်းလာခဲ့သည်။ မြန်မာနိုင်ငံသစ်တောဖုံးလွှမ်းမှုမှာ ၁၉၂၅ ခုနှစ်တွင် ၆၆ % ခန့်ရှိရာမှ ၂၀၀၀ ခုနှစ်တွင် ၅၂% ခန့်ကျဆင်းသွားခဲ့သည်။ ၇၅ နှစ်အတွင်း နိုင်ငံ၏ သစ်တောဖုံးလွှမ်းမှုမှာ ၁၄ % ခန့် ဆုံးရှုံးသွားခဲ့ခြင်းဖြစ်သည်။ သို့ရာတွင် နိုင်ငံရှိသစ်တောများကို စနစ်တကျနှင့် သိပ္ပံနည်းကျဆက်လက်ပြီး စီမံအုပ်ချုပ်လုပ်ကိုင်ခဲ့သည့်အတွက် အရှေ့တောင်အာရှနိုင်ငံများရှိ သစ်တောဖုံးလွှမ်းမှုနှင့်နှိုင်းယှဉ်ကြည့်ပါက မြန်မာနိုင်ငံရှိ သစ်တောဖုံးလွှမ်းမှုမှာ သိသာထင်ရှားစွာရှိနေဆဲဖြစ်သည်။သည့်အပြင် သဘာဝပတ်ဝန်းကျင်(National Environment)နှင့် တောရိုင်းတိရစ္ဆာန်များ (Wildlife)ကို ထိခိုက်ပျက်စီးစေမှုမရှိဘဲ သစ်နှင့် သစ်တောထွက်ပစ္စည်းများကိုရေရှည်တည်တံ့စွာထုတ်လုပ်နိုင်ခဲ့သည်။

သဘာဝသယံဇာတအရင်းအမြစ်များကို ရေရှည်တည်တံ့စွာ စနစ်တကျနှင့် အကျိုးရှိရှိထုတ်လုပ်သုံးစွဲနိုင်ရန်အတွက် လတ်ဆတ်ပြီးမှန်ကန်တိကျသော ကိန်းဂဏန်းအချက်အလက်များသည် သဘာဝသယံဇာတအရင်းအမြစ်များ စီမံခန့်ခွဲခြင်းနယ်ပယ်အသီးသီးတွင် မရှိမဖြစ်လိုအပ်လှပါသည်။ မြန်မာနိုင်ငံတွင် သစ်တောများသည် နိုင်ငံတော် စီးပွားရေးတွင် အရေးပါသောအခန်းကဏ္ဍမှာ ပါဝင်ပါသည်။ သစ်နှင့်သစ်တောထွက်ပစ္စည်းများကို နှစ်စဉ်ရေရှည်တည်တံ့စွာ ထုတ်လုပ်နိုင်ရန်အတွက် သစ်တောများကို စနစ်တကျနှင့် သိပ္ပံနည်းကျ စီမံအုပ်ချုပ်လုပ်ကိုင်ရန် လိုအပ်ပါသည်။ ဤကဲ့သို့ ဆောင်ရွက်နိုင်ရန်အတွက် လတ်ဆတ်ပြီး မှန်ကန်တိကျသော သစ်တောသယံဇာတကိန်းဂဏန်းအချက်အလက်များသည် သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်သူများအတွက် မရှိမဖြစ်လိုအပ်လှပါသည်။

**နမူနာကောက်ယူခြင်း နည်းလမ်းများ(Sampling Methods)**

မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့သည့် သစ်တောစာရင်းကောက်ယူမှု (Forest Survey) မှတ်တမ်းများအရ ၁၈၆၅ ခုနှစ်တွင် Liner Valution Survey နည်းလမ်းကို အသုံးပြုပြီး ကျွန်းပင်များကို ရင်စို့လုံးပတ် (Girth at Brest Height)၁ ပေနှင့် ၆ လက်မအထိဆင်းပြီး တိုင်းတာခဲ့သည်။ ဤ သစ်တောစာရင်းကောက်ယူမှုမှာ မြန်မာနိုင်ငံအတွက် ပထမဦးဆုံးဆောင်ရွက်ခဲ့သည့်နည်းလမ်းဖြစ်သည်။ ထို့နောက် ၁၉၂၀ ခုနှစ်တွင် စိတ်ကြိုက်နမူနာကောက်ယူခြင်းနည်းလမ်း (Subjective Sampling Method) ကို အသုံးပြုခဲ့သည်။ ဤနည်းလမ်းတွင် ကျွန်းနှင့်အခြားရောင်းတမ်းဝင်သစ်မာများကို ရင်စို့လုံးပတ် ၂ ပေအထိ ဆင်းပြီး စာရင်းကောက်ယူခဲ့သည်။ ထို့နောက် ၁၉၆၃ ခုနှစ်တွင် ဖြစ်နိုင်စွမ်းနမူနာကောက်ယူခြင်းနည်းလမ်း (Probablity Sampling Method)ကို အစပျိုးဆောင်ရွက်ခဲ့သည်။ ဤနည်းလမ်းတွင် သစ်မျိုးအားလုံးကို ရင်စို့လုံးပတ် ၂ ပေအထိဆင်းပြီး စာရင်းကောက်ယူခဲ့သည်။

အမှန်စင်စစ် လူမှုစီးပွားရေးဖွံ့ဖြိုးတိုးတက်မှု (Socio-economic Development)နှင့် သဘာဝပတ်ဝန်းကျင်တည်ငြိမ်ရေး(Environmental Stability) တို့အတွက် သဘာဝသစ်တောများအပေါ် မှီခိုနေရသောနိုင်ငံများအတွက် သစ်တောသယံဇာတများ၏ ကိုယ်စားပြုအချက်အလက်များသည် အလွန်အရေးကြီးလှပါသည်။ သစ်တောများကို စနစ်တကျ၊ သိပ္ပံနည်းကျနှင့် ထိထိရောက်ရောက်စီမံအုပ်ချုပ်နိုင်ရန်အတွက် သင့်တော်သည့်နမူနာကောက်ယူခြင်းနည်းလမ်းတစ်ခုကို အသုံးပြုပြီး သစ်တောများ၏ ကိုယ်စားပြုအချက်အလက်များကို စာရင်းကောက်ယူပေးရန် လိုအပ်ပါသည်။ ထို့နောက် သစ်တောစီမံအုပ်ချုပ်လုပ်ကိုင်မှုနှင့် စီမံကိန်းရေးဆွဲခြင်းတို့အတွက် အသုံးဝင်သောသတင်းအချက်အလက်များကို ထုတ်လုပ်ပေးရန် ကောက်ယူထားသော သယံဇာတကိန်းဂဏန်းအချက်အလက်များကို တွက်ချက်ပြုစုပေးရပါသည်။

အတိတ်ကာလက ကွက်စိပ်စီမံကိန်းများ (Working Plans)ကို ကျွန်းသင်းသတ်ခြင်းလုပ်ငန်းများ (Teak

Girdling Operations)မှ ကောက်ယူထားသည့် ကိန်းဂဏာန်းအချက်အလက်များကို အသုံးပြုပြီးပြုစုရေးဆွဲခဲ့ကြသည်။ ကျွန်းသင်းသတ်ခြင်းလုပ်ငန်းဆောင်ရွက်သည့် အကွက် (Compartment)အတွင်းရှိ ကျွန်းပင်များကို ရင်စို့လုံးပတ် ၄ ပေအထိဆင်းပြီး၊ ရာခိုင်နှုန်းပြည့်စာရင်းကောက်ယူခြင်း(Complete Enumeration)ကို ဆောင်ရွက်ခဲ့သည်။ ဤနည်းလမ်းသည် ရင်စို့လုံးပတ် ၄ ပေအောက်ရှိ ကျွန်းပင်များကို ရေတွက်တိုင်းတာခြင်းမပြုလုပ်ပါ။ ၎င်းသည် ဤနည်းလမ်း၏ အားနည်းချက်ဖြစ်သည်။ သစ်မာရွေးချယ်ခြင်းအလုပ်တိုက်နယ် (Hardwood Selection Working Circle)တွင် သစ်မာပင်ထောင်ရိုက်မှတ်ခြင်းလုပ်ငန်းဆောင်ရွက်သည့်အကွက်အတွင်းရှိ ရောင်းတမ်းဝင် သစ်မာများ(Marketable Hardwood Species)ကို ရင်စို့လုံးပတ်အောက် ၁ ပေအထိဆင်းပြီး စာရင်းကောက်ယူပါသည်။ ဤကဲ့သို့ ရောင်းတမ်းဝင်သစ်မာများ စာရင်းကောက်ယူမှုကို သစ်မာရွေးချယ်ခြင်းအလုပ်တိုက်နယ်အပြင် ကျွန်းရွေးချယ်ခြင်းအလုပ်တိုက်နယ် (Teak Selection Working Circle) ၌လည်း ဆောင်ရွက်ပါသည်။ သို့ရာတွင် ဤသစ်မာပင်ထောင်ကိန်းဂဏာန်းအချက်အလက်များမှာ ပိုမိုထိရောက်သောသစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းရေးဆွဲရန်အတွက် လုံလောက်မှုမရှိပါ။

မြန်မာနိုင်ငံ၌ ၁၉၆၄ ခုနှစ်မှ ၁၉၇၅ ခုနှစ်အထိ စာရင်းအင်းပညာဆိုင်ရာ စာရင်းကောက်ဒီဇိုင်းများ (Statistical Inventory Designs)အပေါ် အခြေပြုထားသည့် သစ်တောစာရင်းကောက်လုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။ ဤစာရင်းကောက်လုပ်ငန်းများမှရရှိသည့် ကိန်းဂဏာန်းအချက်အလက်များကို အသုံးပြုပြီး သဘာဝကျွန်းတောများမှ ကျွန်းနှစ်စဉ်ခွင့်ပြုတောထွက် (Annual Allowable Cut of Teak)ကို တွက်ချက်ပြုစုခဲ့သည်။ ၁၉၆၃ ခုနှစ်မှ ၁၉၇၂ ခုနှစ်အထိ ကောက်ယူရရှိထားသည့် သစ်တောစာရင်းကောက်ကိန်းဂဏာန်းအချက်အလက်များကို လက်နှင့်တွက်ချက်ပြုစုခဲ့သည်။ ၎င်းနောက် ၁၉၇၃ ခုနှစ်မှ ၁၉၈၀ ခုနှစ်အထိ ကောက်ယူရရှိထားသည့် သစ်တောစာရင်းကောက်ကိန်းဂဏာန်း အချက်အလက်များကိုတက္ကသိုလ်များကွန်ပျူတာဌာနခွဲ (Universities' Computer Centre – UCC)ရှိICL ၁၉၀၂ Mainframe Computer ကိုအသုံးပြုပြီးတွက်ချက်ပြုစုခဲ့သည်။ ဤစာရင်းကောက်လုပ်ငန်းမှ တွက်ချက်ပြုစုရရှိသည့် ခန့်မှန်းခြေများသည် ထိရောက်သောသစ်တော အုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများရေးဆွဲရန်အတွက် ယုံကြည်ကိုးစားထိုက်သည့်ခန့်မှန်းခြေများ ဖြစ်ခဲ့ကြသည်။ သို့ရာတွင် ဤစာရင်းကောက်လုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်ခဲ့ခြင်းမရှိသောကြောင့် ယင်းတို့မှရရှိသည့် သတင်းအချက်အလက်များသည် ရေရှည်သစ်တောအုပ်ချုပ်လုပ်ကိုင်မှုစီမံကိန်းများရေးဆွဲရန်အတွက် မရှိမဖြစ်လိုအပ်သော သစ်တောကြီးထွားနှုန်း (Growth of the forest)နှင့် သေကြေပျက်စီးနှုန်း (Mortality rate) တို့နှင့်ပတ်သက်သည့် သတင်းအချက်အလက်များကို မပံ့ပိုးပေးနိုင်ခဲ့ပါ။

**ရှေ့ပြေးသစ်တောစာရင်းကောက်လုပ်ငန်းစီမံကိန်း**

**(Pilot Forest Inventory Project)**

၁၉၈၀–၈၁ ခုနှစ်၊ ဒီဇင်ဘာလတွင် မြန်မာနိုင်ငံသစ်တောဦးစီးဌာနမှ ရှေ့ပြေးသစ်တောစာရင်းကောက်လုပ်ငန်းစီမံကိန်းတစ်ခုကို ငလိုက်ကြိုးဝိုင်း၊ ခပေါင်းကြိုးဝိုင်းနှင့် ရဲနွယ်ကြိုးဝိုင်းတို့တွင် စမ်းသပ်ဆောင်ရွက်ခဲ့သည်။ ဤလုပ်ငန်းကို ဒေါက်တာဦးကျော်တင့် (ညွှန်ကြားရေးမှူးချုပ်(ငြိမ်း)၊ သစ်တောဦးစီးဌာန)မှ ဦးစီးပြီး သစ်တောပညာဘွဲ့ရ(၆)ဦး၏ ကြီးကြပ်မှုဖြင့် ဆောင်ရွက်ခဲ့ပါသည်။ နမူနာကွက်များ ချမှတ်တည်ထောင်ခြင်းနှင့် နမူနာကွက်အတွင်းပေါက်ရောက်နေသော သစ်၊ ဝါးတို့ကို မက်ထရစ်စနစ်ကို ပထမဦးစွာ အသုံးပြုပြီး တိုင်းတာစာရင်းကောက်ယူခဲ့သည်။ သို့ဖြစ်၍ မြန်မာနိုင်ငံသစ်တောဦးစီးဌာန အနေဖြင့် မက်ထရစ်စနစ်ကို အစောဆုံး စတင် အသုံးပြုခဲ့သော အချိန်ကာလသည် ၁၉၈၀ ခုနှစ်၊ ဒီဇင်ဘာလဟု မှတ်တမ်းတင်ထားနိုင်ပါသည်။

ဤစာရင်းကောက်လုပ်ငန်းမှ ကောက်ယူရရှိထားသည့် ကိန်းဂဏာန်းအချက်အလက်များကို ဂျာမနီအစိုးရမှ သစ်တောဦးစီးဌာနသို့ မေတ္တာလက်ဆောင်အဖြစ်ပေးခဲ့သော HP 85 Micro computer ဖြင့် တွက်ချက်ပြုစုခဲ့ပါသည်၊ လိုအပ်သည့်ကွန်ပျူတာပရိုဂရမ်အားလုံးကို QBASIC Programming Language ဖြင့် ရေးသားပြီး၊ ပင်ထောင်ဦးရေပြဇယား (Stand Table)၊ ပင်ထောင်ထုထည်ပြဇယား (Stock Table)နှင့် ဝါးဇယား(Bamboo Table)တို့ကို အင်္ဂလိပ်စနစ်(English System)နှင့် မက်ထရစ်စနစ် (Metric System)နှစ်မျိုးစလုံးဖြင့် ရိုက်နှိပ်ထုတ်ဝေခဲ့သည်။



## အမျိုးသားသစ်တောစာရင်းကောက်လုပ်ငန်းစီမံကိန်း(Burma/79/001) (National Forest Survey and Inventory Project (Burma/79/001))

မြန်မာနိုင်ငံ၌ UNDP/FAO၏ ငွေကြေးအထောက်အပံ့ဖြင့် National Forest Survey and Inventory Project (Burma/79/001)ကို ၁၉၈၁–၈၂ ခုနှစ် ၁၉၈၅–၈၆ ခုနှစ်အထိ ၅ နှစ်ကြာအကွာညီနမူနာကောက်နည်းဒီဇိုင်း(Systematic Sampling Design)ကို အသုံးပြုပြီး ဆောင်ရွက်ခဲ့ပါသည်။ ယင်းကို NFI Project ဟုလည်း အတိုကောက်ခေါ်ပါသည်။ ဤစီမံကိန်းဖြင့် ၁၉၈၁ မှ ၁၉၈၆ ခုနှစ်အထိ မြန်မာနိုင်ငံ သစ်တောဦးစီးဌာနမှ ချင်းပြည်နယ်၊ရခိုင်ပြည်နယ်၊ ဧရာဝတီတိုင်း၊ ပဲခူးတိုင်း၊ စစ်ကိုင်းတိုင်း၊မန္တလေးတိုင်း၊ မကွေးတိုင်းနှင့် ရန်ကုန်တိုင်းရှိ သဘာဝသစ်တောဧရိယာ ဟက်တာ ၉.၅၅ သန်းတွင် သစ်တောပေါက်ရောက်မှုစာရင်းကောက်ယူရာ၌ ရင်စို့အချင်း ၂၀ စင်တီမီတာပြည့်ပြီးသော သစ်ပင်အားလုံး၏ထုထည်သည် တစ်ဟက်တာတွင် ပျမ်းမျှ ၅၆ ကုဗမီတာခန့်ရှိပြီး၊ ၎င်းတွင် ကျွန်းသည် ၄.၇၉ ကုဗမီတာခန့် ပါဝင်ကြောင်းတွေ့ရှိရပါသည်။ NFI စာရင်းအရ တစ်ဟက်တာတွင် သစ်မျိုးအားလုံး၏ ပျမ်းမျှသစ်ပင်အရေအတွက်သည် ၇၇.၄၅ ပင်နှင့် ကျွန်းပင်အရေအတွက်သည် ၄.၈ ပင်ရှိပါသည်။

ဤစီမံကိန်းကာလအတွင်း၌ ယာယီနမူနာအကွက်များ(Temporary Sample Plots)နှင့် အမြဲတမ်း နမူနာကွက်များ(Permanment Sample Plots)ကိုလည်း ချမှတ်တည်ထောင်ပြီး စာရင်းကောက်ယူခဲ့ပါသည်။ NFI Project နှင့်ပတ်သက်သည့် မှတ်တမ်းတင်ဓာတ်ပုံများကို အောက်တွင်ဖော်ပြထားပါသည်။





## အမျိုးသားသစ်တောအုပ်ချုပ်လုပ်ကိုင်မှုနှင့် စာရင်းကောက်လုပ်ငန်းစီမံကိန်း (MYA/85/003) (National Forest Management and Inventory Project (MYA/85/003))

မြန်မာနိုင်ငံ၌ NFI Project ပြီးစီးပြီးနောက် UNDP/FAO ၏ ငွေကြေးအထောက်အပံ့ဖြင့် National Forest Management and Inventory Project(MYA/85/003)ကို ၁၉၈၆–၈၇ ခုနှစ်မှ ၁၉၉၁–၉၂ ခုနှစ်အထိ နောက်ထပ် ၅ ခုနှစ်ကြာ အကွာညီနမူနာကောက်နည်းဒီဇိုင်း (Systematic Sampling Design)ကို အသုံးပြုပြီး ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။ ယင်းကို NFMI Project ဟုလည်း ခေါ်ပါသည်။ NFMI Project ပြီးစီးပြီးနောက် ၁၉၉၂–၉၃ ခုနှစ်မှစပြီး နောက်ပိုင်းနှစ်များတွင် မြန်မာနိုင်ငံသစ်တောဦးစီးဌာနအနေဖြင့် မိမိ၏လူအင်အား၊ ငွေအင်အား၊ပစ္စည်းအင်အားဖြင့် အမျိုးသားသစ်တောစာရင်းကောက်လုပ်ငန်းကို ဆက်လက်ဆောင်ရွက်ခဲ့ပါသည်။

NFI Project, NFMI Project နှင့်နောက်ပိုင်းဆောင်ရွက်ခဲ့သည့် သစ်တောစာရင်းကောက်လုပ်ငန်းများမှ ကောက်ယူရရှိထားသည့် ကိန်းဂဏန်းအချက်အလက်များကို NFI Project မှ ဝယ်ယူခဲ့သည့် VAX 11/750 Minicomputer ဖြင့်တွက်ချက်ပြုစုခဲ့ပါသည်။ လိုအပ်သည့် ကွန်ပျူတာပရိုဂရမ်အားလုံးကို VAX FORTRAN Programming Language ဖြင့် ရေးသားပြီး၊ ပင်ထောင်ဦးရေပြဇယား၊ ပင်ထောင်ထုထည်ပြဇယား၊ ဝါးဇယားနှင့် အခြားလိုအပ်သည့်ဇယားများကို အင်္ဂလိပ်စနစ်နှင့် မက်ထရစ် စနစ်နှစ်မျိုးစလုံးဖြင့် ရိုက်နှိပ်ထုတ်ဝေခဲ့ပါသည်။ NFMI Project နှင့်ပတ်သက်သည့် မှတ်တမ်းတင်ဓာတ်ပုံများကို အောက်တွင်ဖော်ပြထားပါသည်။













## အကွာညီနမူနာကောက်နည်းဒီဇိုင်း (Systematic Sampling Design)

သစ်တောစာရင်းကောက်လုပ်ငန်း ဆောင်ရွက်ရာတွင် အသုံးပြုလျက်ရှိသော နမူနာကောက်နည်းဒီဇိုင်း (Sampling Design)မှာ အကွာညီနမူနာ ကောက်နည်းဒီဇိုင်း (Systematic Sampling Design)ဖြစ်ပြီး ဤဒီဇိုင်းမှာ နိုင်ငံတကာ၌ အသုံးပြုလျက်ရှိသော ရေပန်းအစားဆုံးဒီဇိုင်းတစ်ခုဖြစ်ပါသည်။ ဤဒီဇိုင်းတွင် တောထဲ၌ နမူနာကွက်များကို တစ်ကွက်နှင့်တစ်ကွက် အကွာအဝေးညီ ချမှတ်တည်ထောင်ပြီး၊ နမူနာကွက်အတွင်း ပေါက်ရောက်လျက်ရှိသော သစ်နှင့်ဝါးပေါက်ရောက်မှုစာရင်းကို ကောက်ယူခြင်းဖြစ်ပါသည်။ ၁၉၈၁–၈၂ ခုနှစ်မှ ၂၀၀၀–၀၁ ခုနှစ်အထိ နမူနာကွက်တစ်ကွက်နှင့်တစ်ကွက် အကွာအဝေးကို ၃၃၀၀ ကိုက် x ၃၃၀၀ ကိုက် အကွာညီ ချမှတ်တည်ထောင်ပြီး၊ စာရင်းကောက်ယူခဲ့ပါသည်။ ဤအကွာအဝေးအရ နမူနာကွက်တစ်ကွက်၏ ကိုယ်စားပြုဧရိယာမှာ

၂၂၅၀ ကေဖြစ်ပြီး ရေနေရေိယာ၊ လယ်မြေ၊ ယာမြေ၊ ရွာမြေစသည့် အခြားမြေအသုံးချမှုအတွင်း ကျရောက်သည့် နမူနာကွက်များကိုပယ်ပြီး တောထဲ၌ ကျရောက်သည့် နမူနာကွက်များ၌သာ စာရင်းကောက်ယူခဲ့ပါသည်။

ဤကဲ့သို့ နမူနာကွက်များကို အကွာညီ ချမှတ်တည်ထောင်ထားသည့်အတွက် နမူနာကွက်များမှာ တောအခြေအနေ ကောင်း/သင့်/ညံ့ အားလုံး၌ ပျံ့နှံ့မှုရှိနေသည့်အတွက် နမူနာကွက်များမှရရှိသည့်ခန့်မှန်းခြေကိန်းဂဏန်းများမှာ Over Estimation နှင့် Under Estimation ဖြစ်သည့် အစွန်းနှစ်ဖက်မှကင်းလွတ်ပါသည်။ ဥပမာ – နမူနာတစ်ကွက်မှာ တောကောင်းသည့်နေရာတွင် ကျရောက်နေပြီး၊ ၎င်းကိုယ်စားပြုထားသည့် ၂၂၅၀ ကေတွင် တောအခြေအနေမှာ သင့်/ညံ့ နေပါက ၎င်းနမူနာကွက်မှ ရရှိသည့် ခန့်မှန်းခြေသည် Over Estimation ဖြစ်နိုင်ပါသည်။ အလားတူပင် နမူနာကွက်ကျရောက်သည့်နေရာမှာတောညံ့ပြီး၊ ၎င်းကိုယ်စားပြုသည့်ဧရိယာမှာ တောအခြေအနေမှာ ကောင်း/သင့် ဖြစ်ပါက ၎င်းနမူနာကွက်မှ ရရှိသည့် ခန့်မှန်းခြေသည် Under Estimation ဖြစ်နိုင်ပါသည်။ သို့ဖြစ်၍ အကွာညီနမူနာကောက်နည်းဒီဇိုင်းတွင် နမူနာကွက်များမှာ တောကောင်း/တောသင့်/ တောညံ့ အားလုံး၌ ပျံ့နှံ့တည်ရှိနေသည့်အတွက် Over Estimation ဖြစ်မှုနှင့် Under Estimation ဖြစ်မှုများမှ ကင်းလွတ်ပါသည်။ စိတ်ကြိုက်နမူနာကောက်နည်းဒီဇိုင်း (Subjective Sampling Desgin)တွင် နမူနာကွက်များကို တောကောင်းသည့်နေရာများ၌သာ ချမှတ်တည်ထောင်လေ့ရှိသည့်အတွက် နမူနာကွက်များမှရရှိသည့် ခန့်မှန်းခြေကိန်းဂဏန်းများမှာ Over Estimation ဖြစ်နိုင်ပါသည်။ အကြောင်းမှာ စိတ်ကြိုက်နမူနာကောက်နည်းဒီဇိုင်းဖြစ်သည့်အတွက် ဘက်လိုက်မှု (Bias)များနိုင်ပါသည်။

၂၀၀၁–၀၂ ခုနှစ်မှစ၍ နောက်ပိုင်းနှစ်များတွင် နမူနာအကွက်များကို ၃၀၀၀ ကိုက် x ၃၀၀၀ကိုက် အကွာညီချမှတ်တည်ထောင်ပြီး စာရင်းကောက်ယူခဲ့ပါသည်။ ဤအကွာအဝေးဖြင့် နမူနာကွက်များကို ချမှတ်တည်ထောင်ပါက နမူနာကွက်တစ်ကွက်၏ကိုယ်စားပြုဧရိယာမှာ ၁၈၆၀ ကေဖြစ်ပြီး၊ နမူနာကွက် တစ်ကွက်နှင့်တစ်ကွက် အကွာအဝေးမှာပိုနီးလာပြီး ကိုယ်စားပြုဧရိယာများမှာလည်း ပို၍နည်းလာပါသည်။ ၃၃၀၀ ကိုက် x ၃၃၀၀ကိုက်၌ Sampling Intensity မှာ ၀ .၁၁ ဖြစ်ပြီး ၃၀၀၀ ကိုက် x ၃၀၀၀ ကိုက်၌ Sampling Intensity မှာ ၀.၁၄ ဖြစ်သည့်အတွက် Sampling Intensity မှာ ပို၍များလာပါသည်။




**နေပြည်တော်မိုင်(၃၀)ပတ်လည် သစ်တောသယံဇာတစာရင်းကောက်လုပ်ငန်း**

အဖိုးတန်သစ်မာများနှင့် ဝါးများကို ထုတ်ယူသုံးစွဲရာတွင် စဉ်ဆက်မပြတ်ထုတ်ယူသုံးစွဲသွားနိုင်ရန်နှင့် သစ်တောများကို စနစ်တကျစီမံအုပ်ချုပ်နိုင်ရန်အတွက် လက်ရှိသစ်တောအခြေအနေနှင့် ပမာဏကိုသိရှိရန် နေပြည်တော် မိုင်(၃၀)ပတ်လည်ရှိ သစ်တောကြိုးဝိုင်းများတွင် သစ်တောသယံဇာတစာရင်းကောက်လုပ်ငန်းကို သစ်တောဦးစီးဌာန၊ စီမံကိန်းနှင့်စာရင်းအင်းဌာန၊ စာရင်းကောက်ဌာနစိတ်မှ ၂၀၀၇ ခုနှစ်၊ ဧပြီလအတွင်းပြီးစီးအောင်ဆောင်ရွက်ခဲ့ပါသည်။

နေပြည်တော် မိုင်(၃၀)ပတ်လည်ရှိ သစ်တောကြိုးဝိုင်းများအတွင်း ရာခိုင်နှုန်းပြည့် စာရင်းကောက်ယူခြင်း (Complement Enumeration)ဆောင်ရွက်ရန်အတွက် အချိန်ကာလအတိုင်းအတာအားဖြင့်လည်းကောင်း၊ ကုန်ကျစရိတ်အားဖြင့်လည်းကောင်း၊ ကျွမ်းကျင်သည့် ဝန်ထမ်းလိုအပ်ချက်အရလည်းကောင်း ဆောင်ရွက်ရန်အခက်အခဲများရှိသည့်အတွက် အလွှာခွဲအကွာညီ နမူနာကောက်နည်းဒီဇိုင်း (Satisfied Systematic Sampling Design)ကို အသုံးပြုပြီး၊ သစ်တောသယံဇာတစာရင်းကောက်ယူခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ပါသည်။

ဤနမူနာကောက်နည်းဒီဇိုင်းအရ ပထမအဆင့်အနေဖြင့် ဂြိုဟ်တုဓာတ်ပုံများကိုအသုံးပြု၍ သစ်တောကြိုးဝိုင်းအလိုက် မြေအသုံးချမှုကို (၁)ရွက်အုပ်ပိတ်တော (Closed Forest)၊ (၂) ရွက်အုပ်ပွင့်တော (Open Forest)၊ (၃)တောခြောက်(Dry Forest)၊ (၄)ဝါးတော (Bamboo Forest)၊ (၅) ချုံပုတ်/မြက် (Bush/Grass)၊ (၆)စိုက်ပျိုးမြေ (Agricultural Land)၊ (၇)ရေနေရေိယာ (Water Body)နှင့် မြို့ရွာ (Town Village)ဟူ၍ အလွှာ (Stratum)ရှစ်လွှာ ခွဲခြားခဲ့သည်။ ဒုတိယအဆင့်အနေဖြင့် အထက်ပါ အလွှာရှစ်လွှာအနက် ရွက်အုပ်ပိတ်တောနှင့် အလွှာများ၌ နမူနာအကွက် များကိုတစ်ကွက်နှင့်တစ်ကွက် ၃၀၀၀ ကိုက် x ၃၀၀၀ ကိုက် အကွာညီ ချမှတ်တည်






ထောင်ကာ သစ်တောသယံဇာတစာရင်းများကို ကောက်ယူခဲ့ပါသည်။

**သစ်တောသယံဇာတကိန်းဂဏန်းအချက်အလက်များ (Forest Resources Data Books) ပြုစုထုတ်ဝေခြင်း**

ကောက်ယူရရှိထားသည့် သစ်တောသယံဇာတကိန်းဂဏန်းအချက်အလက်များကို လိုအပ်သလိုတွက်ချက်ပြီး အောက်ပါဇယားများနှင့် စာအုပ်တို့ကို ရိုက်နှိပ်ထုတ်ဝေပေးခဲ့ပါသည်။

(၁) ပင်ထောင်ဦးရေပြဇယား (Stand Table)

(၂) ပင်ထောင်ထုထည်ပြဇယား(Stock Table)

(၃) ဝါးဇယား(Bamboo Table)

(၄) ကျွန်းနှင့် သစ်မာနှစ်စဉ်ခွင့်ပြုတောထွက်ဇယား (AAC Table of Teak and Hard woods)

(၅) ဝါးနှစ်စဉ်ခွင့်ပြုတောထွက်ဇယား (AAC Table of Bamboo) နှင့်

(၆) မြို့နယ်နှင့်တိုင်း/ပြည်နယ်အလိုက် Forest Resources Data Book တို့ဖြစ်ကြပါသည်။

သစ်တောသယံဇာတ ကိန်းဂဏန်းအချက်အလက်များကိုအသုံးပြုပြီး နှစ်စဉ်တောထွက် (Annual Allowable Cut – AAC)ကို တွက်ချက်ရာ၌ ကျွန်းသစ်ကို ရင်စို့လုံးပတ်ကန့်သတ်ချက် ၇ ပေ ၆ လက်မ နှင့် ၆ ပေ ၆ လက်မ နှစ်မျိုးစလုံးနှင့် တွက်ချက်ပါသည်။ သစ်မာအုပ်စု(၁)၊ အုပ်စု(၂)၊ အုပ်စု(၃)၊ အုပ်စု(၄)တို့အတွက် သစ်မျိုး တစ်မျိုးခြင်း၏ AAC ကိုတွက်ချက်ပြီး သစ်မာအုပ်စု(၅)၌ သစ်မျိုးများသည့်အတွက် သစ်မျိုးတစ်မျိုးခြင်းကို AAC မတွက်ချက်ဘဲ အုပ်စု(၅)၏ Group Total ကိုသာယူပြီး အုပ်စု(၅)တစ်ခုလုံး၏ AAC ကိုသာတွက်ချက်ပါသည်။

ရိုက်နှိပ်ထုတ်ဝေခဲ့ပြီးသည့် မြို့နယ်နှင့်တိုင်း/ ပြည်နယ်အလိုက် Forest Inventory Data Book, Forest Resources Data Book နှင့် တောတွင်းလုပ်ငန်း ညွှန်ကြားချက်နှင့်ပတ်သက်သည့် မှတ်တမ်းတင်ဓာတ်ပုံ အချို့ကို အောက်တွင်ဖော်ပြထားပါသည်။







သစ်တောထွက်သယံဇာတများကို ရေရှည်တည်တံ့စွာထုတ်ယူသုံးစွဲပြီး စနစ်တကျ၊ သိပ္ပံနည်းကျနှင့် ထိထိရောက်ရောက်ဆက်လက်စီမံအုပ်ချုပ်နိုင်ရန်အတွက် အဆိုပါသယံဇာတများနှင့်ပတ်သက်သည့် လတ်ဆတ်ပြီး မှန်ကန်တိကျသော ကိန်းဂဏန်းအချက်အလက်များကို ရရှိရန်အရေးအကြီးဆုံးဖြစ်ပါသည်။ စာရင်းကောက်နယ်မြေတစ်ခုအတွက် လတ်ဆတ်သော ကိန်းဂဏန်းအချက်အလက်များကိုရရှိရန် စာရင်းကောက်ခြင်းလုပ်ငန်းကို စဉ်ဆက်မပြတ် ပုံမှန်ဆောင်ရွက်ရန် လိုအပ်ပါသည်။ စာရင်းကောက်ယူခဲ့သည့်နယ်မြေတစ်ခုရှိ သစ်တောများသည် အမြဲတမ်းပြောင်းလဲနေသည့်အတွက် အဆိုပါနယ်မြေကို ထပ်မံစာရင်းကောက်ယူရမည့် အချိန်ကာလအပိုင်းအခြားကိုလည်း ၅ နှစ် (သို့) ၁၀ နှစ် စသည်ဖြင့် သတ်မှတ်ပေးရန် လိုအပ်ပါသည်။ မှန်ကန်တိကျသော ကိန်းဂဏန်းအချက်အလက်များကိုရရှိရန်အတွက် စာရင်းကောက်ဝန်ထမ်းများအပေါ် လုံးဝဥဿုံမူတည်နေပါသည်။ သို့ဖြစ်၍ စာရင်းကောက်ဝန်ထမ်းများအနေဖြင့် နမူနာအကွက်များကျရောက်သည့်နေရာများတွင် အမှန်တကယ်သွားရောက်ပြီး တောတွင်းစာရင်းကောက်လုပ်ငန်းညွှန်ကြားချက်များ (Field Instructions)နှင့်အညီ တာဝန်ရှိရှိ သစ္စာရှိရှိနှင့် စာရင်းကောက်လုပ်ငန်းများကို တိကျမှန်ကန်စွာ ဆောင်ရွက်ပေးရန်မှာ အရေးတကာအရေးအကြီးဆုံး ဖြစ်ပါသည်။ စာရင်းကောက်လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အချိန်မီနှင့် အရည်အသွေးအဆင့်အတန်းမီမီပြီးစီးနိုင်စေရန်ဝန်ထမ်းအင်အား၊ ခွင့်ပြုရန်ပုံငွေ၊ စက်ကိရိယာ၊ ယာဉ်ယန္တရား စသည့်သွင်းအားစုများကို လုံလောက်စွာ ပံ့ပိုးပေးရန် မရှိမဖြစ်လိုအပ်ပါသည်။ ၎င်းပြင် ကျွမ်းကျင်သည့် သစ်တောသယံဇာတစာရင်းကောက်ဝန်ထမ်းများကိုလည်း စဉ်ဆက်မပြတ် မွေးထုတ်ပေးရန်၊ ဝန်ထမ်းသစ်များကို လေ့ကျင့်သင်ကြားပို့ချပေးရန်နှင့် ဦးစီးရုံးချုပ်၌ သစ်တောသယံဇာတစာရင်းကောက်ဌာနစိတ်ကိုလည်း ထပ်မံပြင်ဆင်ဖွဲ့စည်းပေးရန် လိုအပ်ပါမည်။

**ကျမ်းကိုးစာရင်း**

၁။ ဒေါက်တာကျော်တင့်၊ ၂၀၀၀ - ပြည်သူ့အတွက် သစ်တောပညာ

၂။ မြင့်ဆွေ၊ ၂၀၀၆ - သစ်တောသယံဇာတစာရင်း ကောက်ယူခြင်း

၃။ မြင့်ဆွေ ၂၀၀၇-National Forestry Inventory in Myanmar

၄။ စီမံကိန်းနှင့် စာရင်းအင်းဌာန၊ ၂၀၀၇ - နေပြည်တော်မိုင်(၃၀) ပတ်လည် သစ်တောသယံဇာတစာရင်းကောက်ယူရန် စီမံချက်

၅။ NFI Project, 1982 - Field Instructions

၆။ NFI Project, 1985- Field Instructions

၇။ Pe Thein, 1990 - Forestry Statistics in Myanmar

# လှမ်းလို့လာလေ ဟိုပန်မြေ

စိုင်ပြေ၊ ကော့မှူး
စီမံခန့်ခွဲရေးဌာန

¤ ကွေ့ကွေ့ကောက်ကောက်
လမ်းတစ်လျှောက်မှာ
နေပြောက်မထိုး
တောတောင်မျိုးက
စိုးမိုးခြယ်သ
ပန်းချီလှကို မြင်ရသည်။

¤ တောင်ပေါ်ဒေသ
ရိုးရာလှနဲ့
ရွှင်ပြဖော်ရွေ
စိတ်ထားတွေက
နွေးစေရင်ထဲ
အစဉ်မြဲဖို့ အေးစေသည်။

¤ ရာဘာလက်ဖက်
ဒေသထွက်နဲ့
မပြတ်သီးနှံ
ပေါပြည့်လျှံရင်း
မြန်ဆန်ဖွံ့ဖြိုး
ဒေသမျိုးက
မညှိုးဂုဏ်မြတ်ရှိလှသည်။

¤ ခေါင်ရည်ချိုမွှေး
ဆန်ပြုတ်နွေးက
နွေးထွေးမလေ့
စိတ်ပျော်မွေ့ကာ
အားပြည့်အက
ရိုးရာလှကို
မြင်ရနေ့ရက်
ပျော်ရွှင်လျက်ခါ နေမိသည်။

¤ နမ့်တိန်ချောင်းလေး
ကြည်လင်အေးနဲ့
မြို့လေးဂုဏ်ဒြပ်
အလွန်မြတ်ရင်း
နေ့ရက်တိုးတက်
စည်ကားလျက်ခါ
ရှေ့ဆက်လှမ်းချီ
ဖွံ့ဖြိုးသည်။



¤ ပုထိုးစေတီ
ဝေဝေစီရင်း
နေရီညနေ
ရှုခင်းတွေရယ်
လေပြည် ကစား
တောင်ထိပ်ဖျားမှာ
ပွားများ တရား
ကုသိုလ်များလည်း
ရသေးသည်။



¤ ဝန်းရံတောင်တွေ
စိမ်းစိုစေရင်း
ရေမြေအလှ
ဤဒေသရယ်
မမှီလေမို့
ကိုယ်လေခြယ်သ
ပန်းချီလှကို ဆွဲမိသည်။



¤ မောရှမ်းဒေသ
ဟိုပန်ကရယ်
လှပတောတန်း
ရာဘာလမ်းနဲ့
အေးချမ်းစည်ကား
နေ့ရက်များကို
ဖိတ်ကြားအဆွေ
လာခဲ့လေ။ ။



‘ဝ’ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အာမှတ်ဒါရ



# လေ့လာခဲ့ဖူးတဲ့ သင်ခန်းစာတစ်ခု

**မျိုးကြီး**

ဒေါက်တာသန်းထွန်းကတော့ သမိုင်းကို မအောင်သင်တာလို့ပြောပါတယ်။ တောင်ကိုရီးယားနိုင်ငံရဲ့ သစ်တောပြုန်းတီးခဲ့တဲ့ ဖြစ်စဉ်မှာ စိတ်ဝင်စားဖွယ်၊ သင်ခန်းစာယူဖွယ်ကောင်းနေတာကိုတွေ့ရပါတယ်။ သူတို့လည်း ကျွန်တော်တို့နိုင်ငံလိုပဲ ရင်ဆိုင်ခဲ့ရဖူးပါတယ်။

အဲဒီသမိုင်းကို လေ့လာလျှင် အပိုင်း(၅)ပိုင်း ခွဲပြီးတွေ့ရပါတယ်။

၁. History of forest devastation in Korea
၂. Leadership of President and government
၃. Major policies of reforestation
၄. Importance of fuel wood forest establishment
၅. Roles of Saemaul Movement and Forestry Co-operatives ဆိုပြီးတွေ့ရပါတယ်။

## ၁။ History of forest devastation in Korea
## သစ်တောပြုန်းတီးရခြင်း အကြောင်းရင်းများ

(က) Joseon Dynasty ခေတ်

(၁၉၁၀) ခုနှစ်မတိုင်မီ ဂျိုဆောင်ခေတ်အတွင်းမှာ သစ်တောကို အစိုးရပိုင်အဖြစ်သတ်မှတ်ပါတယ်။ အများပြည်သူတွေအတွက် သစ်တောထွက်ပစ္စည်းထုတ်ယူသုံးစွဲခွင့်ပြုထားခဲ့တယ်။ ထိုအချိန်က တစ်နိုင်ငံလုံး လူဦးရေသန်း(၂၀)ရှိပြီး ရာသီဥတုကလည်းအရမ်းအေးတဲ့အတွက် အပူစွမ်းအင်ရရှိဖို့တစ်ခုတည်းသော စွမ်းအင်အရင်းအမြစ်ဖြစ်တဲ့ သစ်တောကရတဲ့ထင်းလောင်စာကိုပဲ အားကိုးနေရတဲ့အချိန်ဖြစ်ပါတယ်။ အကျိုးဆက်အနေနဲ့ ကျေးရွာတွေနဲ့နီးတဲ့သစ်တောတွေပြုန်းတီးကုန်ပါတယ်။ ဒါကြောင့်အစိုးရရဲ့ပေါ်လစီမှာ အချို့သော သစ်တောဧရိယာများကို ပြည်သူများ လုံးဝဝင်ရောက်ခွင့်မရှိအောင် ပိတ်ပင်တားဆီးထားပါတယ်။ ထင်းရှူးတောတွေကို လုံးဝကာကွယ်ထားပြီး နန်းတော်ဆောက်ဖို့၊ သင်္ဘောတွေဆောက်ဖို့၊ ဘုရားကျောင်းတွေဆောက်ဖို့နဲ့ အစိုးရအဆောက်အဦတွေဆောက်ဖို့ လိုအပ်တဲ့သစ်တွေကိုသာ ထုတ်ယူသုံးစွဲခွင့်ရှိပါတယ်။

(ခ) Japanese Occupation (၁၉၁၀–၁၉၄၅)

ဂျပန်ကိုလိုနီဘဝမှာ မန်ချူးရီးယားရှိဆောက်လုပ်ရေးလုပ်ငန်းများအတွက် လိုအပ်သောသစ်ထုတ်ယူခြင်းလုပ်ငန်းကို တရုတ်နိုင်ငံနှင့်နယ်နိမိတ်ချင်းဆက်နေသော Yalu River ဝန်းကျင်မှ လုံးဝမထိမတို့ရသေးတဲ့ သစ်တောတွေကနေ အကြီးအကျယ်ထုတ်ယူပြီး တင်ပို့ပါတယ်။ ဒါ့အပြင် Gyeongbuk Province မှာရှိတဲ့ Uljin နဲ့ Bonghwa ရှိ ထင်းရှူးတောတွေကနေ ထင်းရှူးသစ်တွေကို အလွန်အကျွံထုတ်ယူတင်ပို့ခဲ့ကြပါတယ်။

ဂျပန်အုပ်ချုပ်မှုကာလမှာ ကျေးရွာတွေနဲ့အနီးအနားဝန်းကျင်မှာတော့ အစိုးရရဲ့အစီအစဉ်နဲ့ ထင်းလောင်စာအတွက် ထင်းစိုက်ခင်းများတည်ထောင်ပေးခဲ့ကြပါတယ်။ (၁၉၃၀) နှစ်များဆီမှာတော့ သစ်ထုတ်ယူလို့ ပျက်စီးပြုန်းတီးသွားပြီး ပြောင်သလင်းခါသွားတဲ့ တောင်ကတုံးတွေမှာ ဂျပန်အစိုးရကနေပြီး မြေဆီလွှာတိုက်စားမှုကာကွယ်ထိန်းသိမ်းရေးအစီအစဉ်တွေကို စတင်အကောင်အထည်ဖော်ခဲ့ပါတယ်။

(ဂ) After liberation from Japan in 1945 and during Korean War(1950-1953):

ကိုရီးယားနိုင်ငံရဲ့ သမိုင်းတစ်လျှောက်လုံးမှာ သစ်တောများ ပျက်စီးပြုန်းတီးမှုအများဆုံးကာလကတော့ ဂျပန်လက်အောက်က လွတ်မြောက်လာတဲ့ (၁၉၄၅) ခုနှစ်နောက်ပိုင်းကာလဖြစ်ပါတယ်။ ပျက်စီးရခြင်းအကြောင်းရင်းကတော့ မြောက်ကိုရီးယားနဲ့ တောင်ကိုရီးယားအကြား (၁၉၅၀–၁၉၅၃) ခုနှစ်တွေမှာ (၃)နှစ်ကြာဖြစ်ပွားတဲ့ ကိုရီးယားစစ်ဒဏ်ကြောင့် ဖြစ်ပါတယ်။

## ၂။ Leadership of President and government

တောင်ကိုရီးယားနိုင်ငံရဲ့ သစ်တောသမိုင်းကို လေ့လာကြည့်ရင် သမ္မတ Syng Man Rhee လက်ထက်ကာလမှာ ဆောင်ရွက်ခဲ့မှုများဟာ အောင်မြင်မှုမရခဲ့ဘဲ Chung Hee Park လက်ထက်မှာတော့ အရမ်းကိုအောင်မြင်ခဲ့ပါတယ်။ ဘယ်လောက်တောင် အောင်မြင်ခဲ့သလဲဆိုတော့

UN FAO Report နဲ့ Mr. Lester Brown ရဲ့စာအုပ်မှာ အောက်ပါအတိုင်းချီးကျူးထားတာကိုတွေ့နိုင်ပါတယ်။

UN FAO Report in 1982:

"Korea is the only developing country in the world that has succeeded in reforestation after the Second World War" Mr. Lester Brown, Director of Earth Policy Institute in his book, "Plan B 2.0" (2006)"South Korea is in many ways a reforestation model for the rest of the world"

**(က) President Syng Man Rhee (၁၉၄၈–၁၉၆၀)**

သမ္မတ Syng Man Hhee ကတော့ တောင်ကိုရီးယားသမ္မတနိုင်ငံရဲ့သမ္မတအဖြစ် (၁၉၄၈–၁၉၆၀) ထိ တာဝန်ယူအုပ်ချုပ်ခဲ့ပါတယ်။ သူတာဝန်ယူအုပ်ချုပ်ခဲ့စဉ်မှာ သစ်တောပြန်လည်ထူထောင်ရေးအတွက် 1.05million ha မှာ အပင်ပေါင်း 2.8 billion အထိ စိုက်ပျိုးခဲ့ပါတယ်။ ဒါပေမယ့် မအောင်မြင်ခဲ့ပါဘူး။

မအောင်မြင်ရခြင်းရဲ့ အဓိကအကြောင်းရင်းကတော့ (၃)မျိုးရှိတယ်လို့ မှတ်သားရပါတယ်။ အဲဒါတွေကတော့–

(၁) lack of government will

(၂) system

(၃)budget လို့ဆိုပါတယ်။

ဒီသမ္မတရဲ့သက်တမ်းအတွင်းမှာ ကိုရီးယားကျွန်းဆွယ်စစ်ပွဲ(၃)နှစ်ဖြစ်ခဲ့တာကလည်း သစ်တောပြုန်းတီးခြင်းရဲ့အချက်တစ်ခုအနေနဲ့ ရှိနေနိုင်ပါတယ်။ တောင်ကိုရီးယားမှာ တစ်နိုင်ငံလုံးလူထုလှုပ်ရှားမှုနဲ့ သစ်ပင်စိုက်ကြဖို့ (၁၉၄၆)ခုနှစ်မှာကတည်းက Arbor Day အဖြစ် တရားဝင်သတ်မှတ်ကြေညာခဲ့ပြီးဖြစ်ပါတယ်။ ကမ္ဘာပေါ်မှာ ပထမဆုံး Arbor Day ကိုတော့ (၁၈၇၂) မှာ Nebraska, USA မှာ သတ်မှတ်ခဲ့ပါတယ်။ (၁၉၅၀) ခုနှစ်မှာ ကိုရီးယားစစ်ပွဲဖြစ်ပွားလာပြီး သစ်တောများကာကွယ်ထိန်းသိမ်းရေးနဲ့ သစ်တောပြန်လည်တည်ထောင်ရေးတို့ကို အစိုးရအနေနဲ့ အားထည့်ဆောင်ရွက်နိုင်ခဲ့ခြင်း မရှိခဲ့ပါ။ သစ်တောများ ပြန်လည်တည်ထောင်ခြင်းအတွက် (၁၉၅၁) ခုနှစ်မှာ ဥပဒေ(၁)ခု ထုတ်ပြန်နိုင်ခဲ့ပါတယ်။ Temporary Forest Protection Act ဖြစ်ပါတယ်။

ဒီအစိုးရလက်ထက်မှာ နှစ်အလိုက်သစ်တော ပြန်လည်ထူထောင်ရေးစီမံကိန်း(၅)ခု ရေးဆွဲအကောင်အထည်ဖော်ဆောင်ရွက်ခဲ့တာကိုအောက်ပါအတိုင်းတွေ့ရှိရပါတယ်။

1952: Three-Year Reforestation Plan

1953: Five-Year Erosion Control Plan

1954: Second Ten-Year Private Forest Reforestation Plan

1958: Ten-Year Upstream Soil Conservation Plan

1959: Five-Year Fuel Wood Forest Establishment Plan

ဘာပဲပြောပြော အထက်ဖော်ပြပါ အကြောင်းရင်း (၃)ရပ်ကြောင့် ဒီစီမံကိန်းများ မအောင်မြင်ခဲ့ဘူးလို့ သုံးသပ်ကြပါတယ်။ အဲဒီလို မအောင်မြင်တဲ့အကြောင်းရင်းတွေကို တိတိပပ သုံးသပ်နိုင်ခဲ့တာကိုက လေးစားအထင်ကြီးစရာဖြစ်သလို နောင်ဆောင်ရွက်မည့်စီမံကိန်းများအတွက် သင်ခန်းစာကောင်းရရှိခဲ့တာက အဖိုးမဖြတ်နိုင်အောင် တန်ဖိုးကြီးမားလှပါတယ်။

**(ခ) President Park Chung Hee Park (1961-1979)**

(၁၉၆၁) ခုနှစ်မှာတော့ ကိုရီးယားနိုင်ငံရဲ့ နိုင်ငံရေးအလှည့်အပြောင်းကာလလို့ ဆိုနိုင်ပါတယ်။ သမ္မတကတော့ ပက်ချုံဟီးဖြစ်ပါတယ်။ သူကတော့ နိုင်ငံရဲ့စီးပွားရေးနဲ့ သစ်တောရေးရာကဏ္ဍကို အထူးစိတ်ဝင်စားသူဖြစ်ပါတယ်။

သမ္မတ ပက်ချုံဟီးအစိုးရတက်လာခဲ့ချိန်မှာ ပြုပြင်ပြောင်းလဲရေးအတွက် အောက်ပါအချက်(၅)ချက်ကို အမြစ်ပါ လှန်ပစ်မယ်လို့ကြုံးဝါးပြီး တက်လာပါတယ်။ တကယ်လည်း ထိထိရောက်ရောက် အရေးယူဆောင်ရွက်နိုင်ခဲ့တာကို တွေ့ရပါတယ်။

၁။ Smuggling (မှောင်ခိုကုန်သွင်း/ကုန်ထုတ်လုပ်ငန်းများ)

၂။ Narcotics (မူးယစ်ဆေးဝါးပြဿနာ)

၃။ Illegal timber harvesting (တရားမဝင်သစ်နိုးထုတ်ခြင်း) (government's will for forest protection)

၄။ Gangster (အကြမ်းဖက်လူဆိုးဂိုဏ်းများ)

၅။ Quasi-reporter (အယောင်ဆောင်သတင်းသမား၊ မဟုတ်မမှန်သတင်းထုတ်ပြန်သူ)

**President Park လက်ထက်တွင် ဆောင်ရွက်ခဲ့မှုအကျဉ်းချုပ်**

Ten major projects by President Park (1961-1979) for successful reforestation

၁။ Fuel wood plantation establishment

၂။ Erosion Control Plan

၃။ First 10-year Reforestation Plan

၄။ Slash and Burn Regulation

၅။ Chestnut plantation

၆။ Cultural heritage and surrounding forest protection

၇။ National park system (current 20 parks)
၈။ Greenbelt system around major cities
၉။ Landscape planting in cultural heritages
၁၀။ Nature Conservation Movement
ဘာကြောင့် အောင်မြင်ခဲ့သလဲ

## Major factors for successful reforestation

၁။ Strong leadership of President Park: High motivation and enthusiasm, continuous interest and support
၂။ Strong leadership of government (Ministry of Home Affairs and Forest Service): Efficient implementation of 10-Year-Reforestation Plan.
၃။ Forestry Officials: Willingness to serve for government with strong encouragement by President Park.
၄။ Village farmers: Participation with spirit of "Saemaul Movement"
၅။ Social Environment: Cheap and abundant labor, supplementary coal supply for fuel, minimum forest damages with decreasing population.

## ၃။ Major policies of reforestation

သစ်တောပြန်လည်ထူထောင်ရေးအတွက် အရေးတကြီးလိုအပ်နေတဲ့ ပေါ်လစီပိုင်းဆိုင်ရာများရေးဆွဲအကောင်အထည်ဖော်နိုင်မှုရှိ/မရှိကလည်း အထူးအရေးပါတဲ့ကိစ္စဖြစ်ပါတယ်။ President Park လက်ထက်မှာ အောက်ပါပေါ်လစီများကို ချမှတ်ဆောင်ရွက်ခဲ့ပါတယ်။ ဥပဒေများရေးဆွဲထုတ်ပြန်နိုင်ခဲ့သလို ဥပဒေစိုးမိုးရေးကိုလည်း ထိထိရောက်ရောက်ဆောင်ရွက်နိုင်ခဲ့ခြင်းက President Park လက်ထက်လုပ်ငန်းများအောင်မြင်ရခြင်း၏ အဓိက သော့ချက်တစ်ခုဖြစ်ပါသည်။

**(May 20, 1961)**

(၁) Requisition order for Private forest – ပုဂ္ဂလိက သစ်တောတည်ထောင်ခွင့်တရားဝင်အမိန့်ထုတ်ပြန်ခြင်း၊
(၂) Mandatory establishment of 0.5ha fuelwood plantation per family – မိသားစုတိုင်း ထင်းစိုက်ခင်း (၀.၅ဟက်တာ)ကို မစိုက်မနေရ အမိန့်ထုတ်ပြန်ခြင်း၊

**(June, 1961)**

Forest Products Regulation Act

ဒီ Regulation ကို အစိုးရ တက်လာပြီး တစ်လအတွင်း ထုတ်ပြန်ခဲ့တာပါ။ 'D Regulation အရ သစ်ထုတ်လုပ်မှုကို လုံးဝရပ်ဆိုင်းလိုက်တယ်။ ကျောက်မီးသွေးမိုင်းဒေါက်တိုင်ထုတ်လုပ်မှုကိုသာ သစ်ထုတ်မှုရပ်ဆိုင်းထားခြင်းမှ တစ်စိတ်တစ်ပိုင်းအနေနဲ့ (၃)လ သာခွင့်ပြုခဲ့ပါတယ်။ သစ်ထုတ်ခွင့်ပါမစ်ထုတ်ပေးခြင်းကို တင်းကျပ်စွာတားမြစ်ပါတယ်။

ဒေသတွင်းရှိ မီးရထားဘူတာတွေမှာ တရားမဝင်သစ်ဖမ်းဆီးရေးလုပ်ငန်းများကို အားထည့်ဆောင်ရွက်ပါတယ်။ တရားမဝင်သစ် ခိုးထုတ်မှုများကို တင်းတင်းကျပ်ကျပ်ဖေါ်ထုတ်အရေးယူနှိမ်နင်းခဲ့ပါတယ်။

**( Dec. 27, 1961)**

Forest Law

ကိုရီးယားနိုင်ငံသမိုင်းမှာ (၁၉၄၅)ခုနှစ်နောက်ပိုင်း ပထမဆုံးထုတ်ပြန်တဲ့ သစ်တောဥပဒေဖြစ်ပါတယ်။ လက်ရှိသုံးစွဲနေတဲ့သစ်တောဥပဒေရဲ့ Mother Law ဖြစ်ပါတယ်။ စတုတ္ထအကြိမ်မြောက်ထုတ်ပြန်တဲ့ဥပဒေဖြစ်ပြီး ဒီဥပဒေမတိုင်မီ ထုတ်ပြန်ခဲ့တဲ့ဥပဒေတွေကတော့–
(၁)Anti-communist Law – (မြောက်ကိုရီးယားကို ဆန့်ကျင်ရန်)
(၂) Industry Standard Law–( ပြည်ပပို့ကုန်စံ သတ်မှတ်ရန်နှင့် မြှင့်တင်ရန်)
(၃) Export Association Law – (နိုင်ငံတကာဈေးကွက်နဲ့ ရင်းနှီးကျွမ်းဝင်မှုရှိစေရန်)

**(January 15, 1962)**

Erosion Control Act

မြေဆီလွှာထိန်းသိမ်းရေးဥပဒေကတော့ နောက်ဆုံးထုတ်ပြန်ခဲ့တဲ့ဥပဒေဖြစ်ပါတယ်။ တောင်ကိုရီးယားနိုင်ငံဟာ တောင်ကုန်းတောင်တန်းထူထပ်သည့်နိုင်ငံဖြစ်ပြီး ထိုစဉ်ကာလက အဆိုပါတောင်ကုန်းတောင်တန်းများမှာ တောင်ကတုံးများဖြစ်နေပါပြီ။ အကျိုးဆက်ကြောင့် မြေဆီလွှာတိုက်စားခြင်း၊ လယ်ကွင်းများ သဲနုန်းဖုံးလွှမ်းပျက်စီးခြင်း၊ ရေကြီးရေလျှံခြင်းစတဲ့ သဘာဝဘေးဒဏ်များ ခံစားနေရတဲ့အချိန်ဖြစ်တဲ့အတွက် ဒီဥပဒေကို ပြဋ္ဌာန်းခဲ့ခြင်းဖြစ်ပါတယ်။

**(February, 1963)**

Temporary Act of Forest Reclamation

(၁၉၆၃) ဖေဖေါ်ဝါရီလမှာ သမ္မတဟာ ပက်ချုံဟီးဖြစ်ပါတယ်။ ဒီဥပဒေအရ တောင်ကိုရီးယားနိုင်ငံသားတိုင်း မြေဆီလွှာထိန်းသိမ်းရေးလုပ်ငန်းမှာ အလုပ်သမားအဖြစ် မလုပ်မနေရ တရားဝင်သတ်မှတ်ပြဋ္ဌာန်းပါတယ်။ အသက်(၂၉–၃၃)နှစ်ရှိတဲ့ အမျိုးသားတိုင်း သစ်တောတည်ထောင်

ရေးအသင်းမှာပါဝင်ရမယ်လို့သတ်မှတ်ပါတယ်။ အလုပ်သမားအများစုကတော့ black locus ( Robinia pseudoacacia)သစ်ပင်စိုက်ပျိုးခြင်းလုပ်ငန်းမှာ ဆောင်ရွက်ရပါတယ်။

တောင်ကိုရီးယားနိုင်ငံမှာ ထိုစဉ်ကာလထဲက စစ်မှုမထမ်းမနေရဥပဒေအရ စစ်မှု(၃)နှစ်ထမ်းဆောင်ရပါတယ်။ သစ်ပင်(၂)နှစ်စိုက်ပါက စစ်မှု(၃)နှစ် ထမ်းဆောင်ရန်မလိုပါလို့လည်း ပြဌာန်းထားပါတယ်။

## ၄။ Importance of fuel wood forest establishment

မိသားစုတိုင်းထင်းစိုက်ခင်း (၀.၅)ဟက်တာ တည်ထောင်ရမည်လို့ အမိန့်ထုတ်ပြန်၍ ထင်းစိုက်ခင်းများ တည်ထောင်ခဲ့ပါတယ်။ အရေးအကြီးဆုံးပရောဂျက်တစ်ခုဖြစ်ပါတယ်။ ထင်းစိုက်ခင်းအတွက် သစ်မျိုးရွေးချယ်ရာမှာ black locus ( Robinia pseudoacacia) သစ်မျိုးကို ရွေးချယ်စိုက်ပျိုးစေခဲ့ပါတယ်။ black locus ( Robinia pseudoacacia) သစ်မျိုးကို အမေရိကန်နိုင်ငံမှ ၁၈၉၈ ခုနှစ်မှာ စတင်တင်သွင်းလာခဲ့ခြင်း ဖြစ်ပါတယ်။ ကျွမ်းကျင်သူ သစ်တောပညာရှင်တွေကတော့ black locus သစ်မျိုးကို ထင်းစိုက်ခင်းအတွက် ရွေးချယ်ရခြင်းအကြောင်းရင်းကို ခုလိုမှတ်ချက်ပြုပါတယ်။ black locus သစ်မျိုးသည် အမြစ်ကနေ နိုက်ထရိုဂျင်စုပ်ယူထိန်းသိမ်းနိုင်လို့ မြေဆီလွှာညံ့ဖျင်းတဲ့နေရာတွေမှာ စိုက်သင့်ပါကြောင်း၊ မြေဆီလွှာရဲ့အရည်အသွေးကိုလည်း တိုးတက်ကောင်းမွန်စေကြောင်း၊ အမြစ်ဖွဲ့စည်းပုံကြီးမားလို့ မြေဆီလွှာတိုက်စားတဲ့ ဧရိယာတွေမှာစိုက်ပျိုးထားရင် မြေဆီလွှာကိုကောင်းမွန်စွာ ကုပ်တွယ်ထိန်းသိမ်းထားနိုင်ကြောင်း၊ သစ်မာမျိုးဖြစ်ကြောင်း မှတ်ချက်ပြုကြပါသည်။

(က) black locus သစ်မျိုးစိုက်ပျိုးခြင်းဖြင့်ရရှိနိုင်မည့် အကျိုးကျေးဇူးများ

(၁) ကြီးထွားမှုနှုန်းမြန်ခြင်းကြောင့် ဒေသခံများအတွက် ထင်းလောင်စာရရှိလွယ်ပြီး သစ်တောပြန်လည် ဖုံးလွှမ်းမှုကောင်းမွန်ခြင်း၊ ၎င်းတက်ထွက်နှုန်းကောင်းမွန်ခြင်း၊

(၂) အရွက်များကို ဆိတ်၊နွားစာအဖြစ် ကျွေးမွေးနိုင်ခြင်း၊

(၃) ပန်းပွင့်တဲ့ရာသီတွင် ပျားရည်ထုတ်လုပ်နိုင်ခြင်းကြောင့် ဒေသခံများဝင်ငွေကောင်းစွာရရှိခြင်း၊

(၄) ပန်းပွင့်မှအလှကုန်နှင့် ရေမွှေးများထုတ်လုပ်နိုင်ခြင်း၊

(၅) သစ်မာမျိုးဖြစ်၍ ခြံစည်းရိုးတိုင်၊ ကြမ်းခင်း၊ ခုံတန်းများနှင့် လယ်သမားသုံးကိရိယာများ ပြုလုပ်နိုင်ခြင်း စသည်တို့ ဖြစ်ပါသည်။

သစ်တောထင်းစိုက်ခင်းများ တည်ထောင်ရာတွင် ကျေးရွာအလိုက်ဖွဲ့စည်းထားသည့် ဆယ်မာအူး ( Saemaul Movement) အဖွဲ့များ၏ လှုပ်ရှားမှုဖြင့် အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့ကြပါသည်။



Joseon Dynasty ခေတ်





Japanese Occupation
(၁၉၁၀-၁၉၄၅)



After liberation from japan in 1945 and during Korean War (1950-1953): The most devastated forests in korean history(photo: 1950's)



Barren hills in 1935: Erosion control in Geochang, Gyeongnam Province



Barren mountains in 1930's: Erosion control initiated by Japanese

## ၅။ Roles of Saemaul Movement and Forestry Cooperatives

ဆယ်မာအူးအဖွဲ့ဆိုသည်မှာ ကိုရီးယားနိုင်ငံ ကျေးလက်ဒေသဖွံ့ဖြိုးမှု၏ စံနမူနာပြပုံစံဖြစ်ပါသည်။ ဆယ်မာအူဖြစ်ပေါ်လာပုံမှာ ကိုရီးယားကျေးလက်ဖွံ့ဖြိုးမှုအတွက် ပြုပြင်ပြောင်းလဲရေးများဆောင်ရွက်ရန် President Park Chung-Hee ၏ စိတ်ကူးအကြံပင်ဖြစ်ပါသည်။ President Park Chung-Hee က 'ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်မှုမရှိလျှင် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရန် မဖြစ်နိုင်' ဟု ပြောခဲ့သည်။ ထို့ကြောင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်စေရန်အတွက်ဆယ်မာအူးလှုပ်ရှားမှုကို ဆောင်ရွက်စေခြင်းဖြစ်ပါသည်။ ကိုရီးယားနိုင်ငံ ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပိုမိုကောင်းမွန်တဲ့ဘဝရရှိရန် ဆောင်ရွက်ရမည့် ပြုပြင်ပြောင်းလဲရေးအချက် (၃)ချက်ကို ရွေးချယ်ဆောင်ရွက်ခဲ့ပါသည်။ ၎င်းတို့မှာ –

(၁)ကျေးလက်ပြည်သူများ၏စိတ်ဓာတ်ပြုပြင်ပြောင်းလဲရေး

(၂)သီအိုရီသဘောတရားထက်လက်တွေ့ကျသော လှုပ်ရှားမှုများ ပေါ်ပေါက်ရေး

(၃)ဖြတ်သန်းခဲ့ရသည့်အတွေ့အကြုံများမှ ငါ–လုပ်နိုင်တယ်ဆိုတဲ့အကောင်းမြင်ဝါဒထွန်းကားရေးတို့ ဖြစ်ပါသည်။

(က)ဆယ်မာအူးဝိညာဉ် SAEMAUL Spirit

ဆယ်မာအူးကျေးရွာသစ်လှုပ်ရှားမှုကို ဦးဆောင်သည့်စိတ်ဓာတ်မှာ–

(၁) Diligence လုံ့လဝီရိယရှိမှု

တိုးတက်ချင်လျှင် လုံ့လဝီရိယရှိရမည်။ ဆိုရိုးစကားတစ်ခုရှိသည်။ "The early bird gets the worm" တဲ့။ နောက်အဆိုတစ်ခုမှာ "Big fortune is blessed by heaven, but small fortune comes from hard work"တဲ့။ ဗိုလ်ချုပ်အောင်ဆန်းပြောခဲ့သလို ပြအောင်လုပ်နိုင်မှ သူများနိုင်ငံနဲ့ ရင်ဘောင်တန်းနိုင်မည်။ ကျွန်တော်တို့ မကြိုးစားဘဲ ဘာမှဖြစ်မလာနိုင်ပေ။ ဒါကြောင့်လည်း President Park Chung-Hee က သူ့နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် သူ့နိုင်ငံသားများလုံ့လဝီရိယဖြင့် ကြိုးပမ်းစေခြင်းဖြစ်ပါသည်။

(၂) Self-help ကိုယ့်ကိုယ်ကို အားကိုးမှု

ဆိုရိုးစကားရှိသည်။ "Heaven helps those who help themselves" ကိုယ့်အားကိုယ်ကိုးတဲ့သူတွေအတွက်သာ ကောင်းကင်ဘုံက ကူညီသည်တဲ့။ ပဒေသာပင် မြေက မပေါက်သော်လည်း ကိုယ့်အားကိုယ်ကိုးသူအတွက် ပဒေသာပင်ပေါက်လာပါမည်။ အခြားသူကို အားကိုးလိုခြင်းသည် အချောင်စိတ်ဖြစ်သည်။ အချောင်စိတ်ဖြင့် တိုးတက်မှုကိုမရနိုင်ပေ။ ထို့ကြောင့် တိုးတက်လိုလျှင် မိမိကိုယ်ကိုယ်အားကိုးပါ။ အဲဒီစိတ်ဓာတ်ကို မွေးမြူပြီး ကြိုးပမ်းပါ။ မြင်းတစ်ကောင်ကို ရေရှိရာသို့ ဦးဆောင်ခေါ်သွားနိုင်သော်လည်း ရေသောက်အောင်တော့ မလုပ်နိုင်ဆိုသကဲ့သို့ပင်။

(၃) Cooperation ပူးပေါင်းဆောင်ရွက်မှု

"Two heads are better than one " ဒါကတော့သေချာသည်။ ပူးပေါင်းဆောင်ရွက်မှုမရှိဘဲ မည်သည့်လုပ်ငန်းမျှ အထမမြောက်နိုင်။ မပြီးစီးနိုင်။ ပေါင်းစည်းခြင်းသည် အင်အားဖြစ်သည်။ တစ်ယောက်အားဖြင့်ယူသော်မရ၊ တစ်သောင်းအားဖြင့်ယူသော်ရ၏ဟု ဆိုကြသည်။ ထို့ကြောင့် ကိုရီးယားနိုင်ငံသားများ တိုးတက်ချင်လျှင် ပူးပေါင်းဆောင်ရွက်ကြရမည် ဖြစ်ပေသည်။

ယနေ့ မြန်မာနိုင်ငံတွင် ဆယ်မာအူးကျေးရွာသစ်စီမံကိန်းများကို စိုက်ပျိုးရေးဦးစီးဌာနနှင့် KOICA အဖွဲ့ ပူးပေါင်းဆောင်ရွက်လျက်ရှိပါသည်။ ကျေးရွာသစ်လှုပ်ရှားမှုများစီမံကိန်းများကို လည်းကူးစိုက်ပျိုးရေးသင်တန်းကျောင်းတွင် သက်ဆိုင်ရာကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်ရေးရွာရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်လိုသူများကိုသင်တန်းများပေးခြင်း၊ ကျေးရွာသစ်စီမံကိန်းများ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းများ ဆောင်ရွက်လျက်ရှိကြောင်း ကြားသိရပါသည်။

(တစ်ခု ဝမ်းနည်းဖွယ်ကောင်းသည်မှာ– ကိုရီးယားနိုင်ငံ၏ ဆယ်မာအူးလ်စီမံကိန်းတွင် သစ်တောပြန်လည်တည်ထောင်ခြင်းလုပ်ငန်းများကို အခန်းကဏ္ဍတစ်ခုအဖြစ်ထည့်သွင်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ပြီး အောင်မြင်မှုများရရှိခဲ့သည် မှန်သော်လည်း၊ မြန်မာဆယ်မာအူးလ်အဖွဲ့များတွင် သစ်တောပြန်လည်တည်ထောင်ရေးကို ထည့်သွင်းခဲ့မှုလုံးဝမရှိခြင်းဖြစ်ပေသည်။

သို့သော် သတင်းကောင်းတစ်ခုလည်း ရှိနေပြန်ပါသေးသည်။ ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီတွင် ကိုရီးယားနိုင်ငံ AFoCO မှ သင်တန်းကျောင်းတစ်ခု တည်ဆောက်ထားပြီး သင်တန်းကျောင်း ဆောက်လုပ်ရခြင်း၏ ရည်ရွယ်ချက်ကို တရားဝင်မသိရသော်လည်း မှန်းဆရမည်ဆိုလျှင် မြန်မာ – တောင်ကိုရီးယားသစ်တောကဏ္ဍ ပူးပေါင်းဆောင်ရွက်ရေးအတွက် ကောင်းမွန်သောခြေလှမ်းတစ်ရပ်ဟု ရှုမြင်မိပါသည်။

**Credit**; Successful Reforestation in Korea (2013) by Prof. Emeritus

Kyung Joon Lee

Dept. of Forest Resources

Seoul National University

# An Old Forester Looks Back. Fourteen – Introduction of Vetiver Grass Technology (VGT) in Myanmar

By

U Sein Thet, B.Sc (For), M.Sc (ANU), MIFA.

Director (Retired), Ex-Chairman, FREDA.

Project MYA/96/007 – Environmentally Sustainable Food Security and Micro-income Opportunities in Critical Watersheds (Southern Shan State) was one of some ten projects assisted to the disadvantaged in the Union of Myanmar (Myanmar) by the United Nations Development Programme (UNDP) through Human Development Initiatives (HDI) at "Grass Root" level.

The project was concentrating its efforts in five of the twenty-one townships in Southern Shan State; the areas and the populations which were as follows: -

| Township | Area (Sq – miles) | Population (1983) |
|---|---|---|
| Kalaw | 553.00 | 112392 |
| Nyaungshwe | 553.00 | 135606 |
| Pindaya | 233.50 | 56598 |
| Pinlaung | 1295.60 | 118126 |
| Ywangan | 1017.90 | 56832 |
| Total | 3653.00 | 479554 |

There are four major watersheds in the project five townships and these have a major influence on the economic circumstance of the townships. They are as follows: -

| Township | Inle | Kinda | Paunglaung | Zawgyi |
|---|---|---|---|---|
| Kalaw | 441.70 | 76.10 | 11.20 | 23.80 |
| Nyaungshwe | 553.00 | - | - | - |
| Pindaya | 72.60 | 6.80 | - | 154.10 |
| Pinlaung | 406.40 | - | 889.20 | - |
| Ywangan | 12.00 | 432.30 | - | 573.60 |
| Total (Sq – miles) | 1485.70 | 515.20 | 900.40 | 751.50 |

The Project commenced in mid-1996 and is being executed by the Food and Agriculture Organization (FAO) in cooperation with Forest Department (FD). The Project document set down five primary objectives and "Strengthen access to critical environmental protection, food security and income generation inputs and services" was one. The project envisages that sustainable livelihood could be assured only if environmental stability and food security could be achieved by the people for the people. So, to assist the local communities to strengthening their capacity to manage natural resources leading to environmentally sustainable livelihoods, and to initiate erosion control/bio-engineering development in the project area; the Author was assigned as a local consultant, Erosion Control/Bio- engineering was assigned for a period of two months (15.05.99 to 15.07.99) by the project MYA/96/007.

After discussion with Chief Technical Advisor, Mr. Kumar P. Upadhyay, the consultant has to give priority on: -

- Ø Vetiver Grass Introduction Project,
- Ø Pindaya Township, Kyauksu Gully Control Plan, and
- Ø Suggestion on Gully Control activities of Thegone area, Kalaw Township

**Vetiver Grass Project**

On the request of HDI-E Watershed Project (MYA/96/007) through FAOR Office, Bangkok, three members Vetiver Grass Introduction Mission form Thailand, visited Myanmar form 12 June 1999 to 19 June 1999, for introduction of Vetiver Grass Technology (VGT). The Author was assigned as counterpart to the mission by CTA and involved in the following activities: -

- Ø Delivery of Vetiver Grass Plantlets from Maesai, Thailand to Taunglaylone Nursery, (Taunggyi Township) of the project.
- Ø Distribution of Vetiver plantlets to the five

project townships for planting out and propagation and multiplication.

- Ø One day Vetiver Grass Technology Training and demonstration at Taunglaylone Nursery and demonstration of planting at five project townships.
- Ø Trial planting at Taunglaylone Nursery according to the instruction of the Mission.

The Author involved about 5-week days in Vetiver Project, and separate report on Vetiver project and work diary had submitted. At Vetiver Grass Technology Training and demonstration at Taunglaylone Nursery, included: -

- Ø Introduction Remark of CTA, MYA/96/007 and Three Thai members of Vetiver Grass Mission at Vetiver Grass Training
- Ø UNDP, ARR shown up as observer and 25 Senior Project Officials participated Vetiver Grass Training at Taunglaylone on 14.06.99
- Ø Demonstration and Discussion on Vetiver Grass Introduction at Taunglaylone on 14.06.99

According to Vetiver Grass Mission and CTA advice, consultant also organized trial planting of (Tha-le) paper mulberry (Broussometia papyrifera) at swampy area of Pokhinkone, Chaungpaid Kan and Chaungpaid Taung.

As an output of the project, the following successed were produced. Vetiver Grass Introduced successfully on Bench Terraces of Pawnu Dam, Kyone Village Tract of Pindaya Township, and FIGG Chairman of Kyone, reported that the inspected and observed that Regrowth Vetiver after browsing at Pawnu Watershed, were well established.

Based on findings as per above, as well as a review of past and ongoing project activities and available relevant documentation, the consultant (the Author) prepared and submitted an end of assignment report including detailed and concrete recommendations for a programme of action to be undertaken to initiate VGT in the project area. The report took into account the potential existing in different Townships.

## ကာတွန်းတဗ္ဗ

ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့
ဇွန်လ(၅)ရက်

**World Environment Day**



သဘာဝပတ်ဝန်းကျင်
ထိန်းသိမ်းရေးကို
လူအများ အလေးထား
ပါဝင်လာအောင်
လှုံ့ဆော်တဲ့နေ့။



မိမိကြောင့် သဘာဝပတ်ဝန်းကျင်
မထိခိုက်ဘူးဆိုတာ သေချာအောင်လုပ်ပါ။



သဘာဝဟာ
အခြားမည်သည့်စက်ထက်မဆို ပြည့်စုံတဲ့
စက်ယန္တရားကြီးပါ။



လူတွေရဲ့နေထိုင်မှုပုံစံ တိုးတက်မှုက
ကမ္ဘာကြီးကို ဖျက်ဆီးသလိုဖြစ်နေတယ်။



သဘာဝတရားဟာ သူ့အလုပ်ကို သူ
လုပ်နေတာ
လူတွေက ကူညီပေးလိုက်ပါ။




ဒီနေ့ ကမ္ဘာကြီးမှာ သန့်ရှင်းပြီး
ဘေးကင်းတဲ့အရာ သိပ်ရှားသွားပြီ။

*APK*



# တမာပင်(တမာခါးပင်)

## ဦးဟုတ်လင်း







အင်္ဂလိပ်အမည်။ Neem tree, Indian lilac, Margosa tree, Noble tree.

ရုက္ခဗေဒအမည်။ *Azadirachta indica* A.juss.

မျိုးရင်း။ Meliaceae

မျိုးစု။ Gmelina

မျိုးစိတ်။ Indica

ငှင်းမျိုးရင်းတွင်ပါဝင်သော သစ်မျိုးများမှာ-

၁။ သစ်နီပင် *Amoora cuculata.*

၂။ အောက်ချင်းစာနီပင် (ခလောင်ပင်) *Amoora wallichii.*

၃။ တောင်တမာပင် *Cedrela serrata.*

၄။ ရင်းမာပင် *Chukrasia tabularis.*

၅။ ပန်းတမာပင် *Melia azedarach.*

၆။ သစ်တိုပင် *Sandoricum koejape.*

၇။ မဟော်ဂနီပင် *Swietenia macrophylla.*

၈။ သစ်ကတိုးပင် *Toona ciliata.*

၉။ ပင်လယ်အုန်းပင် *Xylocarpus gangeticus..*

စသည်တို့ ဖြစ်ကြသည်။

ပေါက်ရောက်ခြင်း

တမာပင်သည် အိန္ဒိယ၊ သီရိလင်္ကာ၊ ပါကစ္စတန် နှင့် မြန်မာနိုင်ငံတို့ ၌ ပေါက်ရောက်ကြသည်။ အိန္ဒိယနိုင်ငံ တောင်ပိုင်းနှင့် မြန်မာနိုင်ငံ အပူပိုင်းဒေသခြောက်သွေ့သောအရပ်ဒေသများတွင် ပေါက်ရောက်စိုက်ပျိုးကြသည်။ အထူးသဖြင့် လမ်းနံဘေး အရိပ်ရသစ်ပင်အဖြစ် အများအပြား စိုက်ပျိုးကြသည်။

စာမျက်နှာ (၃၃)သို့